# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၀)


၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက် | ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်၊ အင်္ဂါနေ့၊ | အတွဲ (၅၆)၊ အမှတ်(၁၅၁)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမေရိကန်ပြည်ထောင်စု ငြိမ်းချမ်းရေး အဖွဲ့အားလက်ခံတွေ့ဆုံ

စာမျက်နှာ - ၃



# မြန်မာ့မီးရထားမှ ပုံသေနှုန်းထားကောက်ခံမည့်ပစ္စည်း(ပါဆယ်ပစ္စည်း) တန်ဆာခများကို မတ် ၁ ရက်တွင် စတင်လျှော့ချမည်

**သတင်း - မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ - မင်းထက်**

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် နိုင်ငံတစ်ဝန်းကုန်သွယ်စီးဆင်းမှု အဆင်ပြေစေရန်နှင့် လွယ်ကူစေရန် ပုံသေနှုန်းထားကောက်ခံမည့်ပစ္စည်း (ပါဆယ်ပစ္စည်း)တန်ဆာခများကို လာမည့် မတ် ၁ ရက်တွင် စတင်လျှော့ချကောက်ခံသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

"အခု ကောက်ခံနေတဲ့ ပါဆယ်တန်ဆာခက လက်ရှိခေတ်နဲ့တော့ မကိုက်ညီတော့ဘူး။ ဥပမာ TV ဆို အရင်က အလုံးကြီးတယ်။ ထိခိုက်မှာ၊ ကွဲမှာ စိုးရိမ်တော့ တန်ဆာခကို ဈေးမြင့်မြင့်ယူထားတယ်။ အခုတော့ ခေတ်ကပြောင်းသွားပြီ။ TV အပြားတွေပဲ လာတော့တယ်။ အလားတူပဲ အရင်က လက်တော့(ပ်)ကိုလည်း တန်ဆာကောက်ခဲ့တယ်။

စာမျက်နှာ ၃ ကော်လံ ၁ ❖



မန္တလေး၊ ရွှေညောင်သို့ တင်ပို့မည့်ပါဆယ်များ တွဲဆိုင်းပေါ်သို့ တင်ဆောင်နေစဉ်

# ပေ၊ ပုရပိုက်နှင့် လက်ရေးစာမူများ စုဆောင်းထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်း၍ စနစ်တကျ စုဆောင်းထိန်းသိမ်းသွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မြန်မာနိုင်ငံသည် ရှေးဟောင်း ပေ၊ ပုရပိုက်နှင့် ရိုးရာလက်ရေးစာမူများ ပေါများကြွယ်ဝသော နိုင်ငံဖြစ်သော်လည်း အဆိုပါ ရှေးမှတ်တမ်းများသည် မြန်မာနိုင်ငံအနှံ့အပြား၌ တစ်ကွဲတစ်ပြားစီ တည်ရှိနေကြသည့်အတွက် ပေ၊ ပုရပိုက်နှင့် လက်ရေးစာမူများ စုဆောင်းထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်း၍ စနစ်တကျ စုဆောင်းထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ အကွဲကွဲအပြားပြားဖြင့် တည်ရှိနေကြသော ပေ၊ ပုရပိုက်နှင့် လက်ရေးစာမူများကို တစ်နေရာတည်း၌ စုဆောင်းသိမ်းဆည်း ထိန်းသိမ်းထားရှိခြင်းဖြင့် တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းအမွေအနှစ်များ ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်နိုင်မည်ဖြစ်ရာ ပေ၊ ပုရပိုက်နှင့် လက်ရေးစာမူများကို ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ အမျိုးသားကော်မရှင်

စာမျက်နှာ ၈ ကော်လံ ၆ ✪

## ဧရာဝတီမြစ်ရေတိုးလာနိုင် ရေယာဉ်များနှင့် ကမ်းစပ်နေထိုင်သူများဂရုပြု

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ ဧရာဝတီမြစ်ရေသည် ဖေဖော်ဝါရီ ၂၅ ရက်နှင့် ၂၆ ရက်တို့က ကသာမြို့၌ နှစ်ရက်အတွင်း ခုနစ်ပေခန့် မြင့်တက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ တစ်ပေခန့် ကျဆင်းခဲ့ပြီးဖြစ်သည်။ အဆိုပါ မြစ်ရေသည် သပိတ်ကျင်းမြို့၌ နှစ်ရက်အတွင်း ငါးပေခန့်၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့၌ တစ်ရက်အတွင်း တစ်ပေမှ တစ်ပေခွဲခန့် မြင့်တက်ခဲ့ပြီးဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၆ ❄




မြန်မာ့အလင်း

# သစ်မှောင်ခိုမှုများ အမြစ်ပြတ်ဖို့လို

မိမိတို့နိုင်ငံကို မြေပေါ်မြေအောက်သဘာဝသယံဇာတများ ပေါကြွယ်ဝသောနိုင်ငံအဖြစ် မကြာခဏ ညွှန်းဆိုခဲ့ကြဖူးသော်လည်း ပြီးခဲ့သည့် ဆယ်စုနှစ်အနည်းငယ်ခန့်မှစကာ ယင်းအဆိုကို ပြန်လည်ဆန်းစစ်ရတော့မည့်အနေအထားသို့ ရောက်ခဲ့သည်။ အထူးသဖြင့် ထင်ထင်ရှားရှား၊ သိသိသာသာယုတ်လျော့လာသည့်အခြေအနေများကို သစ်တောကဏ္ဍဘက်တွင် တွေ့မြင်ရသည်။ သစ်နှင့်တကွ သစ်တောထွက်ပစ္စည်းများကို အလွန်အကျွံစည်းမဲ့ကမ်းမဲ့ထုတ်ယူမှုများ၊ ခိုးထုတ်မှုများကို အံ့နှင့်ကျင်းနှင့် ကျူးလွန်ခဲ့ကြရာ ခရစ်နှစ် ၁၈၅၆ ခုနှစ်က တစ်နိုင်ငံလုံးဧရိယာ၏ ၇၀ ရာခိုင်နှုန်းကို ဖုံးလွှမ်းနေခဲ့သော သစ်တောများသည် လွန်ခဲ့သော ခုနစ်နှစ်ခန့်က ၄၆ ဒသမ ၉ ရာခိုင်နှုန်းခန့်အထိ ကျဆင်းသွားခဲ့ကြောင်း သတင်းထုတ်ပြန်ချက်များ၌ တွေ့ရှိရသည်။

၁၈၅၄ ခုနှစ်တွင် အောက်မြန်မာနိုင်ငံ အင်္ဂလိပ်လက်အောက်ကျရောက်သွားခဲ့ပြီးနောက် မြန်မာနိုင်ငံမှ စတင်ထုတ်ယူသော သယံဇာတမှာ ကျွန်းသစ်ဖြစ်သည်။ သို့ရာတွင် သဘာဝသယံဇာတဖြစ်သည့် ကျွန်းတောကြီးများပျက်စီးကုန်ခန်းမသွားစေရေးအတွက် သိပ္ပံနည်းကျသစ်တောအုပ်ချုပ်ရေးကိုချမှတ်ကာ သစ်တောများထာဝစဉ်တည်တံ့ရေးမူ (၃) ချက်ဖြစ်သည့် -(၁)သစ်တောကထုတ်ပေးနိုင်သော သစ်ထွက်နိုင်မှုထက် ပိုမခုတ်ရန်နှင့် သဘာဝသစ်တောများကိုကာကွယ်ရန်၊ (၂) သစ်တောကရရှိသောဝင်ငွေကို သစ်တောအုပ်ချုပ်မှုတွင် ပြန်သုံးပြီးနောက် အပိုငွေများရရှိစေရန်၊ (၃)သစ်တောအတွင်းနှင့်သစ်တောပတ်ဝန်းကျင်၌ နေထိုင်ကြသူများသည် သစ်တော၏ မိတ်ဆွေများဖြစ်လာစေရန်ဟူသော အချက်များကို ချမှတ်ပြီး တိတိကျကျကျင့်သုံးခဲ့သည်။ သစ်ကုန်သည်များက ဈေးကွက်ဝင်ကျွန်းပင်အားလုံးကို ခုတ်ယူရောင်းချလိုသည့်အတွက် ထိုခေတ် ကိုလိုနီအစိုးရအာဏာပိုင်အဆင့်ဆင့်ကို ချဉ်းကပ်ခဲ့ရာတွင် ကျွန်းသစ်များခုတ်ယူခွင့်ရရှိခဲ့သော်လည်း ထိုစဉ်က သစ်တောအကြီးအကဲဖြစ်ခဲ့သူ ဂျာမန်လူမျိုး Sir.Dietrich.Brandis က ပဲခူးရိုးမကျွန်းတောကြီးများကို သစ်ထုတ်ခွင့်မပေးဘဲ ကာကွယ်ကာ ဧရာဝတီမြစ်အနောက်ဘက်မှ သစ်တောများနှင့် မုတ္တမအနီးမှ သစ်တောများမှ သင်းသတ်ပြီး ထုတ်ယူသည့်နည်းဖြင့်သာ သစ်ထုတ်ယူခွင့်ပေးခဲ့ကြောင်း၊ သစ်ကုန်သည်များက လောဘဖြင့် ခုတ်ယူခဲ့ကြခြင်းကြောင့် အဆိုပါတောများ ပြုန်းတီးခဲ့ရကြောင်း မြန်မာသစ်တောပညာရှင်တစ်ဦးက ရေးသားခဲ့ဖူးသည်။

လက်ရှိအခြေအနေတွင် သစ်တောများ ပြန်လည်ထိန်းသိမ်းနိုင်ရန်အတွက် ကုစားလျက်ရှိရာတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက သစ်ထုတ်လုပ်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း သစ်ထုတ်လုပ်မှု လုံးဝရပ်နားခြင်း၊ ပဲခူးရိုးမဒေသအား ၁၀ နှစ်တာကာလ သစ်ထုတ်လုပ်မှုရပ်ဆိုင်းခြင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းမှ သစ်ထုတ်လုပ်ခြင်းကို နှစ်စဉ်တောထွက်ပမာဏသတ်မှတ်ချက်ဘောင်အတွင်း လျှော့ချထုတ်လုပ်ရန်စီမံထားခြင်းတို့အပြင် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း(၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၆ -၂၀၂၇ အထိ)ကို ဆက်လက်အကောင်အထည်ဖော်ရန် နိုင်ငံတော်သမ္မတရုံးက အတည်ပြုခဲ့ပြီး အဆိုပါစီမံကိန်းအရ ခရိုင် ၈၁ ခုတွင် သစ်တောများပြုန်းတီးသွားသော နေရာများနှင့် သစ်တောအတန်းအစားကျဆင်းသွားသောနေရာများ၌ သင့်လျော်သောသစ်တောစိုက်ပျိုးပြုစုထိန်းသိမ်းခြင်းစနစ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကာလအတွင်း ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာ့သစ်တောများအနေဖြင့် နယ်စွန်နယ်ဖျားဒေသများတွင်သာမက အတွင်းပိုင်းဒေသများ၌ပါ ခိုးယူခံရမှုများရှိနေဆဲဖြစ်ပြီး ဈေးပေါပေါဖြင့်ဝယ်ယူရရှိနိုင်သည့် လက်ကိုင်စက်လွှများ၊ ထရပ်ကားများကို အသုံးပြုကာ သစ်များခိုးထုတ်ကြောင်း၊ နယ်စပ်ထွက်ပေါက်များမှ ခိုးထုတ်ရန် မလွယ်ကူတော့သည့်အခါ ရန်ကုန်သို့လည်းကောင်း၊ ရန်ကုန်တွင် ပိတ်ဆို့စစ်ဆေးမှုများပြုလုပ်လာသည့်အခါ မွန်ပြည်နယ်ဘက်သို့လည်းကောင်း လမ်းကြောင်းအမျိုးမျိုးပြောင်းကာ ထွက်ပေါက်ရှာ ခိုးထုတ်ရန်ကြိုးပမ်းနေကြကြောင်း သတင်းများတွင် တွေ့ရှိနေရသည်။ စင်စစ်အားဖြင့် သစ်ခိုးထုတ်မှုများကို လမ်းကြောင်းများမှ ပိတ်ဆို့ဖမ်းဆီးမှုများသာမက မူလသစ်ထွက်ဒေသများ၌ တောတွင်းမှ သစ်ခိုးခုတ်မှုများ၊ သစ်စက်ပုန်းများထောင်ကာ ခွဲစိတ်နေမှုများကိုနှိမ်နင်းခြင်းတို့ကပို၍ အရင်းမူလကျမည်ဖြစ်သည့်အလျောက် မူးယစ်ဆေးဝါးကုန်သွယ်မှုကဲ့သို့ပင် အမြတ်အစွန်းများလှသည့် သစ်မှောင်ခိုကုန်သွယ်မှုများကို အမြစ်ပြတ်ချေမှုန်းနိုင်မှသာ မြန်မာ့သစ်တောများ ပြန်လည်ထူထောင်မှုကို မျှော်မှန်းသလို ဆောင်ရွက်အောင်မြင်နိုင်မည်ဟု အကြံပြုလိုပါကြောင်း။ ။

# (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

❖ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။

❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာခံယူလုပ်ဆောင်ရေး။

❖ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။

❖ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

# အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများအား ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံစက်မှုဇုန်ရှိ စက်ရုံအလုပ်ရုံများ၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် SMEs ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်၍ ငွေကြေးအရင်းအနှီးနှင့် နည်းပညာများ လွှဲပြောင်းရရှိစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နည်းပညာများကို လွှဲပြောင်းလက်ခံရယူရန် အဆင်သင့်ဖြစ်နေအောင်လည်း ကြိုတင်ပြင်ဆင်ထားကြရန်လိုကြောင်း ဆွေးနွေးမှာကြားပြီး SMEs လုပ်ငန်းရှင်များ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အရှေ့ဒဂုံစက်မှုဇုန်ရှိ သစ်အခြေခံနှင့် သစ်အချောထည်စက်ရုံ၊ ခေါက်ဆွဲစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည့်နည်းပညာများနှင့် အန္တရာယ်ကင်းရှင်းရေးတို့ကို ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ စက်ရုံဝန်ထမ်းများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များကို ကူညီထောက်ပံ့ပေးရန်လိုကြောင်း၊ ဈေးကွက်သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ ဈေးကွက်လိုအပ်ချက်အတိုင်း ထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း၊ SMEs ဖွံ့ဖြိုးတိုးတက်မှသာ အကြီးစားစက်မှုလုပ်ငန်းများအဖြစ်သို့ ကူးပြောင်းနိုင်မည်ဖြစ်ပြီး အားလုံးတက်ညီလက်ညီ ကြိုးစားဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အတွေးအခေါ်ကောင်းများဖြင့် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း မှာကြားခဲ့သည်။ **(သတင်းစဉ်)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၇-၂-၂၀၁၇

**ခင်ရတနာ-စုစည်းသည်။**

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၈၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၂၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၇၁၀/၇၂၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၇၂၀/၇၄၀ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၆၀/၇၇၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၃၀/၇၄၅ ကျပ် | (လက်ကားဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၄၁ ・ ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၈ ・ ၆၁ |
| ထိုင်း | တစ်ဘတ် | ၃၈ ・ ၉၂ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၃၉ |
| တရုတ် | တစ်ယွမ် | ၁၉၇ ・ ၉၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ ・ ၀၃ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမေရိကန်ပြည်ထောင်စု ငြိမ်းချမ်းရေးအဖွဲ့အား လက်ခံတွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမေရိကန်ပြည်ထောင်စု ငြိမ်းချမ်းရေးအဖွဲ့ (USIP- United States Institute of Peace) ဥက္ကဋ္ဌ Ms. Nancy Lindborg နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ပြည်ထောင်စုငြိမ်းချမ်းရေးအဖွဲ့ (USIP- United States Institute of Peace) ဥက္ကဋ္ဌ Ms. Nancy Lindborg နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

တွေ့ဆုံပွဲသို့ Ms. Nancy Lindborg နှင့်အတူ Asia Center ၏ အဆင့်မြင့်အကြံပေး (ယခင် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး) Mr. Derek Mitchell နှင့် Asia Center ၏ ဒုတိယဥက္ကဋ္ဌ Mr. Andrew Wilder တို့လည်း တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်၏ သယံဇာတပစ္စည်းများအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ရှင်းလင်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် တပ်မတော်အရာရှိကြီးများနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲအောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တိုင်းမှူးများ၊ တပ်မမှူးများ တက်ရောက်ကြသည်။





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်အရာရှိကြီးများအား အမှာစကားပြောကြားစဉ် (သတင်းစဉ်)

အစည်းအဝေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော် ကာကွယ်ရေး၊ နိုင်ငံတော်၏ သယံဇာတပစ္စည်းများအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ နိုင်ငံတော်၏ ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ်၊ ပြည်သူ့အကျိုးစီးပွားဖော်ဆောင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ပညာရေး၊ လူငယ်များ၏ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး၊ နယ်မြေဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား အမေရိကန်ပြည်ထောင်စု ငြိမ်းချမ်းရေးအဖွဲ့ (USIP- United States Institute of Peace) ဥက္ကဋ္ဌ Ms. Nancy Lindborg နှင့် အဖွဲ့က နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❖ ***ရွှေဖိုးမှ***

အခုဟာက လူနဲ့တစ်ပါတည်းသယ်ဆောင်နိုင်တဲ့ လက်တော့(ပ်)လို ပစ္စည်းမျိုးတွေကို မကောက်တော့ဘူး။ ခေတ်နဲ့အညီ အားလုံး တန်ဆာခကိုဖြေလျှော့ပေးလိုက်တဲ့ သဘောပါ။ ရန်ကုန်၊ နေပြည်တော်၊ မန္တလေးအပါအဝင် နိုင်ငံတစ်ဝန်း အခုလာမယ့် မတ် ၁ ရက်ကစပြီး ဖြေလျှော့ကောက်ခံသွားမှာပါ”ဟု မြန်မာ့မီးရထားတိုင်းအမှတ်(၇) သွားလာပို့ဆောင်ရေးဌာနခွဲ တိုင်းမန်နေဂျာ ဦးဇော်လွင်က ပြောကြားသည်။

မြန်မာ့မီးရထားအနေဖြင့် ပုံသေနှုန်းထားကောက်ခံရမည့် ပါဆယ်ပစ္စည်း ၆၆ မျိုးကို ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၅ ရက်က စတင်ကောက်ခံရန် သတ်မှတ်ခဲ့ပြီး ယခုအခါ ပစ္စည်းသုံးမျိုး ထပ်မံတိုးထားကာ စုစုပေါင်းပစ္စည်း ၆၉ မျိုးကို မိုင်နှုန်းသတ်မှတ်ခြင်းမရှိဘဲ မတ် ၁ ရက်မှ စတင်၍ တန်ဆာခများကို ပြောင်းလဲလျှော့ပေါ့ ကောက်ခံသွားမည်ဖြစ်သည်။ ထို့အပြင် ရထားစီးခရီးသည်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ဖြေလျှော့မှုအနေဖြင့် စီးပွားဖြစ်သယ်ဆောင်ခြင်းမျိုးမဟုတ်သော ခရီးသည်ကိုယ်တိုင် အသုံးပြုသည့် လက်တော့(ပ်)၊ ဗီဒီယိုကင်မရာ၊ ဗွီစီဒီစသည့် ပစ္စည်းများကိုလည်း ခရီးသည်နှင့်တစ်ပါတည်း အခမဲ့သယ်ယူခွင့်ပြုသွားမည်ဖြစ်သည်။ မြန်မာ့မီးရထားသည် ကုန်စည်သယ်ဆောင်မှုပြုသော ဝါးတန်းကုန်ရုံ၊ ဗိုလ်တထောင်ကုန်ရုံနှင့် စက်ဆန်းကုန်ရုံတို့၌လည်း တွဲဆိုင်းအလိုက်ကုန်စည်များကို နိုင်ငံတစ်ဝန်း သယ်ဆောင်ပေးလျက်ရှိပြီး ယင်းကုန်စည်သယ်ဆောင်မှုနှုန်းထားများကို ပြီးခဲ့သော ၂၀၁၆ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှ စတင်ကာ ဈေးနှုန်းများ လျှော့ချပြောင်းလဲကောက်ခံသည်။ ယခုအခါ ပုံသေနှုန်းထားကောက်ခံရမည့်ပစ္စည်းများကို နှုန်းထားလျှော့သတ်မှတ်ကောက်ခံခြင်း ဖြစ်သည်။

“ပါဆယ်နှုန်းထားတွေ လျှော့ချလိုက်မယ်ဆိုရင် ကုန်သည်တွေအနေနဲ့ ကတွက်ခြေကိုက်ရင် ပြန်လာပြီး တင်ကြမှာပါ။ နဂိုက ဒီလိုနေ့ချင်းရဖို့ မလွယ်ဘူး။ နောက်ရက်တင်ရဖို့ကို တစ်ရက်ကြိုလာပို့ထားရတယ်။ အခုဟာက နေ့ချင်းတင်ပေးဖြစ်တာတွေ များပါတယ်။ ဘာကြောင့်လဲဆိုတော့ နေရာလွတ်တွေက ပိုနေတာများတယ်။ တန်ဆာနှုန်းတွေ လျှော့ချလိုက်မယ်ဆိုရင်တော့ ကားဆီရောက်နေတဲ့ ကုန်သည်တွေက ရထားဆီပြန်လာနိုင်တယ်။ လက်ရှိ နှုန်းထားအတိုင်းချလိုက်ရင် ဝင်ငွေလျှော့လာနိုင်လားဆိုရင် မလျှော့နိုင်လောက်ဘူး။ ဘာကြောင့်လဲဆိုတော့ အရေအတွက်က ဒီထက်ပိုများလာနိုင်တာကြောင့်ပါ။ အခု ရွှေညောင်လိုင်းဆိုရင် အခွဲအတိုင်းပဲ လွတ်နေရတာ။ ကုန်သိပ်မတင်ရဘူး။ ရုံဖန်ရံခါ ဆန်အိတ် ၁၀၀ ကျော် ၂၀၀ လောက်ပဲ တင်ရတယ်။ နဂိုက ရွှေညောင်က တော်တော်တင်ရတယ်။ အဲဒီကုန်သည်တွေက ဒီမှာ တစ်ယောက်မှ မရှိတော့ဘူး။ လက်ရှိနှုန်းထားက ကားနဲ့မကွာတော့ ကားဘက်ကိုရောက်သွားတာ။ အခုလို လျှော့လိုက်ရင် ကားတန်ဆာခထက် လျှော့သွားမယ်။ လျှော့ချလိုက်ရင် ကုန်သည်တွေအနေနဲ့ တဖြည်းဖြည်း ပြန်လာဖို့တော့ ရှိမှာပါ။ အခုဆိုရင် တကယ်တင်နိုင်တာက ပိဿာချိန် ၁၉၀၀၀ ကျော်၊ နှစ်သောင်းနီးပါးထိ တင်နိုင်တယ်။ ဒါပေမယ့် နေ့တိုင်း ပိဿာချိန် ၉၀၀၀ လောက်ပဲ တင်နေရတယ်။ ကုန်မရှိတာ။ ကုန်ပါးနေတာ”ဟု ရန်ကုန်ဘူတာကြီး ပါဆယ်(၂)ဌာနမှ ကိုမြတ်လင်းစိုး လ/ထ ကြီးကြပ်ရေးမှူး (ဘတစ-၂)က ပြောကြားသည်။

ယခုအခါ ရန်ကုန်ဘူတာကြီးမှ အောက်ဘက် မော်လမြိုင်မြို့သို့ ပါဆယ်(၁)ဌာနမှ ကုန်ပစ္စည်းများ တင်ပို့သယ်ဆောင်ပေးလျက်ရှိပြီး အထက်မန္တလေးနှင့် ရွှေညောင်ဘက်သို့ ပါဆယ်(၂)ဌာနမှ သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။ ပါဆယ်(၂)ဌာနမှ တစ်နေ့ ပိဿာချိန် နှစ်သောင်းနီးပါး သယ်ယူပို့ဆောင်ပေးနိုင်သော်လည်း ယခုအခါ နေ့စဉ် ပိဿာချိန် ၉၀၀၀ ဝန်းကျင်သာ သယ်ယူပို့ဆောင်ပေးလျက်ရှိခြင်းကြောင့် နေ့စဉ် ပါဆယ်တွဲဆိုင်းလွတ်များဖြင့် ပြေးဆွဲနေရကြောင်း သိရသည်။ မြန်မာ့မီးရထားအနေဖြင့် ယခုမတ် ၁ ရက်တွင် ပြောင်းလဲကောက်ခံမည့် ပုံသေပစ္စည်းများမှာ ဥပမာ TV အကြီးတစ်လုံး ယခင် ငွေကျပ် ၁၃၅၀၀ မှ ပြောင်းလဲကောက်ခံမည့်နှုန်းထားမှာ ငွေကျပ် ၄၅၀၀၊ မော်တော်ဆိုင်ကယ်အလွတ် ယခင် ငွေကျပ် ၁၃၅၀၀ မှ ပြောင်းလဲကောက်ခံမည့် နှုန်းထားမှာ ငွေကျပ် ၆၅၀၀ စသည်ဖြင့် ပစ္စည်းအမျိုးပေါင်း ၆၉ မျိုးကို ပြောင်းလဲလျှော့ပေါ့ ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

❄ ***ရွှေဖိုးမှ***

ဧရာဝတီမြစ် အထက်ပိုင်း၌ မြင့်တက်ခဲ့သော မြစ်ရေများသည် နောက်တစ်ရက်အတွင်း သပိတ်ကျင်းမြို့၌ တစ်ပေခန့်၊ နောက်တစ်ရက်မှ ငါးရက်အတွင်း မန္တလေး၊ စစ်ကိုင်း၊ မြင်းမူ၊ ပခုက္ကူ၊ ညောင်ဦးနှင့် ချောက်မြို့တို့တွင် သုံးပေခွဲမှ ငါးပေခန့်နှင့် နောက်နှစ်ရက်မှ ရှစ်ရက်အတွင်း မင်းဘူး၊ မကွေး၊ အောင်လံ၊ ပြည်၊ ဆိပ်သာ၊ ဟင်္သာတနှင့် ဇလွန်မြို့တို့၌ နှစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။ သို့ဖြစ်၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများ၌ စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေတိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။

# ပညာရေးနှင့် ခရီးသွားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး


**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ဒုတိယသမ္မတဦးမြင့်ဆွေသည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဟော်နမ်ဟောင်နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ပညာရေးနှင့် ခရီးသွားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံရှိ မန္တလေး၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေနှင့် ကမ္ဘောဒီးယားရှိ အန်ကောဝပ် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတို့အကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဦးဝင်းမော်ထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဟော်နမ်ဟောင်တို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)

# နှစ်နိုင်ငံအကြားတည်ရှိပြီး ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတောင့်တင်းခိုင်မာလာမည်ဟု ယုံကြည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဟော်နမ်ဟောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက နှုတ်ခွန်းဆက်စကား ပြောကြားရာ၌ မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံဆက်ဆံရေးကို အလေးထားပါကြောင်း၊ ၁၉၅၅ ခုနှစ်က နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းသည့် ပူးပေါင်းဆောင်ရွက်မှုများ ပုံမှန်တိုးတက်လာခဲ့သည်ကို ဝမ်းမြောက်စွာ တွေ့မြင်ရပါကြောင်း၊ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် သမိုင်းကြောင်း၊ အာရှတန်ဖိုးသတ်မှတ်ချက်များနှင့် စိတ်နေစိတ်ထား တူညီရုံသာမက ဒေသတွင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် သဟဇာတရှိရေးတို့အပေါ် တူညီသည့် သန္နိဋ္ဌာန်များချမှတ်ဖော်ဆောင်လျက်ရှိသည့် နိုင်ငံများဖြစ်ပါကြောင်း။

မိမိတို့နှစ်နိုင်ငံသည် ပိုမိုကောင်းမွန်ခိုင်မာသည့် အာဆီယံအသိုက်အဝန်း တည်ဆောက်ရေး လုပ်ငန်းများကို လက်တွဲကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတောင့်တင်းခိုင်မာလာလျက်ရှိပါကြောင်း၊ နှစ်နိုင်ငံ ခေါင်းဆောင်များ၏ အပြန်အလှန် ခရီးစဉ်များသည် နှစ်နိုင်ငံရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် သိသိသာသာ အထောက်အကူဖြစ်စေပါကြောင်း၊ မကြာသေးမီက နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကမ္ဘောဒီးယားနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ခဲ့ပါကြောင်း၊ အဆိုပါ ခရီးစဉ်သည် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်များအတွက် အခွင့်အလမ်းသစ်များကို ဖော်ဆောင်ပေးနိုင်ခဲ့ပါကြောင်း။




**ဒုတိယသမ္မတ ဦးမြင့်ဆွေ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဟော်နမ်ဟောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်** (သတင်းစဉ်)




**ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အုန်းစီးယန်း(န်)တို့ ပညာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးစဉ်** (သတင်းစဉ်)

သဟဇာတဖြစ်ပြီး သာယာဝပြောသည့် အာဆီယံအသိုက်အဝန်း ထူထောင်ရန်နှင့် မိမိတို့ဒေသ၏ လက်ရှိနှင့် အနာဂတ်စိန်ခေါ်မှုများ ဖြေရှင်းသွားနိုင်ရန်အတွက် မြန်မာနိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံအပြင် အခြားအာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ပိုမိုတောက်ပသည့် အနာဂတ်ဆီသို့ ဦးတည်လျက်ရှိပြီး ခိုင်မာသောရည်ရွယ်ချက်၊ ဆုံးဖြတ်ချက်တို့နှင့် အဆိုပါ အနာဂတ်ခရီးလမ်းကို ဆက်လက်လျှောက်လှမ်းနေကြသည့် နိုင်ငံများဖြစ်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံအကြား တည်ရှိနေသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် အချိန်နှင့်အမျှ ပိုမိုတောင့်တင်းခိုင်မာလာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဟော်နမ်ဟောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ်နှင့်အတူ ဂုဏ်ပြုညစာကို သုံးဆောင်သည်။

ညစာစားပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ ညစာစားပွဲမကျင်းပမီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရနှင့် ကမ္ဘောဒီးယားနိုင်ငံအစိုးရတို့အကြား ၂၀၁၇-၂၀၂၁ ကာလအတွင်း ပညာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်ကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အုန်းစီးယန်း(န်)တို့က ဒုတိယသမ္မတနှင့် ဒုတိယဝန်ကြီးချုပ်တို့ ရှေ့မှောက်၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

**(သတင်းစဉ်)**

## နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၌ တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်၌ ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၌ ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၌ နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။ **(မိုး/ဇလ)**





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကန်ပက်လက်မြို့၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားစဉ်

*ကျောဖုံးမှ*

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် ကန်ပက်လက်မြို့ အခြေခံပညာအထက်တန်းကျောင်း ဇလပ်ဝါခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို မြို့မိမြို့ဖ ဦးမြမောင်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကွီးထန်တို့က တင်ပြကြသည်။

ထို့နောက် ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး၊ ဆက်သွယ်ရေး၊ ကျန်းမာရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ကျောင်းများ အဆင့်တိုးမြှင့်ရေး၊ အားကစားရုံ အဆင့်တိုးမြှင့်ရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးနှင့် လက်တွေ့ကျသည့် ခရီးသွားဝန်ဆောင်မှု သင်တန်းများဖွင့်လှစ်ရေးတို့နှင့် စပ်လျဉ်းပြီး တာဝန်ရှိသူများက ကဏ္ဍအလိုက် ဖြည့်ဆည်းပေးမည့်အစီအစဉ်များကို ပြန်လည်ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတက ကန်ပက်လက်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ လှူဒါန်းငွေကျပ် သိန်း ၁၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ ပေးအပ်သည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့ပစ္စည်းများနှင့် ကျေးရွာမီးလင်းရေးအတွက် ဆိုလာတို့ကို ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွင်က မြို့နယ်စည်ပင်သာယာရေးဥက္ကဋ္ဌထံ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် အာဆီယံအမွေအနှစ် ဥယျာဉ်အဖြစ် သတ်မှတ်ခံရသော ခေါ်နူးစုမ်(နတ်မတောင်) အမျိုးသားဥယျာဉ်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

နတ်မတောင်သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၁၀၅၀၀ တွင် တည်ရှိပြီး တောင်ကုန်း၊ တောင်တန်းများထူထပ်ကာ မြစ်သာမြစ်၊ လည်မျိုမြစ်၊ မုန်းချောင်း၊ မောချောင်း၊ ယောချောင်းတို့၏ အဓိကရေဝေဒေသကြီးတစ်ခုဖြစ်သည်။ နတ်မတောင်သည် အရှေ့တောင်အာရှတွင် မြေသားဖုံးလွှမ်းသော အမြင့်ဆုံးတောင်အဖြစ် ထူးခြားစွာတည်ရှိသည်။

ခေါ်နူးစုမ်(နတ်မတောင်)အမျိုးသားဥယျာဉ်ကို သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်းပျောက်ကွယ်ခြင်းမရှိစေရန်နှင့် သဘာဝပတ်ဝန်းကျင်မျှတစွာ ရေရှည်တည်တံ့စေရန်ရည်ရွယ်၍ ၁၉၃၆ ခုနှစ်မှစတင်ကာ သစ်တောဥပဒေ (၁၉)အရ ဥတုထိန်းကြိုးဝိုင်းအဖြစ် စတင်ဖွဲ့စည်းကာကွယ်ထိန်းသိမ်းခဲ့သည်။

၁၉၉၇ ခုနှစ်တွင် အမျိုးသားဥယျာဉ်အဖြစ် အဆိုပြုတင်ပြခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ခဲ့သည်။ ၂၀၁၂ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် သတ်မှတ်ခဲ့သည်။

ဒုတိယသမ္မတအား နတ်မတောင် ၁၀ မိုင်စခန်း၌ နတ်မတောင်အုပ်ချုပ်ရေးမှူး ဦးသိန်းလွင်က နတ်မတောင် အမျိုးသားဥယျာဉ်နှင့် ပတ်ဝန်းကျင်ဒေသအား သဘာဝအတိုင်း ထိန်းသိမ်းဆောင်ရွက်နေမှု၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ ပါဝင်လာအောင် စည်းရုံးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့အတူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးလုပ်ငန်းများကို ဒေသခံပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

ညနေပိုင်းတွင် မင်းတပ်မြို့ခုတင် ၁၀၀ ဆံ့ ခရိုင်ဆေးရုံကြီးသို့ရောက်ရှိပြီး ဆေးရုံအတွင်းနှင့် တိုးချဲ့ RC ၄ ထပ်ဆောင် တည်ဆောက်နေမှုအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတသည် မင်းတပ်မြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဒေသခံပြည်သူများ၊ မြို့မိမြို့ဖများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများကို တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အပိုင်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မင်းတပ်မြို့စည်ပင်သာယာရေးအဖွဲ့ဝင် ဒေါ်ဟာအွယ်က ဒေသ၏ လိုအပ်ချက်များကိုတင်ပြရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့်အစီအမံများကို ပြန်လည်ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက မင်းတပ်မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့ငွေကျပ် သိန်း ၁၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ ပေးအပ်သည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွင်က မင်းတပ်မြို့နယ် ကိတ်နား၊ တလံဗွီးနှင့် ဝီးလူးကျေးရွာများအတွက် ဆိုလာအစုံ ၅၀၊ ချိုင်၊ မလိုင်နှင့် အောက်ဆာဒူးကျေးရွာများအတွက် စောင်အထည် ၅၀၀ ကို လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ခူလှူးနှင့်ရိုကျေးရွာများအတွက် စောင်အထည် ၃၀၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံပွဲများတွင် ဒုတိယသမ္မတက ချင်းပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်မှု အလိုအပ်ဆုံးပြည်နယ်ဖြစ်သည့်အတွက် နိုင်ငံတော်မှ အာရုံစူးစိုက်ဆောင်ရွက်ပေးလျက်ရှိရာ ဒေသလိုအပ်ချက်များကို မျက်မြင်ကိုယ်တွေ့သိရှိနိုင်ရန် မိမိတို့အဖွဲ့ယခုလို လာရောက်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီး ဒေသဖွံ့ဖြိုးရေးအတွက် ချက်ချင်းဆောင်ရွက်ပေးနိုင်သည်များကို အချိန်မဆိုင်း ဆောင်ရွက်ပေးသွားမည့်အပြင် ဆောင်ရွက်ရန်ကျန်ရှိသည်များကိုလည်း စနစ်တကျ အချိန်ယူဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ပံ့ပိုးကူညီမှုများအပြင် ဒေသခံပြည်သူများကလည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ တက်ညီလက်ညီဖြင့် ဆက်လက်ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသွားရန် လိုအပ်ပါကြောင်း၊ ဒေသ၏ရိုးရာဆန်ဖြစ်သည့် လူးဆပ်ဆန်သည် ဒေသအတွက်သာမက ကျန်းမာရေးရှုထောင့်အရပါ ကောင်းမွန်သည့်အတွက် တိုးချဲ့စိုက်ပျိုးထုတ်လုပ်သွားရန် လိုအပ်ပါကြောင်း၊ ချင်းပြည်နယ်၏ သင်္ကေတအမှတ်အသားဖြစ်သည့် အောက်ချင်းငှက် မျိုးသုဉ်းပျောက်ကွယ်မှုမရှိစေရေးနှင့် တောင်ဇလပ်ပင်များ ပြန့်ပွားရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ရန်လိုပါကြောင်း မှာကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**(သတင်းစဉ်)**

# ရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်၍ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအခွင့်အလမ်းနှင့် စိန်ခေါ်မှုများ အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် IOM တို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံ ရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်၍ အနာဂတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခွင့်အလမ်းနှင့်စိန်ခေါ်မှုများ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် Kempinski Hotel ၌ ကျင်းပရာ အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**




ပြည်ထောင်စုဝန်ကြီးက အပြည်ပြည်ဆိုင်ရာ၌ ရွှေ့ပြောင်းသွားမှုဖြစ်စဉ်များကို လေ့လာရာတွင် ဝင်ငွေတိုးတက်ရန်၊ လက်ရှိဘဝအဆင့်အတန်းထက် မြင့်မားရန်၊ ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်များရရှိရန်၊ သဘာဝဘေးအန္တရာယ် ကျရောက်ခြင်းကြောင့်လည်းကောင်း၊ ရာသီဥတုပြောင်းလဲခြင်းကြောင့်လည်းကောင်း၊ ပြည်တွင်းစစ်ပွဲများ ဖြစ်ပွားခြင်းကြောင့်လည်းကောင်း အမျိုးမျိုးသော ရွှေ့ပြောင်းသွားလာမှုကို ဖြစ်ပေါ်စေပါကြောင်း၊ လူသားများ ရွှေ့ပြောင်းသွားလာခြင်းသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတစ်ဝန်းတွင် အလွန်ရှုပ်ထွေးပြီး အရေးကြီးသည့် ကိစ္စရပ်များဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အလုပ်အကိုင်ဆိုင်ရာမူဝါဒကို ၂၀၁၂ ခုနှစ်တွင် လည်းကောင်း၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ မူဝါဒကို ၂၀၁၃ ခုနှစ်တွင် လည်းကောင်း ချမှတ်ရေးဆွဲနိုင်ခဲ့ပါကြောင်း။

နောင်လာမည့် ငါးနှစ်စီမံကိန်း (၂၀၁၈-၂၀၂၃) ကို ယခင်စီမံကိန်းကာလမှ ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများ၊ အားနည်းချက်များ၊ အားသာချက်များအပေါ် စိစစ်၍ ပိုမိုပြည့်စုံသည့် စီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ယခုဆွေးနွေးပွဲသို့ တက်ရောက်လာသူများနှင့် ဆက်စပ်ဝန်ကြီးဌာနများ၏ အကြံဉာဏ်ဖြင့် ရေးဆွဲအကောင်အထည်ဖော်နိုင်ရန် မျှော်လင့်ပါကြောင်း။

ပြည်ပနိုင်ငံများသို့ တရားဝင်သွားရောက်လုပ်ကိုင်နေသည့် အလုပ်သမားများစာရင်းနှင့် ယင်းတို့လွှဲပို့သည့် မိသားစုလွှဲပို့ငွေနှင့် နှိုင်းယှဉ်ပါက အင်မတန်နည်းပါးနေသည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံအတွင်း လွှဲပို့ငွေဝင်ရောက်မှုများပြားပါက နိုင်ငံတော်၏ GDP လည်း တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ပြည်ပနိုင်ငံများမှ ပြန်လည်ပေးပို့သည့်ငွေများ တိုးတက်ရရှိလာစေရန် ကောင်းမွန်သည့်နည်းလမ်း၊ လုပ်ထုံးလုပ်နည်းများ၊ အတွေ့အကြုံများကို တက်ရောက်လာသူများမှ ဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် Konrad-Adenauer Stiftung(KAS) နှင့် IOM မှ ကိုယ်စားလှယ်တို့က ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြပြီး တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ကိုယ်စားလှယ်များက ရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်၍ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခွင့်အလမ်း၊ စိန်ခေါ်မှုများနှင့်ပတ်သက်၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ Konrad-Adenauer Stiftung(KAS) မှ Dr. Norbert Eschborn၊ IOM မှ Chief of Mission ဖြစ်သူ Mr. Kiern-Gorman Best နှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် အမေရိကန်ပြည်ထောင်စု ငြိမ်းချမ်းရေးအဖွဲ့ USIP ဥက္ကဋ္ဌ Ms.Nancy Lindborg နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးခွန်မောင်သောင်း၊ ကော်မတီအတွင်းရေးမှူး ဦးအင်ထုံးခါးနော်ဆမ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် အမေရိကန်ပြည်ထောင်စု ငြိမ်းချမ်းရေးအဖွဲ့ ဥက္ကဋ္ဌ Ms. Nancy Lindborg နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်လေ့လာသော မန္တလေးတက္ကသိုလ်၊ နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာ ဒေါ်သီတာထွန်း ဦးဆောင်သည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**




ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်ဖွဲ့စည်းပုံ၊ မဲဆန္ဒနယ်သတ်မှတ် ကြေညာခြင်း၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်းနှင့် စိစစ်ခြင်း၊ ရွေးကောက်ပွဲရလဒ် ကြေညာခြင်း၊ ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုများအား စစ်ဆေးခြင်းနှင့် အယူခံမှုများအား စုံညီခုံရုံးဖြင့် စစ်ဆေးခြင်းတို့အား ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်က လွှတ်တော်(၃)ရပ်ဖွဲ့စည်းမှု၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးလှတင့်က ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုများ စစ်ဆေးကြားနာခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများ၏ မေးမြန်းချက်များကို ကော်မရှင်ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူတို့မှ ပြန်လည်ရှင်းလင်းဖြေကြားပြီး ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**(သတင်းစဉ်)**

# မြစ်ကြီးနားမြို့မှထွက်ခွာလာသည့် ငြိမ်းချမ်းရေးတွဲလက်များ ဝိုးခဲ့အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဖော်ဖော်ဝါရီ ၂၇**

ငြိမ်းချမ်းရေးတွဲလက်များ ဝိုးခဲ့အဖွဲ့သည် နေပြည်တော် ပျဉ်းမနားမြို့သို့ ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉ နာရီခွဲတွင်ရောက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိုက်ဝေဖြိုးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပျဉ်းမနားမြို့နယ် ဘာသာပေါင်းစုံ လူမှုရေးအဖွဲ့များ ကွန်ရက်အသင်း၊ ပျဉ်းမနားလူငယ် ကွန်ရက်အသင်း၊ "မွန်မြတ်သူ" လူမှုကူညီရေးအသင်းအဖွဲ့မှ ဦးသန့်ဇင်လင်း(ခ) ကိုဟိန်းနှင့် အဖွဲ့ဝင်များ၊ ရွာကောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်လွင်ဦးနှင့် ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပျဉ်းမနားမြို့ရှိ ပြည်သူများမှ ပန်းစည်းများ၊ သောက်ရေသန့် နှင့် အချိုရည်ဘူးများ ဝေငှ၍ လှိုက်လှဲစွာ ကြိုဆိုခဲ့ကြသည်။ **(အောက်ပုံ)**

အဆိုပါ ငြိမ်းချမ်းရေးတွဲလက်များ ဝိုးခဲ့အဖွဲ့သည် မြန်မာနိုင်ငံတွင် ပစ်ခတ်တိုက်ခိုက်မှုများ အဆုံးသတ်ရပ်စဲစေရန်၊ တိုင်းပြည်ငြိမ်းချမ်းရေးအတွက် ဆွေးနွေးမှုစာပေဝိုင်းတွင် ညှိနှိုင်းအဖြေရှာစေရန်နှင့် စစ်ဘေးရှောင်ပြည်သူများအား ကူညီထောက်ပံ့ပေးနိုင်ရန်ရည်ရွယ်၍ ဖေဖော်ဝါရီ ၁၅ ရက်က မြစ်ကြီးနားမြို့မှ စတင်ထွက်ခွာလာပြီး မိုးကောင်း၊ မိုးညှင်း၊ မော်လူး၊ ကသာ၊ ထီးချိုင့်၊ တကောင်း၊ သပိတ်ကျင်း၊ လက်ပံလှ၊ မန္တလေး၊ ကူမဲ၊ မိတ္ထီလာ၊ တပ်ကုန်း စသည့်မြို့များတွင် ညအိပ်ရပ်နားပြီး ဖေဖော်ဝါရီ ၂၇ ရက်တွင် ပျဉ်းမနားမြို့သို့ရောက်ရှိလာခြင်းဖြစ်ကာ ဖေဖော်ဝါရီ ၂၈ ရက်တွင် နောက်ဆုံးပန်းတိုင်ဖြစ်သည့် နေပြည်တော်အတွင်းရှိ အခြားမြို့များသို့ သွားရောက်မည်ဖြစ်သည်။



ယင်းအဖွဲ့သည် ဘီးတပ်လှည်း ဝိုးခဲ့မောင်းနှင်သည့် ကိုယ်အင်္ဂါမသန်စွမ်းသူ ၁၀ ဦး၊ တေးဂီတဖျော်ဖြေတင်ဆက်မည့် အမြင်အာရုံချို့တဲ့သူ ၁၀ ဦး၊ ငြိမ်းချမ်းရေးအကြောင်းတင်ပြမည့် နားမကြားသူ၊ အမြင်အာရုံချို့တဲ့သူ နှင့် ဉာဏ်ရည်မမီသူ ခုနစ်ဦး၊ ကူညီပံ့ပိုးသူနှင့် အုပ်ချုပ်သူ ၁၀ ဦးနှင့် ငြိမ်းချမ်းရေးကို မြတ်နိုးသော အနုပညာရှင် (ကဗျာ၊ ပန်းချီ၊ တေးရေး၊ တေးဆို) ၃၀ တို့သည် နေပြည်တော် စည်ပင်ဧည့်ရိပ်သာ၌ တည်းခိုကြပြီး ညပိုင်းတွင် ပျဉ်းမနားမြို့ "ကန်တော်မင်္ဂလာ"ခန်းမ၌ အမြင်အာရုံချို့တဲ့သူများနှင့် အနုပညာရှင်များက တေးဂီတ ဖျော်ဖြေမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ကွမ်းခြံကုန်းမြို့နယ်၌ မှုခင်းပြခန်းယာဉ်ဖြင့် အသိပညာပေး

**ကွမ်းခြံကုန်း ဖေဖော်ဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၏ အစီအစဉ်ဖြင့် ကွမ်းခြံကုန်းမြို့မရဲစခန်းမှူး ဒုရဲမှူး အောင်နိုင် ဦးစီး၍ ကွမ်းခြံကုန်းမြို့နယ်၌ ကံကြီးပိုင်းရပ်ကွက် ဗိုလ်ချုပ်လမ်းအမြန်ယာဉ်ကားဂိတ်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနရုံးရှေ့၌ ရဲတပ်ဖွဲ့၏ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ပြသအသိပညာပေးမှုများကို ဆောင်ရွက်ခဲ့ကြောင်း မှုခင်းပညာပေးပြခန်းယာဉ်ပြသရာသို့ ခရီးသွားပြည်သူများ၊ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူ ၄၀၀ လာရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

မူးယစ်အန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်၊ ယာဉ်အန္တရာယ်ကင်းဝေးစေရေး မှုခင်းပိုင်းဆိုင်ရာ အသိပညာပေးခြင်းကို လူကုန်ကူးမှုတားဆီးကာကွယ်ရေး ရဲတပ်ဖွဲ့မှ ရဲအုပ်ရဲမြတ်ဟိန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲတပ်သား ရဲမျိုးအောင်တို့က ပွင့်လင်းအသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ဖြင့် အသိပညာပေးခဲ့ကြောင်း သိရသည်။

**ဆွေနွယ်**

❂ *ကျောဖုံးမှ*

မြန်မာကစားသမားများသည် စင်ကာပူနှင့် ထိုင်းကလပ်အသင်းတို့တွင် သွားရောက်ကစားလျက်ရှိပြီး လက်ရွေးစင်ဟောင်းများဖြစ်သည့် ကျော်ဇေယျာဝင်း၊ နန္ဒလင်းကျော်ချစ်နှင့် အောင်ကျော်နိုင်တို့မှာ စင်ကာပူကလပ် ဘလတ်စတီးယားအသင်း၊ ရှိုင်းသူရမှာ ထိုင်းကလပ် ဆာမတ်ဆာခွန်အသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်သည်။ စင်ကာပူကလပ်ဘလတ်စတီးယားအသင်းသည် ယခုရာသီတွင် မြန်မာကစားသမားများ ပစ်မှတ်ထားခေါ်ယူခဲ့ပြီး ယခုကစားသမားများမတိုင်မီက စိုးမင်းဦး၊ ကောင်းဆက်နိုင် စသည့်ကစားသမားများကို ခေါ်ယူရန် ကမ်းလှမ်းခဲ့ဖူးကြောင်း သိရသည်။ ဘလတ်စတီးယားအသင်းသည် ယင်းကစားသမားများကို ရာသီကုန်အထိ စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ၂၈ ရက်တွင် S-League ပထမပွဲအဖြစ် ဝါရီယာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဘလတ်စတီးယားအသင်းသည် ကျော်ဇေယျာဝင်းကို ခေါ်ယူရာတွင် ရာဝတီအသင်းသို့ ပြောင်းရွှေ့ကြေးပေးခဲ့ရပြီး ပြောင်းရွှေ့ကြေး တစ်စိတ်တစ်ပိုင်းကို ကျော်ဇေယျာဝင်း ကိုယ်တိုင်ပေးချေခဲ့ရသည်။ အောင်ကျော်နိုင်(နေပြည်တော်)၊ နန္ဒလင်းကျော်ချစ်(ရတနာပုံ)တို့ကို ခေါ်ယူရာတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။ နောက်ဆုံး ပြည်ပထွက်ကစားသူမှာ ရတနာပုံအသင်း၏ လူငယ်လက်ရွေးစင်တိုက်စစ်မှူး ရှိုင်းသူရသည် ထိုင်းကလပ် ဆာမတ်ဆာခွန်အသင်းတွင် သွားရောက်ကစားရန် ဖေဖော်ဝါရီ ၂၇ ရက်က ထွက်ခွာသွားပြီဖြစ်သည်။ ရှိုင်းသူရသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ အရေးယူမှုကြောင့် ကာလရှည်ပွဲပယ်ခံထားရရာ ကစားသမား၏ အရည်အသွေးကျမသွားစေရန် သုံးလစာချုပ်ဖြင့် အငှားချခဲ့ခြင်းဖြစ်သည်။ ဆာမတ်ဆာခွန်အသင်းသည် ပြီးခဲ့သည့်ရာသီက ကောင်းဆက်နိုင်ကို ခေါ်ယူခဲ့ပြီး ခြေစွမ်းပြကစားနိုင်ခဲ့ကြောင်း သိရသည်။

၁၉၉၀ ပြည့်နှစ်လွန်ကာလများက မြန်မာ့လက်ရွေးစင်ကစားသမားများ ဖြစ်သည့် အောင်ထွန်းထွန်း၊ ကြည်လွင်၊ သန်းတိုးအောင်၊ မျိုးလှိုင်ဝင်း၊ အောင်နိုင်၊ ဝင်းအောင်တို့မှာ ပြည်ပကလပ်အသင်းများတွင် သွားရောက်ကစားခဲ့ဖူးပြီး နောက်ပိုင်းတွင် ပြည်ပထွက်ခွာကစားမှု မရှိသလောက်ဖြစ်ခဲ့ကာ ၂၀၁၀ ဝန်းကျင်မှသာ ပြန်လည်ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။ ဘလတ်စတီးယားအသင်းတွင် သွားရောက်ကစားနေသည့် ကျော်ဇေယျာဝင်းသည် ၂၀၁၄ ခုနှစ်က မလေးရှားကလပ် ပီရတ်အသင်းတွင် သွားရောက် ကစားခဲ့ဖူးကြောင်း သိရသည်။

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)၌ လက်တွေ့သရုပ်ပြ

**မန္တလေး ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့ ပုလဲငွေရောင်ရပ်ကွက်ရှိ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေး ဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသခြင်းကို ယနေ့ မွန်းလွဲ ၁ နာရီက အဆိုပါသတင်းစာတိုက်၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး) စာတည်းမှူး ဦးလှရွှေ ဦးဆောင်သည့် ဝန်ထမ်းများ၊ မန္တလေးတိုင်းဒေသကြီး ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မန္တလေးရုံးခွဲမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထက်အောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပုလဲငွေရောင်ရပ်ကွက် အရန်မီးသတ်စခန်းမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာမီးသတ်ဦးစီးအရာရှိက ပရိုဂျက်တာဖြင့် ရှင်းလင်းပြသ၍ အသိပညာပေးပြောကြားသည်။ ထို့နောက် မီးသတ်ဦးစီးမှူးက အရာထမ်း၊ အမှုထမ်းများကို မီးသတ်ဆေးဘူးများသုံးစွဲကာ လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်လေ့ကျင့်မှုများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**တင်မောင်(မန်းကိုယ်ပွား)**



# ချေးငွေများကို အလေအလွင့် အယိုအဖိတ်မရှိစေရန် စနစ်တကျသုံးစွဲ ဝယ်ယူသည့်ပစ္စည်းများတန်ရာတန်ဖိုးဖြစ်စေရေး သုံးစွဲသည့်ဌာနများက အလေးထားဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ယခုရယူမည့် KfW Development Bank ချေးငွေသည် ဆိုင်းငံ့ကာလ ၁၀ နှစ် ပြန်ဆပ်ကာလ နှစ် ၃၀ ဖြင့် ချေးငွေသက်တမ်း နှစ် ၄၀ ဖြစ်ကြောင်း ဘဏ္ဍာရေးနှင့် စီမံကိန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် **စတုတ္ထပုံမှန်အစည်းအဝေး ဒသမနေ့တွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းစက်ရုံ (ရွာထောင်) တိုးတက်ကောင်းမွန်ရေး စီမံကိန်းဆောင်ရွက်ရန် KfW Development Bank မှ ယူရို ၅ သန်း ချေးယူရန်ကိစ္စနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီးက ထိုသို့ ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ပြန်ဆပ်ကာလ နှစ် ၃၀ ဖြစ်၍ တစ်နှစ်လျှင် အရင်း ယူရို ၀ ဒသမ ၁၆၇ သန်းခန့် ပေးချေရမည်ဖြစ်ပြီး အတိုးအနေဖြင့် တစ်နှစ်လျှင် ယူရို ၀ ဒသမ ၀၃၇ သန်းခန့် ပေးချေရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြန်ဆပ်ကာလအတွင်း၌ အကြမ်းအားဖြင့် တစ်နှစ်လျှင် ယူရို ၀ ဒသမ ၂၀၄ သန်းခန့် (မြန်မာကျပ်ငွေ ၂၉၂သန်းခန့်) ပေးချေရမည်ဖြစ်ကြောင်း၊ အရင်းဆပ်ပြီးသည့် အခြေအနေအပေါ်မူတည်၍ကျသင့်အတိုးငွေသည်လည်း လျော့နည်းသွားမည်ဖြစ်ကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်မှုများကို စောင့်ကြည့်သုံးသပ်ရေး၊ စီမံကိန်းအစီရင်ခံစာတင်ပြရေး၊ ချေးငွေများကို အလေအလွင့် အယိုအဖိတ်မရှိစေရန် စနစ်တကျ သုံးစွဲရေး၊ ချေးငွေဖြင့် ဝယ်ယူသည့် ပစ္စည်းများ တန်ရာတန်ဖိုးဖြစ်စေရေး စသည်တို့ကို ချေးငွေသုံးစွဲသည့် ဌာနများက အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ချေးငွေစာချုပ်ချုပ်ဆိုရန် နှစ်ဦးနှစ်ဖက် ညှိနှိုင်းသည့်အခါ မိမိနိုင်ငံအတွက် နစ်နာမှုမရှိစေရန် အသေးစိတ်စိစစ်၍ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့အပြင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးကလည်း နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် မြန်မာ့မီးရထားဒီဇယ်စက်ခေါင်းစက်ရုံ (ရွာထောင်) တိုးတက်ကောင်းမွန်ရေး စီမံကိန်းဆောင်ရွက်ရန် KfW Development Bank မှ ယူရို ၅ သန်း ချေးယူရန်ကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းစက်ရုံ (ရွာထောင်) တိုးတက်ကောင်းမွန်ရေး စီမံကိန်းဆောင်ရွက်ရန် KfW Development Bank မှ ယူရို ၅သန်း ချေးယူရန်ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားဆန္ဒကို စက်ခလုတ်နှိပ်အသုံးပြုရယူပြီး ထောက်ခံမဲ ၅၀၆ မဲ၊ ကန့်ကွက်မဲ ၆ မဲ၊ ကြားနေမဲ ၆ မဲ ဖြင့် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။



ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက က အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာပူးပေါင်းကော်မတီနှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီတို့ကို ၂၀၁၆ ခုနှစ် မတ် ၁ ရက်တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် လွှတ်တော်၏ သဘောတူညီချက်ရယူ၍ သက်တမ်း (၁) နှစ် သတ်မှတ်ဖွဲ့စည်းခဲ့သည့်အတွက် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် သက်တမ်း ကုန်ဆုံးတော့မည်ဖြစ်ကြောင်း၊ **အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာပူးပေါင်းကော်မတီနှင့်နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီတို့၏ သက်တမ်းကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်ထိ နောက်ထပ် (၁) နှစ် သက်တမ်းတိုးမြှင့်နိုင်ရေးနှင့် စပ်လျဉ်း၍** လွှတ်တော်၏သဘောထားဆန္ဒ ရယူလိုကြောင်းပြောကြားပြီး လွှတ်တော်၏ သဘောထားဆန္ဒရယူကာ အဆိုပါ ပူးပေါင်းကော်မတီများအတွက် နောက်ထပ် (၁) နှစ်သက်တမ်းတိုးမြှင့်နိုင်ရေးကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကို လွှတ်တော်၏ သဘောတူညီချက်ဖြင့် ၂၀၁၆ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ အဖွဲ့ဝင် ၃၈ ဦးဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မရှင်စတင်ဖွဲ့စည်းစဉ်က သက်တမ်း(၁)နှစ် သတ်မှတ်ထားသည့်အတွက် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် (၁) နှစ်ပြည့်မြောက်ပြီဖြစ်ပါကြောင်း၊ တစ်ဆက်တည်းမှာပင် ကော်မရှင်အဖွဲ့ဝင်များအနက် မွန်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌဟောင်း ဦးကျင်ဖေအား ၎င်း၏ဆန္ဒအလျောက် နုတ်ထွက်ခွင့်ပြုပါရန်နှင့် မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌဟောင်း ဦးရဲမြင့်အား ကော်မရှင်အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်သို့ တင်ပြလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်သက်တမ်းတိုးမြှင့်ခြင်း၊ အဖွဲ့ဝင်တစ်ဦး နုတ်ထွက်ခွင့်ပြုခြင်း၊ အစားထိုးခန့်အပ်ခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားဆန္ဒရယူရာ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် မောင်မောင်က ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် သက်တမ်းတိုးမြှင့်ခြင်းကို ကန့်ကွက်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် သက်တမ်းတိုးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏သဘောထားဆန္ဒကို စက်ခလုတ်နှိပ်အသုံးပြုရယူရာ ထောက်ခံမဲ ၃၃၃ မဲ၊ ကန့်ကွက်မဲ ၁၈၉ မဲ၊ ကြားနေမဲ ၆ မဲ ဖြင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် သက်တမ်းတိုးမြှင့်ခြင်းကို အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် **၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ မူနှင့် အခြေခံသဘောအပါအဝင် စီမံကိန်းလုပ်ငန်းနှင့်စပ်လျဉ်း၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)မှ ဦးမျိုးဝင်းက** ခေတ်အဆက်ဆက် အစီရင်ခံစာများကြောင့် နိုင်ငံသည် အချမ်းသာဆုံးနိုင်ငံအဖြစ်မှ အဆင်းရဲဆုံးနိုင်ငံအဖြစ်သို့ ကျဆင်းခဲ့ပါကြောင်း၊ ငွေလွှဲနှုန်းကို အရှိကိုအရှိအတိုင်း တင်ပြထားသည့် အစီရင်ခံစာဖြင့်သာ အခြေအနေမှန်ကို သုံးသပ်နိုင်မည်ဖြစ်ကြောင်း၊ ဆောင်ရွက်ထားသည့် စီမံကိန်းတစ်ခုချင်းကို အသေးစိတ် ပြန်လည်လေ့လာရန် လိုအပ်လျက်ရှိပြီး အရှိကိုအရှိအတိုင်း သုံးသပ်မှသာ ဆက်လက်ဆောင်ရွက်သင့်၊ ရပ်နားသင့်၊ ဖက်စပ်လုပ်သင့်နှင့် ဖျက်သိမ်းသင့်ဆိုသည်များ ပေါ်ထွက်လာမည်ဖြစ်ပြီး နိုင်ငံ့ဘဏ္ဍာယိုဖိတ်မှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း။

အထည်ချုပ်လုပ်ငန်းများ၊ အိမ်တွင်းအသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း SME များနှင့် Tourism လုပ်ငန်းများ ဖွံ့ဖြိုးလာရန် ဦးစွာရင်းနှီးမြှုပ်နှံသင့်ပါကြောင်း၊ မှန်ကန်သည့်စီမံကိန်းများဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် မျှော်လင့်ပါကြောင်း ဆွေးနွေးသည်။

ထို့အပြင် ဆိပ်ကြီးခနောင်တို မဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်၊ ကျိုက်လတ် မဲဆန္ဒနယ်မှ ဦးရန်လင်း၊ လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း၊ ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း၊ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်၊ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၅)မှ ဦးရဲထွဋ်၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၆)မှ ဒေါ်နန်းနီနီအေး၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ် (၁၀) မှ နော်လှလှစိုး၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၄)မှ ဦးကျော်ကျော်၊ ညောင်တုန်း မဲဆန္ဒနယ်မှ ဦးအုန်းလွင်၊ ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်၊ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၊ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦးနှင့် ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအေးမင်းအောင်တို့ကလည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ မူနှင့် အခြေခံသဘောအပါအဝင် စီမံကိန်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ နောက်ဆက်တွဲ ၂(က)ပါ စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များသည် အချို့စီမံကိန်းလုပ်ငန်းများကို ငြင်းပယ်ရန်နှင့် လျှော့၍ခွင့်ပြုရန် အဆိုများ ပါဝင်နေသည့်အတွက် လိုအပ်ပါက ပူးပေါင်းကော်မတီနှစ်ရပ်၊ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးထားသည့် လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပြီး ပိုမိုကောင်းမွန်သည့် ပြင်ဆင်ချက်များရရှိပါက အဆုံးအဖြတ်ရယူရာတွင် တစ်ပါတည်း တင်ပြအတည်ပြုနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာတွင်ပါရှိသည့် မူသဘောအကြံပြုချက်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏မူနှင့် အခြေခံသဘော ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း အစီအစဉ်ကို လာမည့် ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများအပေါ် အတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများနှင့် စပ်လျဉ်း၍ အဆိုတင်သွင်းခြင်း၊ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ၂၀၁၇ ခုနှစ် မတ် ၆ ရက်တွင် ဆက်လက်ဆောင်ရွက်ရန် လျာထားကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုလွှတ်တော်အစည်းအဝေး လာရောက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး နဝမနေ့ကျင်းပနေမှုအား ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနနှင့် မန္တလေးတက္ကသိုလ်၊ နိုင်ငံတကာဆက်ဆံရေးပညာဌာန၊ နိုင်ငံရေးသိပ္ပံဘွဲ့လွန် ဒီပလိုမာသင်တန်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး နဝမနေ့သို့ လွှတ်တော် ကိုယ်စားလှယ်များမှတစ်ဆင့် လာရောက်လေ့လာသူ ၂၉၄ ဦးနှင့် စတင်ကျင်းပသည့် အချိန်မှ ယနေ့ထိ ၂၁၆၄၉ ဦးရှိကြောင်းနှင့် လွှတ်တော်လေ့လာရေးအတွက် ညွှန်ကြားရေးမှူးချုပ်ထံလိပ်မူ၍ သုံးရက်ကြိုတင်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ထူးခြားသည့်ညအပူချိန်များမှာ နမ့်စန်မြို့၌ ၄ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့နှင့် ဟားခါးမြို့တို့၌ ၅ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။**

## တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက တရားမဝင်ကုန်စည်စီးဆင်းမှု တားဆီးထိန်းချုပ်ရေးစီမံချက်အား မတ် ၁ ရက်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည့်အတွက် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များတွင်ရှိသော ဌာနများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှသာ စီမံချက်အောင်မြင်မည်ဖြစ်ကြောင်း။

ဆက်လက်၍ အကောက်ခွန်ဦးစီးဌာနအနေဖြင့် တရားမဝင်ကုန်စည်သယ်ဆောင်မှုများ တားဆီးရေးကိုရှေးရှုသည့်နှင့် ကာလတိုလုပ်ငန်းစဉ် နှစ်ရပ်ဖြင့် တားဆီးထိန်းချုပ်မည့် အစီအမံအား ပထမအဆင့် ကချင်ပြည်နယ်၊ ဒုတိယအဆင့် ရှမ်း၊ ကရင်၊ ပဲခူးတိုင်းဒေသကြီး၊ တတိယအဆင့် စစ်ကိုင်း၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နယ်စပ်ဂိတ်များတွင် ကုန်စည်စီးဆင်းမှုအား နှစ်ဖက်နိုင်ငံ အကောက်ခွန်ဦးစီးဌာနတို့ ညှိနှိုင်း၍ ခွင့်ပြုသင့် /ခွင့်မပြုသင့်သည့် ပစ္စည်းများအား ညှိနှိုင်းသွားရန်ဖြစ်ကြောင်း၊ ပြည်တွင်း တရားမဝင်ကုန်စည်များ မရောင်းချနိုင်ရန် အသိပညာပေး လုပ်ငန်းစဉ်များ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ တရားဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နိုင်သည့် ကုန်စည်စီးဆင်းမှုလမ်းကြောင်းမှန်ပေါ်သို့ ရောက်အောင် ဆွဲတင်ရမည်ဖြစ်ကြောင်း။

ထို့အပြင် စစ်ဆေးရေးဂိတ်များတွင်စစ်ဆေးသည့် သတင်းများနှင့် ဖမ်းဆီးရရှိသည့်သတင်းများအား အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရေး မီဒီယာများနှင့် ဆက်သွယ်ဆောင်ရွက်ထားကြောင်း၊ ဖမ်းဆီးရမိသည့်ပစ္စည်း၏ ၅၀ ရာခိုင်နှုန်းကို ဆုချီးမြှင့်မည်ဖြစ်ပြီး ပါဝင်ဖမ်းဆီးသည့် ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



# လုံခြုံရေးကဏ္ဍဆိုင်ရာအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) တွင် ပါဝင်သည့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**သတင်း..ရဲခေါင်ညွန့်၊ ဓာတ်ပုံ..ဖိုးထောင်**



**ရန်ကုန် ဖေဖော်ဝါရီ ၂၇**
ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်သည့် မြန်မာနိုင်ငံ၏ လုံခြုံရေးကဏ္ဍဆိုင်ရာအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) တွင် ပါဝင်သည့် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ Orchid ဟိုတယ်၌ ကျင်းပသည်။

နိုင်ငံရေးအစုအဖွဲ့ UPDJC ၏ အတွင်းရေးမှူး စိုင်းကျော်ညွန့် (ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်) က "ကျွန်တော်တို့ ၂၂ ပါတီအနေနဲ့ ကျွန်တော်တို့နိုင်ငံမှာ လုံခြုံရေးကို ဘယ်လိုမျိုးပုံစံနဲ့ သွားသင့်တယ်ဆိုတာကို လုံခြုံရေးကဏ္ဍနဲ့ ပတ်သက်ပြီး ဆက်လက်ဆွေးနွေးမှာဖြစ်ပါတယ်။ ဒီမှာဆွေးနွေးရင်းနဲ့ မူဝါဒတွေသဘောထားတွေရခဲ့မယ်ဆိုရင် လုပ်ငန်းကော်မတီမှာ ဆွေးနွေးတာတွေ၊ UPDJC မှာ ဆွေးနွေးတာတွေ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံအတွက် ဆွေးနွေးတာတွေအပေါ်မှာ အခုဆွေးနွေးတဲ့ ဆွေးနွေးချက်တွေကို အသုံးပြုသွားမှာပါ။ လုံခြုံရေးကဏ္ဍနဲ့ ပတ်သက်ပြီး ပါတီတွေက အများကြီးဆွေးနွေးတာ မရှိသေးဘူး။ ဒီလိုအလုပ်ရုံဆွေးနွေးပွဲတွေမှာ တွေ့ဆုံပြီးတော့ ဆက်လက်ဆွေးနွေးရဦးမှာပါ"ဟု ပြောသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံတကာလုံခြုံရေးကဏ္ဍ အစီအစဉ်ချမှတ်ခြင်းနှင့် အသွင်ကူးပြောင်းခြင်း၊ လုံခြုံရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ခြင်း မိတ်ဆက်၊ အခြေခံအချက်အလက်များနှင့် မူများ၊ တောင်အာဖရိကနိုင်ငံ၏ ကာကွယ်ရေးအသွင်ကူးပြောင်းခြင်း ဖြစ်စဉ်အတွေ့အကြုံကို လေ့လာခြင်း၊ ဘက်စုံလွှမ်းခြုံသော လုံခြုံရေးကဏ္ဍကို ညှိနှိုင်းဆွေးနွေးခြင်းတို့ကို အင်္ဂလန်မှ အငြိမ်းစား ဗိုလ်မှူးချုပ် Gordon Hughes မှ နေ၍ ဦးဆောင်ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

နိုင်ငံရေးအစုအဖွဲ့ UPDJC အဖွဲ့ဝင် ဦးထွန်းထွန်းဟိန် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)က "လုံခြုံရေးကဏ္ဍဆိုတဲ့ ကိစ္စက ငြိမ်းချမ်းရေးတစ်ခုလုံးမှာဆိုရင် အရေးအကြီးဆုံးပါပဲ။ သဘောတူညီချက်ရဖို့လည်းအခက်ခဲဆုံး ဖြစ်လိမ့်မယ်လို့ စဉ်းစားရတဲ့ ကဏ္ဍတစ်ခုပါ။ နိုင်ငံရေးနဲ့ လုံခြုံရေးကမတူပါဘူး။ နိုင်ငံရေးက နိုင်ငံရေး တစ်ပိုင်းပဲ။ လုံခြုံရေးက ကဏ္ဍတစ်ခုပါ။ ကျွန်တော်တို့က နိုင်ငံရေးသမားဖြစ်တာကြောင့် နိုင်ငံရေးကိုတော့ တီးမိခေါက်မိရှိပါတယ်။ လုံခြုံရေးကဏ္ဍနဲ့ ပတ်သက်ရင်တော့ ကျွန်တော်တို့ဘက်က တော်တော်လေး အားနည်းတယ်လို့ ပြောရမယ်။ လုံခြုံရေးကဏ္ဍနဲ့ပတ်သက်ပြီးတော့ အခုလို အတွေ့အကြုံရှိတဲ့သူတွေက လာပြီးရှင်းပြတယ်ဆိုတော့ ခေါင်းထဲမှာလည်း အတွေးအခေါ်ရတယ်။ တော်တော်လေး အထောက်အကူပြုတယ်လို့တော့ပြောလို့ရမယ်"ဟု ယနေ့ဆွေးနွေးပွဲနှင့်ပတ်သက်၍ ပြောကြားသည်။

လုံခြုံရေးကဏ္ဍဆိုင်ရာ အတွက် အလုပ်ရုံဆွေးနွေးပွဲကို HD Center ၏ စီစဉ်မှုဖြင့် ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၁ ရက်အထိ သုံးရက်ကြာကျင်းပသွားမည်ဖြစ်ပြီး ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) နိုင်ငံရေးပါတီအစုအဖွဲ့တွင် ၂၀၁၅ ရွေးကောက်ပွဲတွင် အနိုင်ရထားသည့်ပါတီ ၂၂ ပါတီမှ ကိုယ်စားလှယ်များ ပါဝင်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးကို လာမည့် မတ်လအတွင်းကျင်းပနိုင်ရန် ရည်ရွယ်ထားပြီးညီလာခံတွင် နိုင်ငံရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ မြေယာနှင့် သဘာဝသယံဇာတဆိုင်ရာကဏ္ဍတို့ကို ဆွေးနွေးမည်ဖြစ်ပြီး အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများမှ ရရှိလာသည့် အခြေခံမူများကိုလည်း တင်သွင်းကြမည်ဖြစ်သည်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းကြိုတင်ကာကွယ်ရေးအတွက် ဆိုင်ကယ် အစီး ၁၀၀ ပေးအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**
ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဝင်းအတွင်း၌ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် မြန်ဆန်စွာအသုံးပြုနိုင်ရန် မော်တော်ဆိုင် ကယ် အစီး ၁၀၀ အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်မှ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးထံ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကျင်းပခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် မြန်ဆန်ထိရောက်စေရန် ငွေကျပ်သိန်းနှစ်ထောင်တန်ဖိုးရှိ Mother Trading Construction Co.Ltd မှ လှူဒါန်းသော Avenger Cruise 220,2016 Model မော်တော်ဆိုင်ကယ် အစီး ၁၀၀ အား ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရဲမှူးချုပ်ဝင်းနိုင်ထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး **(အောက်ဝဲပုံ)** တိုင်းရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင် ၁၀၀ တို့က ဆိုင်ကယ်များနှင့်အတူ မြို့နယ်အလိုက် လုံခြုံရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေး လုပ်ငန်းများ စတင်ဆောင်ရွက်ရန်အတွက် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ် ပူဇော်ကာထွက်ခွာစဉ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးများက အောင်သပြေခက်ဖြင့် အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့သည်။



ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ရဲတပ်ဖွဲ့အတွက် ဆိုင်ကယ်အစီး ၁၀၀ လှူဒါန်းသော Mother Trading Construction Co.Ltd မှ မန်နေဂျင်းဒါရိုက်တာဦးအောင်မြတ်အား တိုင်းရဲတပ်ဖွဲ့မှူးရဲမှူးချုပ်ဝင်းနိုင်က ဂုဏ်ပြုမှတ်တမ်း ပေးအပ်ခဲ့သည်။

မှုခင်းကြိုတင်ကာကွယ်ရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းတို့တွင် ထိရောက်မြန်ဆန်စွာ အသုံးပြုနိုင်ရန် အလှူရှင်တစ်ဦးမှ လှူဒါန်းထားသော ဆိုင်ကယ်အစီး ၁၀၀ အား အရှေ့ပိုင်းခရိုင်အတွက် ၃၃ စီး၊ အနောက်ပိုင်းခရိုင်အတွက် အစီး ၃၀၊ တောင်ပိုင်းခရိုင်အတွက် ၁၄စီး၊ မြောက်ပိုင်းခရိုင်အတွက် ၁၉ စီးနှင့် တိုင်းရဲအကူတပ်ဖွဲ့အတွက် လေးစီးအား ဖြန့်ဝေတာဝန်ပေးထားပြီးဖြစ်ကြောင်းသိရသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်း တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးအတွက် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တစိုက်မတ်မတ်ဆောင်ရွက်လာမှုကို ယနေ့ညပိုင်းတွင် မှုခင်းဖြစ်ပွားမှုများသည့် လှိုင်သာယာမြို့နယ်ရှိ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေသော နေရာ ၄၆ နေရာအား မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးနှင့် လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့မှူးတို့ မြို့နယ်လုံခြုံရေးဆောင်ရွက်ထားမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် လာရောက်ကြည့်ရှုမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက် (လှိုင်သာယာ)**

# မောင်တောမြို့၌ ငြိမ်းချမ်းစွာလှည့်လည်စီတန်း ဆန္ဒဖော်ထုတ်မှုပြုလုပ်

**မောင်တော ဖေဖော်ဝါရီ ၂၇**
မောင်တောမြို့(ရခိုင်လူမှုကွန်ရက်)မှ ဦးစိန်လှဖြူ ဦးဆောင်သော ဒေသခံတိုင်းရင်းသား ၄၀၀ ခန့်သည် ဖေဖော်ဝါရီ ၂၇ ရက်နေ့ မွန်းလွဲ ၁ နာရီက "၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှု ဥပဒေကို မှန်မှန်ကန်ကန်စိစစ်ပေးရန်၊ နိုင်ငံသားစိစစ်ရေးကော်မတီ၌ တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်ခွင့်ရရှိရေးနှင့် ဥပဒေနှင့်မညီသော နိုင်ငံသားကတ်ထုတ်ပေးနေခြင်းအား ပြန်လည်ရုပ်သိမ်းပေးရန်" ရည်ရွယ်ချက်ဖြင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်၍ ဆန္ဒဖော်ထုတ်ကြသည်။ **(ယာပုံ)**



ဆန္ဒဖော်ထုတ်ကြသူများသည် သက်ဆိုင်ရာသို့ တရားဝင်ခွင့်ပြုချက်တင်ပြ၍ မောင်တောအားကစားကွင်း၌ စတင်စုဝေးပြီး မွန်းလွဲ ၁ နာရီတွင် မောင်တောအားကစားကွင်းတောင်ဘက်ပေါက်မှ အလောင်းဘုရားလမ်း၊ ထိုမှတစ်ဆင့် ဆွမ်းအုပ်လမ်းဆုံလမ်း၊ ဦးဥတ္တမလမ်းအတိုင်း၊ ထိုမှတစ်ဆင့် မူကြိုလမ်းဆုံမှ မြို့မဈေးမြောက်ဘက် မင်းချင်းပျံလမ်းမှ သာသနာ့ဗိမာန်လမ်းဆုံ၊ ထိုမှတစ်ဆင့် မင်းဘာကြီးလမ်းအား ချိုးကွေ့လျက်၊ လဝကရုံးရှေ့အားဖြတ်၍ မဟာကျော်လမ်း၊ မင်းဖလောင်းလမ်း၊ သပြေလမ်း၊ မင်းရဲကျော်စွာလမ်းအတိုင်း လှည့်လည်စီတန်း ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

*ရှေ့ဖုံးမှ*

(National Centre for the Preservation and Conservation of Manuscripts) ကို ၁၉၉၄ ခု၊ စက်တင်ဘာ ၈ ရက်က ပညာရေးဝန်ကြီးဌာန၏ လက်အောက်ခံအဖွဲ့အစည်းအဖြစ် ဖွဲ့စည်းခဲ့သော်လည်း အမျိုးသားကော်မရှင်သည် ၁၉၉၄ ခုနှစ်တစ်နှစ်တည်းသာ လုပ်ငန်းဆောင်ရွက်နိုင်ပြီး နောက်ပိုင်းတွင် လုပ်ငန်းများ ရပ်တန့်သွားခဲ့သည်။

သို့ဖြစ်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ပေ၊ ပုရပိုက် စုဆောင်းထိန်းသိမ်းရေးအဖွဲ့ကို ဥက္ကဋ္ဌအဖြစ် ဒေါက်တာသော်ကောင်း၊ အတွင်းရေးမှူးအဖြစ် ဒေါက်တာကျော်ဝင်း (အတွင်းရေးမှူး၊ မြန်မာသမိုင်းအဖွဲ့)၊ တွဲဖက်အတွင်းရေးမှူးအဖြစ် ဒေါက်တာကေသီထွေး [ညွှန်ကြားရေးမှူး၊ အမျိုးသားစာကြည့်တိုက် (နေပြည်တော်)] တို့အပြင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းလိုက်ကြောင်း သိရသည်။

**ဆက်သွယ်ဆောင်ရွက်နိုင်**

ရှေးဟောင်း ပေ၊ ပုရပိုက်နှင့် လက်ရေးစာများသည် စဉ်ဆက်မပြတ်သော မြန်မာ့သမိုင်းဖြစ်ရပ်အမှန် ပြုစုရေးအတွက် အရေးပါသော သမိုင်းအထောက်အထား ဖြစ်သည်သာမက မြန်မာစာပေသမိုင်း ဖြစ်ပေါ်တိုးတက်မှုဖြစ်စဉ်တွင်လည်း အရေးပါသော စာပေအထောက်အထားများဖြစ်ကြသဖြင့် ရှေးဟောင်းစာပေ၊ ပုရပိုက်၊ လက်ရေးစာများ စုဆောင်းထားရှိသူများအနေဖြင့် လှူဒါန်းလိုလျှင်သော်လည်းကောင်း၊ စုဆောင်းထားရှိသောနေရာ၌ စနစ်တကျ ထိန်းသိမ်းထားရှိနိုင်ရန်နှင့် ပြုပြင်ထိန်းသိမ်းခြင်း၊ စာရင်းပြုစုခြင်းများ ဆောင်ရွက်လိုလျှင်သော်လည်းကောင်း ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ် နွားရုံတောင်ကျေးရွာရာအိမ်မှူး ဓားခုတ်ခံရ



နွားရုံတောင်ကျေးရွာမှ ရာအိမ်မှူး ဓားခုတ်ခံရသည့် နေရာပြမြေပုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မောင်တောမြို့နယ် နွားရုံတောင်ကျေးရွာ၌ ဖေဖော်ဝါရီ ၂၄ရက် ညပိုင်းက ရာအိမ်မှူးတစ်ဦး ဓားခုတ်ခံရကြောင်း သိရသည်။

**ဖမ်းဆီးရမိရေးဆောင်ရွက်**

မောင်တောမြို့နယ် နွားရုံတောင်ကျေးရွာ၌ ဖေဖော်ဝါရီ ၂၄ ရက် ည ၈ နာရီက ရာအိမ်မှူး အဒူဇော်လီ (၃၈ နှစ်) သည် ကျေးရွာလုံခြုံရေး ကင်းနေရာ ချထားရေးဆောင်ရွက်ပြီး နေအိမ်သို့ ပြန်လာစဉ် အိမ်အနီး၌ လူတစ်ဦးက ရုတ်တရက် ဓားဖြင့်ခုတ်ခဲ့မှုကြောင့် လက်ဖျံ၌ ပြတ်ရှဒဏ်ရာရရှိခဲ့ကြောင်းနှင့် ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

# မောင်တောမြို့တွင် နွေရာသီကျောင်းပိတ်ရက် ကရာတေးဒိုသင်တန်းဖွင့်

**မောင်တော ဖေဖော်ဝါရီ ၂၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် လူမှုကူညီရေးအသင်းနှင့် ရခိုင်အာကီဒို၊ ကရာတေးဒိုအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံကရာတေးသင်တန်းကို ယနေ့ညနေပိုင်းက မောင်တောမြို့ အခြေခံပညာ မူလတန်းကျောင်း၌ စတင်ဖွင့်လှစ်သည်။

"ကရာတေးပညာဆိုတာ လက်နက်မဲ့ ကိုယ်ခံပညာတစ်ရပ်ဖြစ်ပါတယ်။ အရေးကြုံလာရင် ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်သလို စိတ်ဓာတ်နဲ့ခန္ဓာကိုယ် ကြံ့ခိုင်မှုကိုလည်း ဖြစ်စေပါတယ်။ ကရာတေးပညာရပ်ဟာ နိုင်ငံတကာ အားကစားပြိုင်ပွဲတွေမှာလည်း စည်းစနစ်နဲ့ တကွ ထည့်သွင်းကျင်းပတဲ့ အားကစားနည်းတစ်ရပ်ဖြစ်တာကြောင့် ဒီသင်တန်းကနေ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားတွေ ပေါ်ထွက်လာတဲ့အထိ ကြိုးစားလေ့ကျင့်သွားစေလိုပါတယ်"ဟု ရခိုင်အာကီဒိုကရာတေးဒိုအသင်းမှ နာယကတစ်ဦးက ပြောသည်။

"သမီးက ကရာတေးပညာကို ငယ်ငယ်လေးကတည်းက စိတ်ဝင်စားတာပါ။ ဒီပညာဟာ ယောကျ်ားတွေနဲ့ပဲဆိုင်တယ်၊ အမျိုးသမီးတွေနဲ့မဆိုင်ဘူးလို့ ထင်နေကြပါတယ်။ ဒါပေမယ့် ဒီပညာတတ်ထားရင် အရေးကြုံလာရင် ကိုယ့်ကိုယ်ကိုယ်ကာကွယ်နိုင်တဲ့ ပညာဖြစ်တာမို့ သင်တန်းပြီးဆုံးတဲ့အထိ ကြိုးစားသင်ယူသွားမှာပါ"ဟု သင်တန်းသူ မနှင်းဝေဖြိုးက ပြောသည်။

**သင်ကြားပေးသွားမည်**

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၂၇ ရက်မှစတင်ပြီး ၄၅ ရက်တိုင် ညနေ ၄ နာရီမှ ၆ နာရီအထိ သင်ကြားပေးသွားမည်ဖြစ်သည်။ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၅၀ တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းဆင်းလက်မှတ်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးမြ(မန္တလေး)၊ အေးမင်းသူ**



# မိုးမိတ်မြို့ ဟင်ခုတ်ကျေးရွာတောင်ဘက် ထင်းသွားခုတ်သည့်ရွာသား တိုက်မိုင်းထိမိပေါက်ကွဲ၍ ဒဏ်ရာရရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မိုးမိတ်မြို့နယ် အရှေ့တောင်ဘက် ၂၁ မိုင်ခန့်အကွာ၌ ဖော်ဖော်ဝါရီ ၂၅ ရက် မွန်းတည့်ချိန်က TNLA လက်နက်ကိုင်အဖွဲ့ ထောင်ထားသည့် တိုက်မိုင်းတစ်လုံးအား တိုက်မိ ပေါက်ကွဲရာမှ ပြည်သူတစ်ဦး မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မိုးမိတ်မြို့နယ် ဟင်ခုတ်ကျေးရွာနေ ဦးလထော်ဂမ်သည် ရွာတောင်ဘက်သို့ ထင်းသွားခုတ်စဉ် TNLA လက်နက်ကိုင်များ ထောင်ထားသည့် တိုက်မိုင်းအား တိုက်မိရာမှ ပေါက်ကွဲခဲ့ပြီး ညာခြေထောက်ကျိုး၊ ဘယ်ဘက် ခြေထောက်နှင့် မျက်စိတို့တွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါ လူနာအား မိုးကုတ်ပြည်သူ့ဆေးရုံပို့ဆောင်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စစ်တွေမြို့နယ် ဒါးပိုင်ရွာဟောင်းတွင် မီးလောင်မှုဖြစ်ပွား

**စစ်တွေ ဖေဖော်ဝါရီ ၂၇**

စစ်တွေမြို့နယ် ဘုမေကျေးရွာအုပ်စု ဒါးပိုင်ရွာဟောင်းတွင် ဖေဖော်ဝါရီ ၂၇ ရက် ညနေ ၅နာရီ မိနစ် ၅၀ က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုမှာ ဒါးပိုင်ရွာဟောင်းနေ အာမက်ဒူဆောင်း (၅၀ နှစ်) ၏နေအိမ်မှ စတင် လောင်ကျွမ်းခဲ့ကြောင်း သိရသည်။ ၎င်းနေအိမ်မှာ ဓနိမိုး၊ ဝါးထရံကာ၊ ဝါးခင်းပေ (၂၀×၃၀)ဖြစ်ပြီး ထမင်းချက်ရာမှ ထရံသို့မီးကူးစက်ကာ မီးစတင်လောင်ကျွမ်းခဲ့ရာ နေအိမ် သုံးလုံး၊ ကြက်ခြံတစ်ခြံ မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။ မီးလောင်ရာသို့ စစ်တွေမြို့နယ် မီးသတ်ဦးစီးမှူး ဦးဖြူချေဦးစီးပြီး မီးသတ်ယာဉ်ငါးစီး၊ မီးသတ် တပ်ဖွဲ့ဝင်များ ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီ ၁၅ မိနစ်တွင်မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ မီးလောင်မှုနှင့် ပတ်သက်၍ အာမက် ဒူဆောင်း (၅၀ နှစ်)အား စစ်တွေမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးက အရေးယူဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှသိရသည်။

အလားတူ ယနေ့ညနေပိုင်းက မောင်တောမြို့နယ် ဖားဝပ်ချောင်းကျေးရွာအုပ်စု ဖားဝပ်ချောင်းရွာဟောင်းနှင့် မောင်တော၊ ဘူးသီးတောင်ကားလမ်းဘေး နတ်စေတောင် ဘုန်းတော်ကြီးကျောင်းတို့တွင်လည်း မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# ပျောက်ဆုံးနေသော ခမီးလူမျိုးတစ်ဦး၏ အလောင်းအားတွေ့ရှိ


**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မောင်တောမြို့နယ် သရေကုန်းဘောင်ကျေးရွာ အနီးတောစပ်၌ ခမီးလူမျိုး နှစ်ဦးအား လူ သုံးဦးက ဖေဖော်ဝါရီ ၂၄ ရက် ညနေပိုင်းက ပုဆိန်၊ ဓားများဖြင့် တိုက်ခိုက်မှု ဖြစ်ပွားစဉ် ပျောက်ဆုံးနေသူ၏ အလောင်းအား ယမန်နေ့မွန်းလွဲပိုင်းက ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် ခမီးလူမျိုး အောင်ကျော်စိန် (၄၆ နှစ်)၏ ယာကျောတွင် ပြတ်ရှဒဏ်ရာ တစ်ချက် (မစိုးရိမ်ရ) ရရှိခဲ့သဖြင့် ဘူးသီးတောင် ဆေးရုံသို့ ပို့ဆောင်ထားပြီး ခမီးလူမျိုး ထွန်းသာမောင် (၂၈ နှစ်)မှာ ပြန်လည် ရောက်ရှိလာခြင်းမရှိသဖြင့် လုံခြုံရေး အဖွဲ့များနှင့် ပူးပေါင်းအဖွဲ့များက လိုက်လံရှာဖွေခဲ့ရာ ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲပိုင်းတွင် ကိုင်းကြီး(မြို)ရွာအနီးရှိ လက်ဝဲ ဒဏ်ချောင်းဖျားတွင် ထွန်းသာမောင်၏ အလောင်းအား ယာလည်ပင်း၊ ကျောကုန်း ပြတ်ရှဒဏ်ရာများဖြင့် ပြန်လည်တွေ့ရှိခဲ့ကြောင်းနှင့် တိုက်ခိုက်သူများအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထွန်းသာမောင်အလောင်း ပြန်လည်တွေ့ရှိသည့် နေရာပြမြေပုံ




# မောင်တောမြို့နယ် ဒုချီးယားတန်းတောင်ရွာ၌ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မောင်တောမြို့နယ် ဒုချီးယားတန်းတောင်ရွာတွင် ယမန်နေ့ မွန်းတည့်ချိန်က နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**မီးလောင်ဆုံးရှုံး**

မောင်တောမြို့နယ် နယ်မြေ ၇ ဒုချီးယားတန်းတောင်ရွာနေ ဖာတေမာခါတူ နေအိမ်၌ မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် ဖေဖော်ဝါရီ ၂၆ ရက် မွန်းတည့်ချိန်ခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ နေအိမ် တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရှိရ သည်။

(သတင်းစဉ်)

# မူးယစ်ဆေးဝါး ပြဿနာနှင့်ပတ်သက်၍ ဆွေးနွေးပွဲပြုလုပ်

**မောင်တော ဖေဖော်ဝါရီ ၂၇**

ရခိုင်ပြည်နယ် မောင်တောမြို့ရှိ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မူးယစ်ဆေးဝါးပြဿနာနှင့်ပတ်သက်၍ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲတွင် အောက်မြန်မာပြည် တာဝန်ခံ ဒုတိယရဲမှူးကြီး ကျော်ကျော်မင်းက ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသအတွင်း မူးယစ်ဆေးဝါး ပြဿနာနှင့် အနာဂတ်မှာဘယ်လိုဖြစ်လာမလဲခေါင်းစဉ်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ၊ ရောင်းဝယ်မှုပပျောက်ရေးနှင့် သုံးစွဲမှုပပျောက်ရေးဟူသော လုပ်ငန်းများတွင် အဓိကကျသော သုံးစွဲမှုပပျောက်လျှင် ရောင်းဝယ်မှုပပျောက်နိုင်ကြောင်း၊ မူးယစ်ဆေးသုံးစွဲမှု ပပျောက်ရေးအတွက် ပြည်သူများကပါ ပူးပေါင်းပါဝင်၍ လူငယ်များကို အသိပညာများ မျှဝေစေလိုကြောင်း စသည့်အကြောင်းအရာများကို ဒေသခံများနှင့် အပြန်အလှန်ဆွေးနွေးခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

# ပါလက်စတိုင်းဘက်မှ အစ္စရေးသို့ ဒုံးကျည်ပစ်ခတ်ခံရပြီးနောက် အစ္စရေးတိုက်လေယာဉ်များ ဟားမားစ်အဖွဲ့ကို ပစ်မှတ်ထားတိုက်ခိုက်

**ဂျေရုဆလင် ဖေဖော်ဝါရီ ၂၇**

ပါလက်စတိုင်းပိုင်နက် နယ်နိမိတ်ဘက်မှ အစ္စရေးတောင်ပိုင်းသို့ ဒုံးကျည်ပစ်ခတ်ခံရပြီးနောက်တွင် အစ္စရေးတိုက်လေယာဉ်များသည် တနင်္လာနေ့က ဂါဇာကမ်းမြောင်ဒေသကို လေကြောင်းတိုက်ခိုက်မှုများစွာ ပြုလုပ်ခဲ့ရာ လူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း ကျန်းမာရေးအာဏာပိုင်များနှင့် မျက်မြင်သက်သေများက ပြောကြားခဲ့သည်။

မျက်မြင်သက်သေများ၏ပြောပြချက်အရ တိုက်လေယာဉ်များသည် ဂါဇာဒေသတွင် တက်ကြွလှုပ်ရှားလျက်ရှိသော အစ္စလာမ္မစ်အဖွဲ့ဖြစ်သည့် ဟားမားစ်အပါအဝင် လုံခြုံရေးပစ်မှတ်လေးခုတို့ကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ထိခိုက်ဒဏ်ရာရရှိသူနှစ်ဦးသည် လုံခြုံရေးဂိတ်နံဘေးမှ ဖြတ်သွားသူများဖြစ်ကြောင်း သိရသည်။

ပါလက်စတိုင်းဘက်မှ ဝင်ရောက်လာသည့် ဒုံးကျည်ပစ်ခတ်မှုသည် အစ္စရေးတောင်ပိုင်းရှိ ဟင်းလင်းပြင်သို့ ကျရောက်ခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ကြောင်း အစ္စရေးတပ်မတော်က ပြောကြားခဲ့သည်။ လတ်တလောတွင် ဒုံးကျည်ပစ်ခတ်မှုနှင့် ပတ်သက်၍ မှတ်ချက်ချပြောဆိုခြင်း မရှိသေးကြောင်း သိရသည်။

ဒုံးကျည်ပစ်ခတ်မှုကို မည်သည့်အဖွဲ့အစည်းက ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ကြားသိရခြင်း မရှိသေးပေ။ အစ္စရေးနယ်နိမိတ်အတွင်း မည်သည့်ကိစ္စဖြစ်ပွားသည်ဖြစ်စေ ဟားမားစ်အဖွဲ့တွင် အပြည့်အဝတာဝန်ရှိကြောင်း အစ္စရေးဘက်က ပြောကြားခဲ့သည်။



ဟားမားစ်အဖွဲ့သည် ၂၀၁၄ ခုနှစ်က ဖြစ်ပွားခဲ့သည့် တိုက်ပွဲများအပြီးတွင် အစ္စရေးနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီခဲ့သည်။ သို့သော် ဂျီဟတ် ဆာလာဖစ်အဖွဲ့အစည်း၏ အစိတ်အပိုင်းဖြစ်သည့် လက်နက်ကိုင်အဖွဲ့များက အစ္စရေးသို့ ဒုံးကျည်ပစ်ခတ်မှုများ မကြာခဏပြုလုပ်ခဲ့သည်။ **(ရိုက်တာ)**

# အမြွာကလေးနှစ်ဦး အဝတ်လျှော်စက်ထဲ ပြုတ်ကျသေဆုံး

**နယူးဒေလီ ဖေဖော်ဝါရီ ၂၇**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် သုံးနှစ်အရွယ်အမြွာကလေးနှစ်ဦး အဝတ်လျှော်စက်ထဲပြုတ်ကျ သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ယမန်နေ့က ပြောကြားခဲ့သည်။

မိဘများက အိမ်တွင် အမြွာကလေးများကို ခဏထားခဲ့ပြီး အပြင်သွား ရာမှ ထိုကဲ့သို့ အဖြစ်ဆိုးမျိုး ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

အဆိုပါ မတော်တဆမှုသည် နယူးဒေလီမြို့ ရိုဟီနီဒေသ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အမြွာကလေးများ၏မိခင်သည် အိမ်နားမှဆိုင်သို့ ဆပ်ပြာမှုန့်သွားဝယ်စဉ် ထိုသို့ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ကလေးများကို မတွေ့ရသည့်အတွက် မိခင်က ဖခင်ကိုဖုန်းဆက်ခေါ်သဖြင့် ပြန်ရောက်ရှာဖွေရာတွင် ကလေးနှစ်ဦး အဝတ်လျှော်စက်ထဲ၌ သေဆုံးနေသည်ကို တွေ့ရကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောခဲ့သည်။

ဆေးရုံသို့ အလျင်အမြန်ပို့ဆောင်သော်လည်း ကလေးများ၏အသက်ကို မကယ်နိုင်တော့ကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးက ဆက်လက်ပြောကြားသည်။

ကလေးနှစ်ဦးသည် ရေအပြည့်ဖြည့်ထားသော အဝတ်လျှော်စက်အတွင်းသို့ မည်သို့ ပြုတ်ကျသေဆုံးခဲ့သည်ကို ရဲအရာရှိများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ဗီယက်နမ်တောင်ပိုင်း ဘန်ဒေါင်ပြည်နယ်တွင် အိမ်မီးလောင်၍ မိသားစုဝင်လေးဦးလုံးသေဆုံး

**ဟိုချီမင်းစီးတီး ဖေဖော်ဝါရီ ၂၇**

ဗီယက်နမ်နိုင်ငံတောင်ပိုင်း ဘန်ဒေါင်ပြည်နယ်တွင် ယမန်နေ့က နေအိမ်မီးလောင်မှုဖြစ်ပွားရာ ဇနီးမောင်နှံနှစ်ဦးနှင့် ၎င်းတို့၏ရင်သွေးငယ်နှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

သန်းခေါင်ယံကျော်ချိန်တွင် လောင်ကျွမ်းခဲ့သောမီးကြောင့် အိမ်ပိုင်ရှင် ဇနီးမောင်နှံနှစ်ဦးနှင့် ၎င်းတို့၏ အသက်သုံးနှစ်အရွယ် ကလေးငယ်တစ်ဦးနှင့် ကိုးနှစ်အရွယ် ကလေးတစ်ဦးတို့ အသက်ဆုံးရှုံးခဲ့ရကြောင်း မြို့နယ်ရဲတပ်ဖွဲ့က ပြောသည်။

မီးလောင်ကျွမ်းသည့်အိမ်ကို ဝိုင်းဝန်းငြိမ်းသတ်ရန် လူပေါင်းများစွာ ရောက်ရှိလာသော်လည်း အိမ်ဝင်ပေါက်တံခါးများမှာ သော့ခတ်ထားသဖြင့် အထဲသို့ ဝင်မရဖြစ်ခဲ့ပြီး မီးသတ်သမားများက အိမ်ထဲသို့ ကြိုးစားဝင်ရောက်သွားချိန်တွင် အိမ်သား လေးဦးစလုံးသေဆုံးနေပြီဖြစ်ကြောင်း၊ မိခင်ဖြစ်သူမှာ ကလေးငယ်တစ်ဦးကို ရင်ခွင်ပိုက်လျက် သေဆုံးနေကြောင်း မီးသတ်တပ်ဖွဲ့က ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# ရုရှားစစ်ဘက်ကလေယာဉ်နှင့် ရဟတ်ယာဉ်များ ထပ်မံတိုးချဲ့ဖြည့်တင်းမှုများပြုလုပ်

**မော်စကို ဖေဖော်ဝါရီ ၂၇**

ရုရှားစစ်ဘက်က ယခုနှစ်တွင် လေယာဉ်နှင့် ရဟတ်ယာဉ်စုစုပေါင်း အစင်း ၁၆၀ တိုးချဲ့တာဝန်ထမ်းဆောင်စေမည်ဖြစ်ကြောင်း လေတပ်ဦးစီးချုပ် ဘွန်ဒါရပ်ဗ်ကယမန်နေ့က ပြောကြားခဲ့သည်။ဘွန်ဒါရပ်ဗ်က ရုရှားနိုင်ငံတပ်ဖွဲ့များအနေဖြင့် စက်ယန္တရားသစ်များကို ဆက်လက်ဝယ်ယူသွားမည်ဖြစ်ပြီး လက်ရှိတွင် စက်ရုံများမှ စီမံထားသည့် အစီအစဉ်အလိုက် ထုတ်လုပ်မှုများကို ဆောင်ရွက်နေသောကြောင့် ပစ္စည်းကိရိယာ ပြတ်လပ်မှုရှိမည်မဟုတ်ကြောင်း ပြောခဲ့သည်။




လေယာဉ်နှင့် ရဟတ်ယာဉ်စုစုပေါင်း အစင်း ၁၆၀ ကို တာဝန်ထမ်းဆောင်စေခြင်းဖြင့် ရုရှားနိုင်ငံလေတပ် လေယာဉ်နှင့် ရဟတ်ယာဉ် စုစုပေါင်း အစင်း ၁၆၀ ကို တာဝန်ထမ်းဆောင်စေခြင်းဖြင့် ရုရှားနိုင်ငံလေတပ်ဖွဲ့သည် ရာနှုန်းပြည့် ပစ္စည်းကိရိယာပြည့်စုံမှုသို့ ရောက်ခဲ့ပြီး ၎င်းတို့အနက် ၅၅ ရာခိုင်နှုန်းမှာ နည်းပညာသစ်ပစ္စည်းများဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ရုရှားစစ်ဘက်ဆိုင်ရာ အစီအစဉ်အရ ၂၀၂၀ ပြည့်နှစ်တွင် လေယာဉ်နှင့် ရဟတ်ယာဉ်သစ် အစင်း ၉၀၀ ကျော်ကို လေတပ်အတွက် တာဝန်ထမ်းဆောင်စေမည်ဖြစ်ကြောင်း၊ လေယာဉ်အစင်း ၉၀၀ ၏ပြုပြင်မွမ်းမံရေးလုပ်ငန်းများကိုလည်း တာဝန်ယူလုပ်ကိုင်သွားမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ **(ဆင်ဟွာ)**

# ဂျပန်စားစာခံ ခေါင်းဖြတ်သတ်ခံရခြင်းကို ဖိလစ်ပိုင်အစိုးရ အတည်ပြု

**မနီလာ ဖေဖော်ဝါရီ ၂၇**

အိုင်အက်စ်အကြမ်းဖက် စစ်သွေးကြွများသည် လွန်ခဲ့သောနှစ် နိုဝင်ဘာလက ဓားစာခံအဖြစ် ဖမ်းဆီးထားသော အသက် ၇၀ ရှိ ဂျာမနီနိုင်ငံသားတစ်ဦးအား ခေါင်းဖြတ်သတ်လိုက်သည့်သတင်းကို ဖိလစ်ပိုင်သမ္မတ ဒုတာတေး၏ ငြိမ်းချမ်းရေးအကြံပေးတစ်ဦးက ဖေဖော်ဝါရီ ၂၇ ရက်က အတည်ပြုပြောကြားခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဖမ်းဆီးခံ ဓားစာခံများကို ဤကဲ့သို့ ခေါင်းဖြတ်သတ်ခြင်းကို ပြင်းထန်စွာ ပြစ်တင်ရှုတ်ချကြောင်း ဖိလစ်ပိုင်သမ္မတ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဖော်ဆောင်ရေး အတွင်းရေးမှူး ဂျီးဆပ်ဒူရီဆာက သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ ဖိလစ်ပိုင်တပ်မတော်အပါအဝင် ကဏ္ဍပေါင်းစုံ လှုပ်ရှားဆောင်ရွက်မှုများအဖြစ် ဖမ်းဆီးခံ ဂျာမန်ဓားစာခံကို ကယ်တင်ရန် ဆောင်ရွက်ခဲ့သော်လည်း မအောင်မြင်ခဲ့ကြောင်း ဒူရီဆာက ပြောခဲ့သည်။

တန်ဖိုးရှိသည့် အသက်တစ်ချောင်း မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောခဲ့သည်။ ဤကဲ့သို့ အပြစ်မရှိသူများကို သတ်ဖြတ်နေမှုများအား မဖြစ်မနေ တားဆီးရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# လွှတ်တော်အမတ် ဒီလီမာကိုထောက်ခံသည့် ဆီးနိတ်လွှတ်တော်အမတ်များအား ရာထူးမှဖယ်ရှား

**မနီလာ ဖေဖော်ဝါရီ ၂၇**

သမ္မတဒူတာတေး၏ မူးယစ်ဆန့်ကျင်သည့် ဆောင်ရွက်ချက်များအပေါ် အပြင်းအထန်ဝေဖန်သူအားထောက်ခံသည့် ဖိလစ်ပိုင်ဥပဒေပြုအမတ်လေးဦးသည် တနင်္လာနေ့က ဆီးနိတ်လွှတ်တော်၏ အရေးကြီးသည့် ရာထူးတာဝန်များမှ ရပ်စဲလိုက်ကြောင်း သိရသည်။

သမ္မတဒူတာတေး၏ နီးကပ်သောမဟာမိတ်နှင့် ဆီးနိတ်လွှတ်တော်အမတ် မန်နီပက်ကွီယိုတို့၏ ညွှန်ကြားဆောင်ရွက်မှုများအရ ဆီးနိတ်လွှတ်တော်အမတ်သုံးဦးသည် ဥပဒေပြုလွှတ်တော်၏ အရေးပါသည့် ရာထူးတာဝန်များကို လက်လွှတ်ဆုံးရှုံးခဲ့ရပြီး လွှတ်တော်အမတ်တစ်ဦးကိုမူ ရာထူးမှ ခေတ္တထုတ်ပယ်ထားခြင်းဖြစ်သည်။

ရာထူးမှရပ်စဲခံရသူလေးဦးစလုံးသည် သမ္မတဒူတာတေး၏ မူးယစ်တိုက်ဖျက်သည့် စစ်ဆင်ရေးကိုဆန့်ကျင်သည့် ဆီးနိတ်လွှတ်တော်အမတ်လိုင်လာဒီလီမာကို ထောက်ခံကြသူများဖြစ်သည်။ လိုင်လာဒီလီမာအား ပြီးခဲ့သည့် သောကြာနေ့ကမူးယစ်ဆေးဝါးနှင့်ဆက်နွှယ်သည့် အရေးယူဆောင်ရွက်မှုပြုလုပ်ခဲ့ပြီး ဥပဒေအရစစ်ဆေးဆောင်ရွက်လျက်ရှိသည်။နိုင်ငံရေးဆိုင်ရာလေ့လာစောင့်ကြည့်သူများက သမ္မတဒူတာတေးသည် ၎င်း၏အာဏာတည်မြဲရေးအတွက် လုပ်ပိုင်ခွင့်အာဏာရှိသည့် ဆီးနိတ်လွှတ်တော်ရာထူးနေရာ ၂၄ ခုကို ချိန်ညှိမှုများပြုလုပ်နေခြင်းဖြစ်သည်ဟု ဝေဖန်ပြောဆိုခဲ့ကြသည်။

ပြီးခဲ့သည့်ရှစ်လအကြာက သမ္မတဒူတာတေး၏ မူးယစ်ဆန့်ကျင်သည့်စစ်ဆင်ရေးအတွင်း ရဲများ၏ စီးနင်းတိုက်ခိုက်မှုများကြောင့် လူပေါင်း ၇၇၀၀ ကျော် သေဆုံးခဲ့ရသည်။ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများက သေဆုံးသွားသူများအနက် အများစုသည် မတရားသတ်ဖြတ်ခံရခြင်းဖြစ်သည်ဟု စွပ်စွဲခဲ့ကြသော်လည်း အာဏာပိုင်များက ငြင်းဆန်ခဲ့သည်။ **(ရိုက်တာ)**



# အကြမ်းဖက်မှုဆန့်ကျင်ရေးအခမ်းအနား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှေ့၌ ကျင်းပ

**သတင်းနှင့်ဓာတ်ပုံ**
**ဇော်ကြီး(ပဏ္ဍိတ)**

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**




အကြမ်းဖက်မှုဆန့်ကျင်ရေး အခမ်းအနားကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ TERMINAL-1 ရှေ့ရှိ ယာဉ်ရပ်နားကွင်း၌ ကျင်းပသည်။ **(ယာပုံ)**

ရှေ့ဦးစွာ တရားလွှတ်တော်ရှေ့နေ ဦးကိုနီနှင့် အငှားယာဉ်မောင်း ဦးနေဝင်းတို့အတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ရှစ်စက္ကန့် ငြိမ်သက်ကြသည်။

အခမ်းအနားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက သူရ ဦးတင်ဦးက "အကြမ်းဖက်သောနည်းသည် ဘာကိုမှ အကျိုးမပေးဘူးဆိုတာကို အားလုံးသိရှိနားလည်သဘောပေါက်အောင် ပြုလုပ်သွားတဲ့ပုဂ္ဂိုလ်တွေကိုတော့ ကျေးဇူးအထူးတင်ပါတယ်၊ ခင်ဗျားတို့ အသက်ပေးသွားတဲ့အတွက်ကြောင့် နောင်လာနောက်သားတွေအတွက် သင်ခန်းစာကောင်းတွေကို ပြန်လည်ပြီး ဖော်ထုတ်ဖြစ်တာကြောင့်၊ တစ်နည်းအားဖြင့် တိုင်းပြည်အတွက် အကျိုးပြုရာပြုကြောင်းဖြစ်၍ ကျေနပ်စရာဖြစ်ပါတယ်၊ ဆောင်ရွက်ခဲ့တဲ့ ဆောင်ရွက်မှုတွေဟာ နိုင်ငံတော်အတွက် ထင်ရှားစွာ အကျိုးပြုသွားတယ်ဆိုတာကိုတော့ နောင်လာနောက်သားတွေ သိရှိထင်ရှားအောင် လေးနက်သောဆောင်ရွက်ချက်ဖြစ်တယ်လို့ ပြောကြားလိုပါတယ်၊ ကျွန်တော်တို့ရဲ့ ရဲဘော်ကြီး ဦးကိုနီဟာ အဖွဲ့ချုပ်မှာ သူ့ရဲ့ပညာရပ်နဲ့ များစွာ အထောက်အကူပြု၊ ကျေးဇူးပြုသွားတဲ့ ပုဂ္ဂိုလ်ပါ၊ သူ့ရဲ့ကျေးဇူးတွေကို အစဉ်သတိရအောက်မေ့လျက်ရှိပါတယ်၊ သူဟာ ဥပဒေလောကမှာတင် မဟုတ်ပါဘူး၊ နိုင်ငံတော်မှာရှိတဲ့ ဥပဒေလောကမှာလည်း အကျိုးရှိစေတဲ့ ပုဂ္ဂိုလ်တစ်ဦးပါ၊ အင်မတန် နှမြောပါတယ်၊ ဆုံးရှုံးမှုကြီးတစ်ခုဖြစ်ပါတယ်" ဟု ပြောကြားသည်။

ဆက်လက်၍ "ကိုနေဝင်းဆိုရင်လည်း ရိုးရိုးသားသားလုပ်ကိုင်စားသောက်နေထိုင်တာပါ၊ အခုလိုဖြစ်ပျက်ခဲ့တဲ့အပေါ်မှာ ပြည်သူပြည်သားကောင်းတစ်ယောက်အနေနဲ့ သူ့ရဲ့ ပင်ကိုရှိနေတဲ့ စိတ်ဓာတ်၊ သတ္တိနဲ့ လုပ်ဆောင်ခဲ့တဲ့အပေါ်မှာ လေးလေးနက်နက် ဂုဏ်ယူအပ်ပါတယ်၊ စွမ်းစွမ်းတမံဆောင်ရွက်ပြီး အသက်စွန့်သွားခဲ့ရတဲ့အပေါ်မှာ တကယ်ကို နှမြောစရာကောင်းပါတယ်၊ ဒီနိုင်ငံတော်မှာ ဘယ်လိုအဆင့်အတန်းပင်ဖြစ်ပါစေ မိမိတို့မွေးလာကတည်းကပါလာတဲ့ ပင်ကိုသတ္တိဟာ အကြောင်းခြင်းရာပေါ်မှာ မူတည်ပြီး ကောင်းကျိုးကို ဆောင်ရွက်သွားတာမျိုးကို လက်တွေ့အားဖြင့် ပြသတဲ့အတွက် တကယ့်ကို သင်ခန်းစာယူစရာကောင်းလောက်အောင် ဖြစ်သွားပါတယ်၊ အကြမ်းဖက်သောနည်းဟာ ဘယ်တော့မှ အဖြေမရပါဘူး၊ အကြမ်းဖက်သောနည်းဟာ တိုင်းပြည်အတွက် တိုးတက်ရာ တိုးတက်ကြောင်းလုပ်တဲ့ နည်းမဟုတ်ပါဘူး၊ အကြမ်းဖက်သောနည်းဟာ ဘယ်တော့မှ အဖြေကောင်းကို မရပါဘူး၊ အခြားနိုင်ငံတွေမှာလည်း ကြည့်မယ်ဆိုရင် တွေ့မြင်နိုင်ပါတယ်၊ ဒါကြောင့် ရှေ့ဆက်ပြီး လုပ်ငန်းအရပ်ရပ်မှာ အေးချမ်းသောနည်း၊ ငြိမ်းချမ်းသောနည်း၊ စိတ်ရှည်သောနည်းတွေနဲ့ ဆောင်ရွက်နိုင်ဖို့အတွက် သင်ခန်းစာယူဖို့လိုပါတယ်" ဟု ထည့်သွင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားပြီး ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးဂျင်မီက ဂုဏ်ပြုအမှတ်တရစကားပြောကြားကာ တရားလွှတ်တော်ရှေ့နေ ဦးကိုနီနှင့် အငှားယာဉ်မောင်း ဦးနေဝင်းတို့အတွက် ဘာသာပေါင်းစုံမှ ဆုတောင်းမေတ္တာပို့သခြင်းတို့ကို ပြုလုပ်ကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက အမှတ်တရ ပန်းစည်းများချ၍ ဆုတောင်းမှုများ ပြုလုပ်ခဲ့ကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လေဆိပ်အငှားယာဉ်မောင်းများနှင့် တရားဥပဒေ စိုးမိုးရေးကိုလိုလားသော ပြည်သူများ တက်ရောက်ကြသည်။




# စတုတ္ထအကြိမ် မြန်မာနိုင်ငံ စာကြည့်တိုက်မှူးများညီလာခံကျင်းပ၊ ပထမနေ့တွင် စာတမ်းပေါင်း ၁၇ စောင် ဖတ်ကြား

**သတင်း-ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ- ရဲထွန်း**

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှင့် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းတို့ပူးပေါင်းကျင်းပသည့် စတုတ္ထအကြိမ် မြန်မာနိုင်ငံစာကြည့်တိုက်မှူးများညီလာခံကို ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းနာယက ဦးကျော်ဆန်း၊ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေတို့က အမှာစကားများ ပြောကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင် ဦးမောင်မောင်ဦး (ဟိန်းလတ်) က စာတမ်းခေါင်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ်များမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာကြည့်တိုက်ကော်မတီများမှ တာဝန်ရှိသူများနှင့် စာကြည့်တိုက်မှူးများက စာတမ်းများကို ဖတ်ကြားကြသည်။

ယနေ့ကျင်းပသည့် ညီလာခံတွင် ဖွင့်လှစ်ထားရှိသော ကျေးရွာစာကြည့်တိုက်များအပေါ် သုံးသပ်တင်ပြခြင်း၊ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ရေး ကြိုးပမ်းဆောင်ရွက်ချက်၊ ကယား ပြည်နယ်အတွင်းရှိ စာကြည့်တိုက်များနှင့်ပတ်သက်၍ အားနည်းချက်၊ အားသာချက်များ သုံးသပ်တင်ပြခြင်း၊ အမှန်ရှင်သန်နေသော စာကြည့်တိုက် တစ်တိုက်ဖြစ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မှု၊ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး၊ သျှမ်းရှင်းစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု အခြေအနေ၊ ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်မှုအခြေအနေအပေါ် သုံးသပ်တင်ပြခြင်း၊ စာကြည့်တိုက်မှူး၏ ဆောင်ရွက်ချက်၊ ကျေးရွာစာကြည့်တိုက်များ အပေါ် သုံးသပ်ခြင်း၊ လူငယ်များစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ကျေးရွာစာကြည့်တိုက်များအပေါ် သုံးသပ်တင်ပြခြင်း၊ စာကြည့်တိုက်များ၏ အနာဂတ်အလားအလာ၊ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်မှုအပေါ် ပြန်လည်သုံးသပ်ခြင်း၊ မြန်မာ့မျက်ပွင့် စာကြည့်တိုက်မှပြုလုပ်ပေးသော ဝန်ဆောင်မှုလုပ်ငန်းများ၊ ကျေးရွာစာကြည့်တိုက်များ၏အခြေအနေအပေါ် သုံးသပ်တင်ပြချက်၊ စာကြည့်တိုက်တစ်တိုက် ရှင်သန်အောင်မြင်ရေး ဆောင်ရွက်ချက်၊ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေအပေါ်သုံးသပ်ခြင်း ခေါင်းစဉ်များဖြင့် စာတမ်း ၁၇ စောင်ကို ဖတ်ကြားခဲ့ကြသည်။

အဆိုပါညီလာခံကို စာကြည့်တိုက်မှူးများအချင်းချင်း စာကြည့်တိုက်ပညာဆိုင်ရာ အတွေးအမြင်များနှင့် အတွေ့အကြုံများဖလှယ်ရန်၊ တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ အမှန်တကယ်ရှင်သန်အောင်မြင်နေသောစာကြည့်တိုက်များ၏ ဆောင်ရွက်ချက်များ၊ တွေ့ကြုံခဲ့ရသော အခက်အခဲများနှင့် အောင်မြင်အောင် ကျော်လွှားဆောင်ရွက်ခဲ့မှုများကို မျှဝေပေးရန်၊ စာကြည့်တိုက်လုပ်ငန်းများတွင် တွေ့ကြုံနေရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို သိရှိနားလည်၍ ကျော်လွှားနိုင်မည့် နည်းလမ်းများကို ပူးပေါင်းရှာဖွေရန်၊ စာကြည့်တိုက်မှူးများ အချင်းချင်းရင်းနှီးချစ်ကြည်၍ စာကြည့်တိုက်များနှင့် စာကြည့်တိုက်မှူးများ၏ အခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရန် ရည်ရွယ်ချက် (၄)ရပ်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းကို ၂၀၁၀ ပြည့်နှစ် မေ ၁၅ ရက်က စတင်တည်ထောင်ခဲ့ပြီး မြန်မာတစ်နိုင်ငံလုံး၌ စံငါးရပ်နှင့်ညီသည့် စာကြည့်တိုက်ပေါင်း ၆၀၀၀ ကျော်ရှိကြောင်း သိရသည်။

ပထမအကြိမ် မြန်မာနိုင်ငံ စာကြည့်တိုက်မှူးများညီလာခံကို ၂၀၁၄ ခုနှစ် မတ် ၂၂ နှင့် ၂၃ ရက်က သူနာပြုတက္ကသိုလ် (ရန်ကုန်)ခန်းမ၌ကျင်းပခဲ့ပြီး ယခု စတုတ္ထအကြိမ်ညီလာခံကို ဖေဖော်ဝါရီ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။




## မန္တလေး-ရန်ကုန် လူစီး၊ စာပို့ရထား တွဲချော်မှုဖြစ်ပွား

**မန္တလေး ဖေဖော်ဝါရီ ၂၇**

မန္တလေးဘူတာကြီးမှ ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၈နာရီခွဲက စတင်ထွက်ခွာလာသော မန္တလေး-ရန်ကုန်အမှတ်(၂) အစုန် လူစီး၊ စာပို့ရထား **(ယာပုံ)** သည် နေပြည်တော် တပ်ကုန်းမြို့နယ် ငှက်သိုက်နှင့် ညောင်လွန့်ဘူတာကြား၌ရှိသော ညောင်လွန့်ဘူတာအဝင် အလံတိုင်နှင့် ဘူတာကြားရှိ မိုင်တိုင်အမှတ် ၂၆၁/၁၁ နှင့် ၁၂ ကြား၌ ညနေ ၄ နာရီ ၁၀ မိနစ်က ရထားလမ်းတွဲချော်ကာ ရပ်တန့်လျက်ရှိနေကြောင်း သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**



## သုံးခွမြို့နယ် လက်ပန်ကျေးရွာ၌ အမှိုက်မီးရှို့ကန် တည်ဆောက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ ဖေဖော်ဝါရီ ၂၇ ရက်က မြန်မာဆယ်မာအွန်ဒုံ (SMU) ကျေးရွာ စီမံကိန်းကျေးရွာဖြစ်သော လက်ပန်ကျေးရွာတွင် လက်ပန်ကျေးရွာ (SMU) ကော်မတီ ဥက္ကဋ္ဌ ဦးစိန်နွဲ့၏ဦးဆောင်မှုဖြင့် ကျေးရွာသန့်ရှင်းသာယာလှပစေရေး၊ မီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် စွန့်ပစ်အမှိုက်များစနစ်တကျရှင်းလင်းနိုင်ရေးတို့အတွက် ခေါင်းတိုင်ပါရှိ သော အမှိုက်မီးရှို့ကန်တည်ဆောက်ပြီးစီးသွားကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# ဟဲဟိုးမြို့၌ ငွေကျပ်သိန်းပေါင်း ၆၀၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆၀ ဒသမ ၅ သိန်း ဖမ်းဆီးရမိ



**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၆ ရက်က ဟဲဟိုးမြို့အနီး ဘဝသံသရာတံတား မိုင်တိုင်အမှတ် (၉၈) တွင် တောင်ကြီးမြို့ဘက်မှ မိတ္ထီလာမြို့ဘက်သို့ ကျော်ထွန်းလှိုင် မောင်းနှင်ပြီး စိုင်းသူရအောင် လိုက်ပါလာသည့် ခြောက်ဘီးမော်တော်ယာဉ်ကို ရှာဖွေရာ ဆာလာအိတ် ၃၁ အိတ်အတွင်း မှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀ ဒသမ ၅ သိန်း (တန်ဖိုးငွေကျပ်သိန်းပေါင်း ၆၀၅၀၀ ) ကို သိမ်းဆည်းရမိခဲ့သည်။

**အရေးယူထား**

အဆိုပါ မူးယစ်ဆေးဝါးများဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ ကျော်ထွန်းလှိုင် (ခ) အငယ်လေး (၃၈ နှစ်) နှင့် စိုင်းသူရအောင်(ခ)အောင်ဘု (၃၂ နှစ်)တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# စက်လှေပေါ်မှ ခွဲသားသစ်လုံးများ ဖမ်းဆီးရမိ

**မန္တလေး ဖေဖော်ဝါရီ ၂၇**

(မန္တလေး)ရေကြောင်း ရဲတပ်ဖွဲ့ခွဲရုံးတပ်ဖွဲ့ခွဲမှူး၏ညွှန်ကြားမှုဖြင့် ဂေါဝိန်ဆိပ်ကမ်းအခြေပြုရဲတပ်ဖွဲ့ဝင် ရေယာဉ်အမှတ် (၁၅၄)မှ ရေယာဉ်မှူး ဒုတိယရဲမှူး အေးမင်းနိုင်၊ ရေယာဉ်မှူးရဲအုပ် သူရအောင်နှင့် တပ်ဖွဲ့ဝင်များသည် အမြန်ကင်းလှည့်ရေယာဉ်ဖြင့် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁ နာရီက ဧရာဝတီမြစ်ကြောင်းအတွင်း ဆိပ်ကမ်းတစ်လျှောက် လုံခြုံရေးကင်းလှည့်ဆောင်ရွက်နေစဉ် တရားမဝင်သစ်များ မြစ်ကြောင်းအတွင်း သယ်ဆောင်နေကြောင်း သတင်းအရ ပုသိမ်ကြီးမြို့နယ် တန်ပိုကျွန်းကျေးရွာအရှေ့ဘက် ဘောဂကြီးဆိပ် ရေလယ်သောင်အနီးရပ်နားထားသော စက်တပ်လှေတစ်စင်းအား မသင်္ကာဖွယ်တွေ့ရှိရသဖြင့်စစ်ဆေးရာ စက်လှေဝမ်းအတွင်း ထင်းခွဲသားများဖြင့် ဖုံးအုပ်ထားသော တရားမဝင် ပိတောက်ခွဲသားသစ်လုံးများ တင်ဆောင်ထားသည်ကို တွေ့ရှိသောကြောင့် ရေယာဉ်မှူး ဒုတိယရဲမှူး အပါအဝင် ရဲအုပ် သူရအောင်၊ ပုသိမ်ကြီးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဆန်းနိုင်နှင့်အဖွဲ့ဝင်များသည် ယင်းစက်လှေအား နံနက် ၂ နာရီ၌ မရမ်းခြံ ဆိပ်ကမ်းသို့မောင်းနှင်ဆိုက်ကပ်၍ နံနက် ၅ နာရီမှစတင်၍ စစ်ဆေးတိုင်းတာမှုများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ငွေကျပ်သိန်း ၆၀ ကျော်တန်ဖိုးရှိ လိုင်စင်မဲ့စက်လှေပေါ်မှ ပိတောက်ခွဲသား ၁၂၄ လုံး (၁၄ ဒသမ ၄၅၇၈) တန် ကာလတန်ဖိုးငွေကျပ် ၁၄၄၅၇၈၀၀၊ ကျွန်းသစ် ၁၃ လုံး (၀ ဒသမ ၄၃၈၀) တန် ကာလတန်ဖိုးငွေကျပ် ၂၁၉၀၀၀ နှင့် ထင်းခွဲခြမ်း ၃၅၀၀၀ တို့နှင့်အတူ ပြစ်မှုကျူးလွန်သူ ဦးကံမြင့်အောင် (၄၅ နှစ်)ရေစကြိုမြို့နယ် ဆင်မရဲရွာ၊ ဦးကံလှိုင်(၄၅ နှစ်)ထီးချိုင့်မြို့နယ် ကျောက်တော်ရွာနှင့် မောင်ငယ်လေး ကသာမြို့သပြေသာရွာနေသူတို့ကို တရားလိုမှ ပုသိမ်ကြီးမြို့မရဲစခန်း၌ အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# အရှိန်မထိန်းနိုင်သောယာဉ် လမ်းလယ်ကျွန်း ဝင်တိုက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၃၅၅/၂-၃) ကြားတွင် ယနေ့ နံနက် ၈ နာရီက ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ စကားအင်းအမြန် လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အမြန်လမ်းမကြီး မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ မန္တလေးဘက်မှ နေပြည်တော်ဘက်သို့ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်နေ စည်သူသန်း (၃၅ နှစ်) မောင်းနှင်လာသော CC/----MARK-II ယာဉ်သည် ဝဲဘက်ရှေ့ဘီးပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်း ကာရန်ထားသည့် ကွန်ကရစ်တုံးကိုတိုက်မိခဲ့ရာ လူထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ယာဉ်အရှေ့ပိုင်း ပျက်စီးခဲ့ပြီး ယာဉ်မောင်း စည်သူသန်းအား စကားအင်း အမြန်လမ်းမကြီးရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



# ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းအနီး၌ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**ကျောက်တံခါး ဖေဖော်ဝါရီ ၂၇**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၈၃ မိုင် ၄ ဖာလုံ၌ ဖေဖော်ဝါရီ၂၆ရက် ညနေ ၆နာရီခွဲက တရားမဝင်သစ်များ တင်ဆောင်လာသောယာဉ်နှင့်အတူ လူသုံးဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ကျောက်တံခါးမြို့ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များသည် သတင်းအရစောင့်ဆိုင်းနေစဉ် (၅) ရပ်ကွက် ရန်ကြီးအောင်-၂ လမ်း မရမ်းကုန်းမြို့နယ်နေသူ သစ်ပိုင်ရှင် ယာဉ်မောင်း သိန်းဇော်(ခ )ဇော်ကြီး (၄၀ နှစ်)၊ ယာဉ်ပေါ်တွင် လိုက်ပါသူ စမုံကျေးရွာဝမ်းတွင်းမြို့နယ်နေသူများ ဖြစ်ကြသည့် သစ်ပိုင်ရှင် ငြိမ်းမောင် (၃၇ နှစ်) နှင့် ဇော်မင်းလွင် (၂၀ နှစ်) တို့ လိုက်ပါသည့် ယာဉ်အမှတ် 6K/---- ခြောက်ဘီးယာဉ်အား ရပ်တန့်ရှာဖွေစစ်ဆေးရာ ယာဉ်ပေါ်တွင် တရားမဝင် သစ်ခွဲသားဆိုက်စုံ ၁၆၈ ချောင်း (၅ ဒသမ ၃၉၉၂) တန်အားတွေ့ရှိကာ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

## ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ရွှေထူးလှိုင်
Ph: 09 450044494, 09 450044496,01-377921

ထာဝရ
မြို့တွင်း/မြို့ပြင် ကားစီးလုံးငှားသည်။
(၁၂/၁၅/၃၂/၄၅ )ယောက်စီး
(ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)
Ph : 09 26036006,09 260360006

ဖခင်အမည်မှန်
ဖားကန့်မြို့နယ်၊ တာမခန်ကျေးရွာ အထက အဌမတန်း(A)မှ မပန်းအိခင်၏ ဖခင်အမည်မှန်မှာ ဦးဘုန်းနိုင် ဖြစ်ပါသည်။
ဦးဘုန်းနိုင်

ကန့်ကွက်နိုင်ပါကြောင်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁-G ၁၊ မြေကွက်အမှတ်-ပဋ္ဌမတန်းစား-၁၃၃၊ မြေကွက်တည်နေရာအမှတ်-၄၇၊ ဖို့မြေလမ်း၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (ဦးတင်ရှိန်)(ဒီဒီအီး ၀၀၃၃၅၅) အမည်ပေါက် နှစ်(၉၀)ဂရန် (၂၃-၂-၂၀၁၇ ရက်သက်ကုန်) မြေအားအမည်ပေါက် ဦးတင်ရှိန် (ဖခင်)နှင့် ဒေါ်မြသက်လွင်(မိခင်)တို့ ကွယ်လွန်သဖြင့် (၁) ဦးဇော်ဇော်ဦး (၁၂/မဂတ(နိုင်)၀၉၀၇၈၉) (၂) ဦးကောင်းဇော် (၁၂/မဂတ(နိုင်)၀၉၃၀၄၈) (၃) ဦးရှိန်ဦး (၁၂/မဂတ(နိုင်)၀၉၃၁၀၇)တို့မှ သားများတော်စပ်ကြောင်း ပုဇွန်တောင်မြို့နယ်တရားရုံးကျမ်းကျိန်လွှာအမှတ် ၆၃၇/၁၇(၁၃-၁-၁၇) ထပ်ဆင့်ကျမ်းကျိန်လွှာ၊ ဂရန်၊ သေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် (မြေပုံကူး)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



# မန်ယူတို့ အီးအက်ဖ်အယ်ဖလားဗိုလ်စွဲ




**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

အင်္ဂလန် ဖလားတစ်လုံးဖြစ်သော အီးအက်ဖ်အယ်ဖလား ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၂၆ရက် တနင်္ဂနွေညပိုင်းက မန်ယူနှင့် ဆောက်သမ်တန်အသင်းတို့ ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်း သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။

ယင်းပွဲတွင် မန်ယူသည် ၄-၂-၃-၁ ပုံမှန်ကစားကွက်ဖြင့် အီဘရာဟီမိုဗစ်ကို အထောင်ထားခဲ့သည်။ ဆောက်သမ်တန်အသင်းသည် ၄-၄-၁-၁ ပုံစံဖြင့် ဂက်ဘီယာဒီနီကို အထောင်ထား ပွဲထွက်ခဲ့သည်။ ပွဲချိန် ၁၉ မိနစ်တွင် မန်ယူအသင်း ပြစ်ဒဏ်ဘောကန်ခွင့်ရခဲ့ပြီး တိုက်စစ်မှူး အီဘရာဟီမိုဗစ် တိုက်ရိုက်ကန်သွင်းခဲ့၍ မန်ယူတို့ ဦးဆောင်ဂိုးရခဲ့သည်။ ပွဲချိန် ၃၈ မိနစ်တွင် ရိုဂျီဖန်တီးမှုမှတစ်ဆင့် လင်ဂတ်က မန်ယူအတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။ ပထမပိုင်းပြီးခါနီး ပွဲချိန် ၄၅ မိနစ်တွင် တိုက်စစ်မှူး ဂက်ဘီယာဒီနီက ဆောက်သမ်တန်အတွက် ချေပဂိုးတစ်ဂိုးသွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် မန်ယူ နောက်တန်းအားနည်းမှုကို အခွင့်ကောင်းယူကာ ဆောက်သမ်တန်အသင်း တိုက်စစ်မြှင့်ခဲ့ပြီး ပွဲချိန် ၄၈ မိနစ်တွင် ဂက်ဘီယာဒီနီက ဆောက်သမ်တန်အတွက် ဒုတိယမြောက်ချေပဂိုး ထပ်မံသွင်းယူပေးခဲ့သည်။ မန်ယူအသင်းသည် ပွဲပြီးခါနီး ၈၇ မိနစ်တွင် တိုက်စစ်မှူး အီဘရာဟီမိုဗစ်၏ ခေါင်းတိုက်သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ယခုနှစ်ရာသီတွင် ပထမဦး ဆုံးဆုဖလားရရှိခဲ့သည်။

အီးအက်ဖ်အယ်ဖလားကို ၁၉၆၀ တွင် စတင်ခဲ့ပြီး သက်တမ်း ၅၇ နှစ်ရှိ ယင်းဖလားသည် စပွန်ဆာဖလားဟု ဆိုရမည်ဖြစ်သည်။ ၁၉၆၀ မှ ၁၉၈၁ ခုနှစ်အထိ မိန်းစပွန်ဆာမရှိသည့်အတွက် အီးအက်ဖ်အယ်အမည်ဖြင့် ယှဉ်ပြိုင်ခဲ့သည်။ ၁၉၈၁ မှ ၁၉၈၆ ခုနှစ်တွင် မစ်ခ်မာကတ်တင်းဘုတ်ဒ်မှ စပွန်ဆာပေးသည့်အတွက် မစ်ခ်ဖလားအမည်ဖြင့် ယှဉ်ပြိုင်ခဲ့သည်။ ၁၉၈၆ မှ ၁၉၉၀ အထိ လစ်တဲလ်ဝုဒ်စပွန်ဆာဖြင့် လစ်တဲလ်ဝုဒ်ချဲလန်းဖလား၊ ၁၉၉၀ မှ ၁၉၉၂ အထိ ရမ်းဘဲလိုးစ်ဖလား၊ ၁၉၉၂ မှ ၁၉၉၈ အထိ ကိုကာကိုလာဖလား၊ ၁၉၉၈ မှ ၂၀၀၃ အထိ ဝေါ့သင်တန်ဖလား၊ ၂၀၀၃ မှ ၂၀၁၂ အထိ ကားလင်းဖလား၊ ၂၀၁၂ မှ ၂၀၁၆ အထိ ကက်ပီတယ်ဝမ်း ဖလားနှင့် ယခုနှစ် ၂၀၁၆-၂၀၁၇ တွင် စပွန်ဆာမရှိသည့်အတွက် အီးအက်ဖ်အယ်အမည်ဖြင့် ယှဉ်ပြိုင်ခဲ့သည်။ လာမည့် ၂၀၁၇-၂၀၁၈ ရာသီတွင် ကာရာဘာအိုမှ စပွန်ဆာ ပေးထားသည့်အတွက် ကာရာဘာအိုဖလားအမည်ဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။

အီးအက်ဖ်အယ်ဖလားကို ရှစ်ကြိမ်ဖြင့် အများဆုံး ဗိုလ်စွဲထားသည့် အသင်းမှာ လီဗာပူးဖြစ်သည်။ ဒုတိယဖြင့် မန်ယူအသင်းမှာ ငါးကြိမ်မြောက်ရရှိခဲ့ခြင်းဖြစ်ပြီး အက်စ်တွန်ဗီလာနှင့် ချယ်လ်ဆီးအသင်းမှာ မန်ယူနှင့် အကြိမ်အရေအတွက် တူညီထားသည်။ စပါး၊ နော်တင်ဟမ်နှင့် ချန်ပီယံဟောင်း မန်စီးတီးမှာ လေးကြိမ်စီရရှိထားသည်။

**သီဟ**

## တနင်္ဂနွေည ဂိုးရလဒ်များ

**အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ် (၂၆)**

စပါး ၄-၀ စတုတ်စီးတီး

**ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၂၂)**

အင်ဂိုစတက် ၀-၂ ဂလာဘတ်
ရှော်လ်ကေး ၁-၁ ဟော်ဖန်ဟိမ်း

**ပြင်သစ်လီဂူး ပွဲစဉ် (၂၇)**

စိန့်အက်တီယန် ၀- ၁ ကိန်း
လိုင်ယွန် ၅-၀ မတ်ဇ်
မာဆေး ၁-၅ ပီအက်စ်ဂျီ

**အီတလီစီးရီးအေ ပွဲစဉ် (၂၆)**

ပါလာမို ၁-၁ ဆမ်ဒိုးရီးယား
ဂျီနိုအာ ၁-၁ ဘိုလော့ဂ်နာ
ခရိုတုန်း ၁-၂ ကက်ဂလီယာရီ
ဆက်ဆူအိုလို ၀-၁ အေစီ
ချီယေဗို ၂-၀ ပက်စ်ကာရာ
လာဇီယို ၁-၀ အူဒီးနိစ်
အင်တာ ၁-၃ ရိုးမား

**စပိန်လာလီဂါ ပွဲစဉ် (၂၄)**

အက်စ်ပန်ညို ၃-၀ အိုဆာဆူနာ
အက်သလက်တီကို ၁-၂ ဘာစီလိုနာ
ဘီလ်ဘာအို ၃-၁ ဂရန်နာဒါ
ဂီဂျွန် ၁-၁ ဆယ်လ်တာဗီဂို
ဗီလာရီးရဲလ် ၂-၃ ရီးရဲမက်ဒရစ်

# နွေရာသီအခြေခံအားကစားသင်တန်းများ မတ် ၃ ရက်မှစ၍ သတ်မှတ်နေရာများ၌ ဖွင့်မည်

**မန္တလေး ဖေဖော်ဝါရီ ၂၇**

တစ်မျိုးသားလုံး၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်၊ အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် နွေရာသီအခြေခံနှင့် အဆင့်မြင့် အားကစားသင်တန်းမှတစ်ဆင့် ဗီဇပါရမီရင့်သန်၍ အောင်မြင်မှုအလားအလာရှိသော ရွက်ပုံးသီးမျိုးဆက်သစ် သွေးသစ်လောင်းအားကစားသမားများ ရှာဖွေဖော်ထုတ်လေ့ကျင့်ပေးနိုင်ရန်အတွက် နွေရာသီ အားကစားသင်တန်းများ ဖွင့်လှစ်နိုင်ရေးကို မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီ၊ အားကစားဆပ်ကော်မတီပညာရေးတို့ ပူးပေါင်း၍ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ လူငယ်လူရွယ်များ၊ ပြည်သူများ၊ အခြေခံပညာကျောင်းများနှင့် ပုဂ္ဂလိကကိုယ်ပိုင် ပညာရေးကျောင်းများမှ ကျောင်းသား၊ ကျောင်းသူငယ်များ၊ အားကစားဝါသနာရှင် လူငယ်မောင်မယ်များကို အားကစားနည်းအလိုက် သတ်မှတ်နေရာတို့တွင် နံနက်ပိုင်း၊ ညနေပိုင်း နှစ်ပိုင်းခွဲ၍ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး နွေရာသီ အခြေခံအားကစားသင်တန်းများအနေဖြင့် အခြေခံဘောလုံးသင်တန်းနှင့် တင်းနစ် သင်တန်းတို့ ရွှေမန်းတောင်အားကစားကွင်း၊ ဘော်လီဘော၊ တိုက်ကွမ်ဒို၊ ဝူရှူး၊ ကရာတေး၊ စစ်တုရင်၊ ကာယဗလ၊ ကာယအလှ၊ စားပွဲတင်တင်းနစ် အားကစားသင်တန်းတို့ကို ဗထူးအားကစားခန်းမနှင့် ခန်းမအနီးရှိ ဗထူးလေ့ကျင့်ရေးစခန်း၊ စစ်တုရင်ရုံးခန်း၊ တင်းနစ်ရုံးခန်းတို့အပါအဝင် အောင်မြေမန္တလာခန်းမ၊ အောင်မြေမန္တလာကလပ်၊ အလေးမသင်တန်းကို ၆၂ လမ်းရှိ လူငယ်အားမာန်ကလပ်၊ ပြေးခုန်ပစ်သင်တန်းကိုအောင်မြေမန္တလာကွင်း၊ ရိုးရာလက်ဝှေ့သင်တန်းကို မဟာအောင်မြေမြို့နယ်အားကစားကွင်း၊ ကြက်တောင်သင်တန်းကို ပညာရေးကောလိပ်ခန်းမ၊ အောင်ကလပ်၊ သေနတ်ပစ်သင်တန်း၊ ခရစ်ကတ်သင်တန်းတို့ကို ချမ်းမြသာစည်မြို့နယ် သေနတ်ပစ်အားကစားကွင်းနှင့် အထက (၃၀)၊ အထက(၂၆)၊ လက်ဝှေ့သင်တန်းကို ကျုံးမြောက်ဘက် လူငယ်သင်တန်းကျောင်း၊ ရိုးရာခြင်းလုံးသင်တန်းကို ဘုရားကြီးဝါဆိုခြင်းရုံနှင့် ပိုက်ကျော်ခြင်းသင်တန်းကို ၃၇ လမ်းနှင့် ၇၁ လမ်းရှိ ဒဿဂီရိကလပ်တို့၌ မတ် ၃ ရက်မှ ဧပြီ ၂ ရက်အထိ သက်ဆိုင်ရာနည်းပြများက သင်ကြားပို့ချပေးမည်ဖြစ်ပြီး အဆင့်မြင့်အားကစားသင်တန်းကို ဧပြီလနောက်ဆုံးပတ်မှ မေလနောက်ဆုံးပတ်အထိ ဆက်လက်ပို့ချသင်ကြားသွားမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသည့် လူငယ်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဗထူးခန်းမအနီးရှိ ဖုန်း ၀၂-၃၃၆၁၉၊ ၆၀၂၆၃ နှင့် ရုံးခန်းများ၊ တိုင်းအားကစားရုံးခန်း၊ ခရိုင်အတွင်းရှိမြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနရုံးတို့သို့ သင်တန်းပုံစံများကို ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**


# မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အေးသိဒ္ဓိလမ်းနေ
ဦးသန်းနိုင်(လက်ထောက်အင်ဂျင်နီယာ-ငြိမ်း)-ဒေါ်ရင်သန်း(စာရင်းစစ်-ငြိမ်း)တို့၏သားကြီး

**ဒေါက်တာသန့်ဇင်နိုင်**
**M.B.,B.S(DSMA)**
**လက်ထောက်ညွှန်ကြားရေးမှူး၊ ပြည်သူ့လွှတ်တော်ရုံး**

နှင့်

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့၊ တောင်ပိုင်းရပ်ကွက်နေ
ဦးအောင်မြင့်-ဒေါ်လှလှ(ရွှေမေတ္တာဆန်စက်)တို့၏သမီး

**မဖူးဖူးအောင်(ခ)မမီးမီး**
**B.Sc(Chemistry)**

တို့၏ ၂၅-၂-၂၀၁၇ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့၊ အောင်တော်မူခန်းမသစ်၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အတွင်းရေးမှူး ဦးခင်မောင်ထွန်းနှင့်ဇနီး ဒေါ်တင်တင်အေး၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးကိုကိုနိုင်နှင့်ဇနီး ဒေါ်စုစုတို့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရ ဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ကိုအောင်ဇင်၊ မင်္ဂလာပန်းကြဲပေးပါသော ညီမငယ် မငြိမ်းသက်နိုင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော ညီမငယ် မရင်ရင်နုနှင့် မသင်းသင်းဆွေ၊ မင်္ဂလာသတို့သားအရံ သားဖွားမီးယပ်ပါရဂူ ဒေါက်တာသက်ပိုင်စိုးနှင့် မေ့ဆေးပါရဂူ ဒေါက်တာလွင်ဘို၊ မင်္ဂလာသတို့သမီးအရံ မခိုင်ငြိမ်းဇော်နှင့် မချောစုရင်ဝင်းတို့အား လည်းကောင်း၊ ၂၆-၂-၂၀၁၇ရက်တွင် ရန်ကုန်မြို့၊ ကရဝိက်နန်းတော်၌ ကျင်းပသော မင်္ဂလာညစာစားပွဲအခမ်းအနားကို မေတ္တာဖြင့် စီစဉ်ပေးပါသော ဒေါက်တာတိုးနိုင်မန်းနှင့်ဇနီး မဇေဇင်လတ်၊ မင်္ဂလာပန်းကြဲပေးပါသော မင်္ဂလာဝတ်စုံဒီဇိုင်နာ မနှင်းလှဲ့အောင်(Victory Fashion Gallery)၊ မင်္ဂလာညစာစားပွဲအခမ်းအနားမှူး ဒေါက်တာသန့်ဇော်လွင်နှင့်ညီမငယ် မကေကေအောင်မြင့်နှင့် တက်ရောက်ချီးမြှင့်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးပါသော Wai Phyo (Zomia)အဖွဲ့နှင့် YH Photography အဖွဲ့၊ မိတ်ကပ်နှင့် ဆံပင်အလှဆင်ပေးပါသော မသဲ(G-Six Hair & Beauty Spa)အဖွဲ့နှင့်စမ်းစမ်း၊ ဉာဏ်ဉာဏ်(လှည်းတန်း)အဖွဲ့၊ လက်ဝတ်ရတနာများအား မေတ္တာဖြင့်ဆင်မြန်းပေးပါသော ဒေါ်ဥမ္မာမြင့်(နေဝါစိန်ဆိုင်)၊ လူကိုယ်တိုင် မတက်ရောက်နိုင်သော်လည်း မင်္ဂလာဆုတောင်းနှင့် မင်္ဂလာလက်ဖွဲ့ပစ္စည်းများပေးပို့ကြပါသော ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားများဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော မိဘဆွေမျိုးသူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။

**နှစ်ဖက်သော မိဘများနှင့်**
**ဒေါက်တာ သန့်ဇင်နိုင်-မဖူးဖူးအောင်**


# အသိပေးကြေညာခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအသီးသီး၌ ကျသင့်သည့်အခွန်များကို တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သော အနုပညာရှင်များစာရင်းကို အများပြည်သူများ သိရှိနိုင်ရန်အတွက် အောက်ဖော်ပြပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

**၂၀၀၀၀၀၁ မှ ၅၀၀၀၀၀၀ ကျပ်ထိ (၄)ဦး**

| | | |
|---|---|---|
| အခွန်ထမ်းအမှတ် | ၂၀၉/သက်မွေး | ပြေတီဦး |
| အခွန်ထမ်းအမှတ် | ၂၉၂/သက်မွေး | နေတိုး |
| အခွန်ထမ်းအမှတ် | ၂၇၁/သက်မွေး | ဖွေးဖွေး(ခ)ဒေါ်ရွှေရည်ကိုဦး |
| အခွန်ထမ်းအမှတ် | ၆/သက်မွေး | ခန့်စည်သူ |

**၁၀၀၀၀၀၁ မှ ၂၀၀၀၀၀၀ ကျပ်ထိ (၂)ဦး**

| | | |
|---|---|---|
| အခွန်ထမ်းအမှတ် | ၂၅/သက်မွေး | စိုင်းစိုင်းခမ်းလှိုင် |
| အခွန်ထမ်းအမှတ် | ၆၄၀/သက်မွေး | ဇေရဲထက် |

**၃၀၀၀၀၁ မှ ၁၀၀၀၀၀၀ ကျပ်ထိ (၅)ဦး**

| | | |
|---|---|---|
| အခွန်ထမ်းအမှတ် | ၅၄/သက်မွေး | ခိုင်သင်းကြည် |
| အခွန်ထမ်းအမှတ် | ၃၂၈/သက်မွေး | သက်မွန်မြင့် |
| အခွန်ထမ်းအမှတ် | ၁၅၆/သက်မွေး | ချစ်သုဝေ |
| အခွန်ထမ်းအမှတ် | ၁၄၉/သက်မွေး | မေသန်းနု |
| အခွန်ထမ်းအမှတ် | ၂၃၁/သက်မွေး | နေမင်း(ခ)နိုင်လင်းထွန်း |

**၁၀၀၀၀၁ မှ ၃၀၀၀၀၀ ကျပ်ထိ (၅)ဦး**

| | | |
|---|---|---|
| အခွန်ထမ်းအမှတ် | ၃၁၉/သက်မွေး | နေမျိုးအောင်(ခ)ဦးစောမြင့်ဌေး |
| အခွန်ထမ်းအမှတ် | ၉၀/သက်မွေး | ချစ်စနိုးဦး(ခ)ဒေါ်အေးအေးခိုင် |
| အခွန်ထမ်းအမှတ် | ၁၄၇/သက်မွေး | ရန်အောင် |
| အခွန်ထမ်းအမှတ် | ၃၂၆/သက်မွေး | ဝါဝါအောင် |
| အခွန်ထမ်းအမှတ် | ၂၀၄/သက်မွေး | နေထူးနိုင်(ခ)ဦးကျော်စိုင်းလတ် |

**၁၀၀၀၀၀/-အောက် (၃)ဦး**

| | | |
|---|---|---|
| အခွန်ထမ်းအမှတ် | ၃၅၆/သက်မွေး | ဝွမ်းပုံကြီး |
| အခွန်ထမ်းအမှတ် | ၁၅၀/သက်မွေး | အရိုင်း(ခ)ဦးအောင်သန်းဦး |
| အခွန်ထမ်းအမှတ် | ၂၀၃/သက်မွေး | ဦးဝင်းမြိုင် |

၂။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အခွန်ထမ်းဆောင်ရန်ကျန်ရှိနေသော အနုပညာရှင်များအနေဖြင့်လည်း သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများနှင့်ဆက်သွယ်ပြီး မိမိတို့ရရှိခဲ့သည့်ဝင်ငွေအား ကြေညာ၍ ဘဏ္ဍာနှစ်မကုန်မီ အခွန်ထမ်းဆောင်သွားကြပါရန် နှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး**
**ပြည်တွင်းအခွန်များဦးစီးဌာန**

# ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်း

**အများပြည်သူသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

*ယမန်နေ့မှအဆက်*

(ဆ) နိုင်ငံတော်ပိုင်ပစ္စည်းများနှင့် ဘဏ္ဍာငွေများကို လေလွင့်၊ ဆုံးရှုံး၊ ပျက်စီး၊ ပျောက်ဆုံးမှု မရှိစေရန် ကြီးကြပ်ထိန်းသိမ်းခြင်း၊

(ဇ) ဝင်ငွေနှင့်အကျိုးအမြတ်တိုးပွားစေရေးအတွက် ဆောင်ရွက်ရန်လိုအပ်သည့် ကိစ္စရပ်များကို အစိုးရအဖွဲ့၊ ဝန်ကြီးဌာန၏ သဘောတူညီမှုဖြင့် ဆောင်ရွက်ခြင်း၊

(ဈ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ရရန်ရှိသည့် ငွေကြေးများကို တည်ဆဲဥပဒေနှင့်အညီ အရကောက်ခံ၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပေးသွင်းခြင်း၊

(ည) ငွေကြေးသုံးစွဲမှုဆိုင်ရာ ဘဏ္ဍာရေး စည်းမျဉ်း စည်းကမ်းနှင့်အညီ စီမံခန့်ခွဲခြင်း။

၇။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ဝန်ထမ်းများက ယင်းတို့တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းများကို အောင်မြင်မှုရရှိရန် တာဝန်ခံ၍ စီမံကြီးကြပ်ဆောင်ရွက်ရမည်။

၈။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ရေယာဉ်၊ ဗောတံတားနှင့် အခြားလိုအပ်သည့်ပစ္စည်းများကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ အငှားချထားခြင်း၊

(ခ) ကုန်လှောင်ရုံနှင့် ကမ်းတက်ဆိပ်များကို တည်ဆောက်ခြင်း၊ အငှားချထားခြင်း၊

(ဂ) ရေကြောင်းလမ်းများတစ်လျှောက်ရှိ မြို့ ရွာများတွင် ကုန်စည်များ လက်ခံတင်ဆောင်ခြင်းနှင့် သိုလှောင်ဖြန့်ဖြူးခြင်းတို့ကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပိုင်ခွင့်၊

(ဃ) လုပ်ငန်းဆိုင်ရာ ဝန်ဆောင်ခနှုန်းများ၊ လုပ်ခနှုန်းများ၊ ထုတ်လုပ်မှုစံနှုန်းများ၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်သည့် ဝန်ဆောင်ခနှုန်းများ၊ အလုပ်ချိန်များ၊ အလုပ်ခွင် စည်းမျဉ်းစည်းကမ်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ သတ်မှတ်ပိုင်ခွင့်၊ ပြင်ဆင်ပိုင်ခွင့်၊

(င) ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်းများနှင့် ရေယာဉ်တည်ဆောက်မှု လုပ်ငန်းများကို ပြည်တွင်း ပြည်ပ လုပ်ငန်းရှင်များနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ပိုင်ခွင့်၊

(စ) မိမိလုပ်ငန်းအတွက် လိုအပ်သည့် မြေ၊ ဆိပ်ကမ်း၊ အဆောက်အအုံတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သုံးစွဲပိုင်ခွင့်၊

(ဆ) အစိုးရအဖွဲ့၏ သဘောတူညီမှုဖြင့် ဆောင်ရွက်ရန် လိုအပ်သော ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးပိုင် စက်ပစ္စည်းနှင့် စက်ကိရိယာများ၊ မြေ၊ အဆောက်အအုံများနှင့် အခြားပိုင်ဆိုင်ခွင့်များကို သက်ဆိုင်ရာလုပ်ငန်းများအတွက် ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များကို ငှားရမ်းခွင့်၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်ပိုင်ခွင့်၊

(ဇ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်များကို ပြည်တွင်း လုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ပိုင်ခွင့်၊

(ဈ) ငှားရမ်းခ၊ အခနှုန်းထားများ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြန်အမ်းခြင်း၊ လျှော့ပေါ့ခြင်းနှင့် အရကောက်ခံခြင်းတို့ ဆောင်ရွက်ပိုင်ခွင့်၊

(ည) တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်၊ ယာဉ်နှင့် အသုံးမလိုသည့် ပစ္စည်းများ၊ ရေယာဉ်ပြင်ဆင်ရာမှ ရရှိသည့် အသုံးမလိုသည့် ပိုလျှံပစ္စည်းများကို ထုခွဲရောင်းချခြင်းနှင့် လဲလှယ်ခြင်းတို့ဆောင်ရွက်ပိုင်ခွင့်၊

(ဋ) အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် လုပ်ငန်းသဘောတူစာချုပ်များ ချုပ်ဆိုခြင်း၊

(ဌ) ရေယာဉ်များကို တစ်စီးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပပုဂ္ဂလိကနှင့် အဖွဲ့အစည်းများအား ငှားရမ်းခြင်း၊

(ဍ) ကူးတို့ရေယာဉ်များ ပြေးဆွဲခြင်း၊

(ဎ) တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် မြေနှင့် အဆောက်အအုံများကို အသုံးပြု၍ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဏ) မိမိပိုင်ဆိုင်သည့် သို့မဟုတ် ခွင့်ပြုချက်ရရှိထားသည့် အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်နှင့် စပ်လျဉ်း၍ မည်သူ့ကိုမဆို မိမိခွင့်ပြုချက်မရရှိဘဲ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ အသုံးပြုခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်လျှင် တရားစွဲဆိုပိုင်ခွင့်။

## အခန်း(၄)
## စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၉။ ဝန်ကြီးဌာနသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ရေကြောင်း သယ်ယူပို့ဆောင်ရေးဆိုင်ရာလုပ်ငန်းများကို စီမံခန့်ခွဲနိုင်ရန် ဦးဆောင်ညွှန်ကြားရေးမှူးက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ အထွေထွေမန်နေဂျာနှင့် ဌာနမှူးများက အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်သော စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၁၀။ စီမံခန့်ခွဲရေးအဖွဲ့၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ တာဝန်များကို အောင်မြင်စွာ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးနှင့် သက်ဆိုင်သော ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ၊ ဝန်ထမ်းရေးရာနှင့် ရေယာဉ်ရေးရာကိစ္စရပ်များကို နိုင်ငံတော်နှင့် ပြည်သူများအကျိုးကို ရှေးရှု၍ စီမံခန့်ခွဲခြင်း။

၁၁။ စီမံခန့်ခွဲရေးအဖွဲ့၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ လုပ်ပိုင်ခွင့်များကို အောင်မြင်စွာ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ လုပ်ပိုင်ခွင့်ထက်ကျော်လွန်သော စီမံခန့် ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်ခြင်း။

## အခန်း(၅)
## ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် စာရင်းများ

၁၂။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည်-

(က) နိုင်ငံတော်၏ တည်ဆဲဥပဒေအရ ကျသင့်သည့် အခွန်အခများကို ပေးသွင်းရမည်။

(ခ) ဘဏ္ဍာရေးနှစ်အလိုက် စုစုပေါင်း အရအသုံး ခန့်မှန်းခြေငွေစာရင်းများကို ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းတွင် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ ထည့်သွင်းရေးဆွဲရမည်။

(ဂ) မြန်မာကျပ်ငွေနှင့် နိုင်ငံခြားသုံးငွေများကို သီးခြားစီ ဘဏ်စာရင်း ဖွင့်လှစ်ထားရှိရမည်။

(ဃ) နိုင်ငံတော်က ပြဋ္ဌာန်းထုတ်ပြန်ထားသည့် ဘဏ္ဍာရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ရမည်။

(င) အောက်ပါစာရင်းများကို ဝန်ကြီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ တင်ပြရမည်-

(၁) ဝန်ထမ်းအင်အားစာရင်း၊

(၂) ငွေသားအခြေအနေ၊

(၃) ကုန်ပစ္စည်းထုတ်လုပ်သည့်၊ ရောင်းဝယ်သည့် သို့မဟုတ် ဝန်ဆောင်သည့် စာရင်း၊

(၄) အရှုံး၊ အမြတ်စာရင်း၊

(၅) လက်ကျန်ရှင်းတမ်း။

(စ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် လုပ်ငန်းနှင့် စာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုကို ခံယူရမည်။

## အခန်း(၆)
## တားမြစ်ချက်

၁၃။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကိုမပြုရ-

(က) ရေယာဉ်ခပေးဆောင်ခြင်းမှ ကင်းလွတ်ရန်ရည်ရွယ်ချက်ဖြင့် အသုံးပြုပြီး လက်မှတ်ဟောင်းကိုသုံးစွဲ၍ဖြစ်စေ၊ ရေယာဉ်ခကြိုတင်ပေးဆောင်ခြင်း မပြုဘဲဖြစ်စေ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်တွင် စီးနင်းလိုက်ပါခြင်း သို့မဟုတ် စီးနင်းလိုက်ပါရန် အားထုတ်ခြင်း၊

(ခ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်ရေယာဉ်တွင် ခရီးတစ်ခုအတွက် လက်မှတ်ဝယ်ယူစီးနင်းလိုက်ပါပြီးနောက် အဆိုပါခရီးကို ကျော်လွန်ကြောင်း သိလျက်နှင့် နောက်ထပ် ရေယာဉ်ခ ကြိုတင်ပေးဆောင်ခြင်းမပြုဘဲ တမင်ဆက်လက်စီးနင်းလိုက်ပါခြင်း သို့မဟုတ် စီးနင်းလိုက်ပါရန် အားထုတ်ခြင်း၊

(ဂ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်တွင် ခရီးတစ်ခုအတွက် လက်မှတ်ဝယ်ယူ စီးနင်းလိုက်ပါပြီးနောက် အဆိုပါခရီးသို့ ရောက်ရှိကြောင်း သိလျက်နှင့် ရေယာဉ်မှထွက်ခွာရန် တမင်ပျက်ကွက်ခြင်း သို့မဟုတ် ငြင်းဆန်ခြင်း၊

(ဃ) အမှန်တကယ် ကျသင့်သော ရေယာဉ်ခကိုပေးဆောင်ခြင်းမှ ကင်းလွတ်ရန် ရည်ရွယ်ချက်ဖြင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်တွင် ရေယာဉ်နေရာ အဆင့်အတန်းတစ်ခုအတွက် ရေယာဉ်ခပေးဆောင်လျက် ထိုနေရာ အဆင့်အတန်းထက်မြင့်သော သီးသန့်နေရာတွင် သို့မဟုတ် အခန်းတွင်စီးနင်းလိုက်ပါခြင်း၊

(င) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်ရေယာဉ်တွင် စီးနင်းလိုက်ပါလျက် ရေယာဉ်လက်မှတ် မဝယ်ယူခြင်း သို့မဟုတ် ရေယာဉ်၏ အရာထမ်း၊ အမှုထမ်းများက ရေယာဉ် လက်မှတ်ထုတ်ပြရန် တောင်းဆိုသည့်အခါ ရေယာဉ်လက်မှတ် ထုတ်ပြရန် ပျက်ကွက်ခြင်း၊

(စ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်ရေယာဉ်တွင် စီးနင်းလိုက်ပါသောသူတစ်ဦးအတွက် ကျသင့်သောရေယာဉ်ခကို ပေးဆောင်ခြင်းမှ ကင်းလွတ်စေရန် ရည်ရွယ်ချက်ဖြင့် လက်မှတ်စစ်ကို လိမ်လည်ပြသနိုင်စေခြင်းအလို့ငှာ မိမိ၏လက်မှတ်ကို အခြားသူတစ်ဦးဦးသို့ လွှဲပြောင်းပေးခြင်း၊ အခြားသူတစ်ဦးဦးက လက်ခံရယူခြင်း၊

(ဆ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်ပေါ်တွင် ခရီးသည်အတွက် နေရာကို တစ်နည်းနည်းဖြင့် ရယူလျက် ထိုနေရာကို အဖိုးအခဖြင့် ရောင်းချခြင်းသို့မဟုတ် ရောင်းရန်အားထုတ်ခြင်း သို့မဟုတ် လူစီးလက်မှတ်ကို အကျိုးအမြတ်ရယူ၍ တစ်ဆင့် ပြန်လည်ရောင်းချခြင်း၊

(ဇ) ကုန်တင်ခပေးဆောင်ခြင်းမှ လုံးဝကင်းလွတ်ရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ကုန်တင်ခ အပြည့်ပေးဆောင်ခြင်းမှ ကင်းလွတ်ရန် ရည်ရွယ်ချက်ဖြင့် ဖြစ်စေ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်ပေါ်တွင် တရားမဝင်သောနည်းလမ်းဖြင့် ကုန်ပစ္စည်းများ တင်ဆောင်ခြင်း သို့မဟုတ် တင်ဆောင်ရန် အားထုတ်ခြင်း၊

(ဈ) မိမိနှင့်အတူ ယူဆောင်လာသော ပစ္စည်းများအတွက် တန်ဆာခပေးဆောင်ခြင်းမှ ကင်းလွတ်ရန် ရည်ရွယ်ချက်ဖြင့် ကျသင့်သော တန်ဆာခကို လုံးဝပေးဆောင်ခြင်းမပြုဘဲ သို့မဟုတ် အပြည့်အဝ ပေးဆောင်ခြင်းမပြုဘဲ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင် ရေယာဉ်တွင် မိမိနှင့်အတူပစ္စည်းများ သယ်ဆောင်ခြင်း သို့မဟုတ် တင်ဆောင်ရန် အားထုတ်ခြင်း။

## အခန်း(၇)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၄။ မည်သူမဆို ပုဒ်မ ၁၃ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်းတွေ့ရှိပါက ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ တာဝန်ပေးအပ်ထားသော စစ်ဆေးပိုင်ခွင့်ရှိသူသည် ထိုသူကို အောက်ပါအတိုင်း စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်ရမည်-

(က) ပုဒ်မခွဲ(က)မှ(ဆ)အထိ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်းတွေ့ရှိပါက ထိုသူကို ခရီးစဉ် ခရီးသည် လက်မှတ်ခနှုန်း၏ သုံးဆနှင့်ညီမျှသော ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ခ) ပုဒ်မခွဲ(ဇ)နှင့်(ဈ)တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်းတွေ့ရှိပါက ထိုသူကို ခရီးစဉ် ကုန်တင် တန်ဆာခနှုန်း၏ ငါးဆနှင့်ညီမျှသော ဒဏ်ကြေးငွေတပ်ရိုက်ခြင်း။

၁၅။ (က) ပုဒ်မ ၁၄ အရ ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ကို မကျေနပ်သူသည် ယင်းဒဏ်ငွေကို ပေးသွင်းပြီး ဦးဆောင်ညွှန်ကြားရေးမှူးထံ ရက်ပေါင်း ၃၀ အတွင်း အယူခံနိုင်သည်။

(ခ) ဦးဆောင်ညွှန်ကြားရေးမှူးသည် ပုဒ်မခွဲ (က)အရ အယူခံမှုကို စိစစ်ပြီး ယင်းဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ဦးဆောင်ညွှန်ကြားရေးမှူး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

## အခန်း(၈)
## အထွေထွေ

၁၆။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်များကို ငှားရမ်းအသုံးပြုရာတွင် သတ်မှတ်ထားသည့် ကာလအတွင်း အသုံးပြုသည့် ရေယာဉ်များ ပျက်စီးခြင်း သို့မဟုတ် နစ်မြုပ်ခြင်းများအတွက် ငှားရမ်းသုံးစွဲသူက စတင်ရယူ အသုံးပြုစဉ် အခြေအနေအတိုင်း ပြန်လည်အပ်နှံရမည် သို့မဟုတ် ရေယာဉ်၏ကာလတန်ဖိုးအတိုင်း ပေးလျော်ရမည်။

၁၇။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ဤဥပဒေပါ စီမံခန့်ခွဲရေးနည်းလမ်းအရ ကောက်ခံသည့် ဒဏ်ကြေးငွေကို ပေးဆောင်ရန် ပျက်ကွက်သူထံမှ အခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ သတ်မှတ်ချက်နှင့်အညီ အရကောက်ခံခွင့်ရှိသည်။

၁၈။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်ပစ္စည်းများသည် ပြည်သူပိုင်ပစ္စည်းများ ဖြစ်သည်။

၁၉။ လျော်ကြေးငွေ၊ ကြွေးကျန်များ၊ ပြည်သူပိုင်ပစ္စည်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၂၀။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ အရာထမ်း၊ အမှုထမ်းအားလုံးသည် ဤဥပဒေအရ ပေးအပ်သောတာဝန်ကို ထမ်းဆောင်ချိန်တွင် ရာဇသတ်ကြီးပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၂၁။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ဘဏ္ဍာရေးနှစ်အလိုက် နှစ်စဉ် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဝန်ကြီးဌာနသို့ အစီရင်ခံတင်ပြရမည်။

၂၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၂၃။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ၅၁။ )ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

# ရတနာပုံခေတ် စက်ရုံ ကိုးရုံ

မောင်သာ(ရှေးဟောင်းသုတေသန)

ကုန်းဘောင်ခေတ်၏ နောက်ဆုံးဘုရင်နှစ်ပါးဖြစ်သည့် မင်းတုန်းမင်းနှင့် သီပေါမင်းတို့ အုပ်ချုပ်ခဲ့သည့် ကာလကို ရတနာပုံခေတ်ဟု ခေါ်ဆိုသည်။ မင်းတုန်းမင်း(ခရစ်နှစ် ၁၈၅၃-၁၈၇၈) သည် တစ်မိုင် နှစ်ဖာလုံ ကျယ်ဝန်းသည့် ရတနာပုံမြို့သစ်ကို မြန်မာသက္ကရာဇ် ၁၂၂၀ ခုနှစ်တွင် တည်ထောင်၍ အမရပူရမှ ပြောင်းရွှေ့နန်းစံခဲ့သည်။ ယင်းအချိန်မှ သီပေါမင်းပါတော်မူကာ မြန်မာနိုင်ငံ လွတ်လပ်ရေးဆုံးရှုံးခဲ့သည့် အချိန်အထိ ၂၆ နှစ်ကြာ ကာလသည် ရတနာပုံခေတ်ဖြစ်သည်။

မင်းတုန်းမင်းနန်းတက်ချိန်တွင် မြန်မာနိုင်ငံအောက်ပိုင်းသည် အင်္ဂလိပ်များလက်အောက်သို့ ကျရောက်နေခဲ့ပြီး နိုင်ငံအကျယ်အဝန်းသည် မူလနိုင်ငံတော်၏ သုံးပုံတစ်ပုံမျှသာ ရှိခဲ့သည်။ မင်းတုန်းမင်းနှင့် ညီတော် ကနောင်မင်းသားတို့သည် ခရစ်နှစ် ၁၈၅၄ ခုနှစ်မှစ၍ ခေတ်မီ စက်ရုံအလုပ်ရုံများ တည်ထောင်ခြင်း၊ ငွေကြေးစနစ်သစ်ကို ထူထောင်ခြင်း၊ ဒင်္ဂါးများသွန်းလုပ်ခြင်း လူငယ်လူရွယ်များကို ပြည်ပသို့စေလွှတ်၍ ခေတ်မီနည်းပညာများကို သင်ယူစေခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီးတွင် ရတနာပုံခေတ်တွင် စက်ရုံ အလုပ်ရုံ ၅၀ ကျော်ရှိခဲ့သည်ဟုဆိုသော်လည်း ဗြိတိသျှမှတ်တမ်းများတွင် စက်ရုံကိုးရုံသာရှိခဲ့ကြောင်း သမိုင်းသုတေသီ ဆရာမကြီးဒေါ်ကြန်က ရတနာပုံစက်ရုံများစာတမ်းတွင် ဖော်ပြခဲ့သည်။ ယင်းစာတမ်းကို ၁၉၆၆ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ သုတေသနဆွေးနွေးပွဲ၌ ဖတ်ကြားခဲ့သည်။

ရတနာပုံခေတ် စက်ရုံအလုပ်ရုံများကို ခရစ်နှစ် ၁၈၅၈ ခုနှစ်မှ ၁၈၇၄ ခုနှစ်အတွင်း တည်ဆောက်ခဲ့သည်ဟု ခန့်မှန်းရသော်လည်း စက်ရုံတစ်ခုချင်း တည်ဆောက်ခဲ့သည့် ခုနှစ်များကို အတိအကျ မသိရှိခဲ့ပါချေ။ ယင်းစက်ရုံများအနက် အမြောက်သေနတ် စက်ရုံ၊ ရက်ကန်းစက်ရုံ၊ သင်္ဘောစက်ရုံ၊ လွှစက်ရုံ၊ သံစက်ရုံ၊ ဒင်္ဂါးစက်ရုံ၊ သကြားစက်ရုံ၊ မဲနယ်စက်ရုံနှင့် သံချက်ဖိုတို့သည် ခိုင်လုံသော အထောက်အထားများရှိခဲ့သည်။

**အမြောက်သေနတ်စက်ရုံ**

ရတနာပုံနေပြည်တော်တွင် အမြောက်သေနတ်စက်ရုံလေးရုံရှိခဲ့သည့်အနက် နန်းမြို့တွင်း၌ နှစ်ရုံ၊ နန်းမြို့အပြင်၌ မြောက်ပြင် အမရစံခေါင်ရပ်၊ ရွှေတချောင်းကမ်းဘေးတွင် တစ်ရုံ၊ အနောက်ပြင် သင်္ဂဇာချောင်းကမ်းတွင် တစ်ရုံ တည်ရှိခဲ့ကာ ၁၈၇၀ ပြည့်နှစ်တွင် လက်နက်စက်ရုံလေးရုံလုံး ပြီးစီးနေပြီဖြစ်ကြောင်း ခန့်မှန်းခဲ့သည်။

မြောက်ပြင်စက်ရုံကို အိမ်ရှေ့စံ ကနောင်မင်း မကွယ်လွန်မီ တည်ဆောက်ခဲ့ပြီး စက်ရုံလုပ်ငန်းအရပ်ရပ်ကို ကနောင်မင်းသား၊ မြတောင်ဝန်ကြီး၊ ဗန်းမော်အတွင်းဝန်နှင့် သားတော်မင်းသားကြီးတို့က ကြီးကြပ်ကွပ်ကဲခဲ့ကြသည်။ ယင်းအမြောက်စက်ရုံ၌ အမှုထမ်း ၁၅၂ ဦးတာဝန် ထမ်းဆောင်ခဲ့ကာ စက်ရုံ၏ စက်စွမ်းအားသည် ရက်သတ္တပတ် တစ်ပတ်လျှင် သေနတ်အလက် ၂၀၀ ထုတ်လုပ်နိုင်သည်ဟု ဆိုသော်လည်း သီပေါမင်းအုပ်ချုပ်ခဲ့သည့် ခုနစ်နှစ်တာကာလအတွင်း နောက်ထိုးသေနတ် ၅၀၀ ကျော်သာ ထုတ်လုပ်နိုင်ခဲ့သည်။ နန်းမြို့အမြောက်စက်ရုံတွင် အိန္ဒိယအလုပ်သမား ၁၂ ဦး အပါအဝင် အမှုထမ်း ၁၀၀ ရှိခဲ့သည်။

**ရက်ကန်းစက်ရုံ**

ရတနာပုံခေတ် ရက်ကန်းစက်ရုံသည် မြောက်ပြင် အမရစံခေါင်ရပ်တွင် အမြောက်စက်ရုံနှင့်ကပ်လျက် တည်ရှိခဲ့သည်။ ရွှေတချောင်းကမ်းတွင် တည်ရှိသည့် ယင်းစက်ရုံတွင် စက်ပစ္စည်းကိရိယာများကို ၁၈၇၂ ခုနှစ် နှစ်ဦးတွင် တပ်ဆင်ပြီးစီးခဲ့ကြောင်း ခန့်မှန်းခဲ့သည်။

ရတနာပုံ ရက်ကန်းစက်ရုံတွင် ဘွိုင်လာကြီးတစ်လုံး၊ မြင်းကောင်ရေ ၄၀ အားရှိသည့် အင်ဂျင်တစ်လုံး၊ ရက်ကန်းစင် ၈၀ ၊ ဖောက်တံ ၁၅၀၀ နှင့် စက်ကိရိယာ အပြည့်အစုံကို တပ်ဆင်ခဲ့သည်။ စက်ရုံတွင် ဝါကြိတ်စက်၊ ဂွမ်းဖတ်စက်၊ ဗိုင်းတောင့်စက်၊ ချည်ချောချည်ကြမ်းစက်များအပြင် အထည်ရက်သည့် စက်ခန်း၊ အထည်ခေါက်သည့် စက်ခန်းများလည်း ပါဝင်ခဲ့သည်။ ရက်ကန်းစက်ရုံ၏ ကုန်ထုတ်စွမ်းအားကို အထောက်အထားများစွာ မတွေ့ရသော်လည်း ဗြိတိသျှအစိုးရ ကိုယ်စားလှယ်အရေးပိုင်က ရက်ကန်းစက်ရုံသည် တစ်နေ့လျှင် အထည်ကိုက် ၁၀၀၀ ထုတ်လုပ်နိုင်ရန် အလားအလာကောင်းကြောင်း အစီရင်ခံခဲ့သည်ဟု ဆရာမကြီး ဒေါ်ကြန်က ရေးသားခဲ့သည်။

ရက်ကန်းစက်ရုံကို ၁၈၇၃ ခုနှစ် နှစ်ဦးပိုင်းတွင် ကောင်းစွာလည်ပတ်ခဲ့ကာ ထိုနှစ်ဇွန်လတွင် စက်အချို့ကျိုးပဲ့ပျက်စီးခဲ့သဖြင့် လုပ်ငန်းများ ရပ်ဆိုင်းခဲ့သည်။ ထိုအချိန်တွင် စက်ရုံစတင်တည်ထောင်ချိန်မှစ၍ ကြီးကြပ်ခဲ့သူ အင်္ဂလိပ်လူမျိုး မစ္စတာကာခမ်းသည် စိတ်ဖောက်ပြန်ခဲ့သဖြင့် အလုပ်မှ နုတ်ထွက်သွားခဲ့ရာ ရက်ကန်းစက်ရုံသည် များစွာထိခိုက်နစ်နာခဲ့သည်။ရက်ကန်းစက်ရုံသည် သီပေါမင်း လက်ထက်အထိ လည်ပတ်ခဲ့ကြောင်း လွှတ်တော်ပုရပိုက် အမှတ်အသားမှတ်တမ်းအရ သိရှိရသော်လည်း လုပ်သားအင်အားကို မသိရှိရပါချေ။

**သင်္ဘောစက်ရုံ**

သင်္ဘောများတည်ဆောက်ရန်နှင့် ပျက်လျှင်ပြုပြင်နိုင်ရန် ရတနာပုံခေတ် သင်္ဘောစက်ရုံကို ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင် တည်ဆောက်ခဲ့သည်။ သင်္ဘောစက်ရုံနေရာသည် ရတနာပုံမြို့တော် အနောက်ဘက်၊ မြို့ကြီးပြင်၊ ပန်းစက်တံခါးအထွက်ရှိ မြစ်ကမ်းနဖူးဖြစ်သည်။ သင်္ဘောစက်ရုံများကို မြစ်ကမ်းမှ အမြင့်တွင် တည်ဆောက်ကာ ဧရာဝတီမြစ်ရေတက်ချိန်တွင် သင်္ဘောများကို စက်ရုံများဆီသို့ ပို့ဆောင်နိုင်ရန် စီစဉ်ခဲ့သည်။ ရတနာပုံ သင်္ဘောစက်ရုံနှင့် သင်္ဘောကျင်းသည် ၁၈၇၀ ပြည့်နှစ်တွင် သင်္ဘောများကို တည်ဆောက်ခဲ့သည်။

ရတနာပုံသင်္ဘောကျင်းကို ၁၈၇၂ ခုနှစ်တွင် တိုးချဲ့ပြုပြင်၍ ခေတ်မီစက်သစ်များ တပ်ဆင်ခဲ့ကြောင်း ၁၈၇၂ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့ထုတ် မြန်မာသတင်းစာတွင် ဖော်ပြခဲ့သည်။ သင်္ဘောစက်ရုံတွင် အမှုထမ်း ၁၂၇ ဦးရှိခဲ့ပြီး မြန်မာနိုင်ငံကို ဗြိတိသျှတို့ သိမ်းပိုက်ပြီးချိန်တွင် ရတနာပုံသင်္ဘောကျင်း၌ မတပ်ဆင်ရသေးသည့် ၁၀ တန် ဝန်ချီစက်နှင့် စက်လက်တံကို တွေ့ရှိခဲ့သည်။ ရတနာပုံ သင်္ဘောစက်ရုံကို မတည်မီ ၁၈၆၄-၁၈၆၅ ခုနှစ်တွင် ဟယ်လီဒေဘူးလုပ်ကုမ္ပဏီမှ သင်္ဘောတစ်စင်းဝယ်ယူခဲ့ပြီးနောက် ခေတ်မီပစ္စည်းကိရိယာများတပ်ဆင်ထားကာ စက်စွမ်းအားမြင့်သည့် မြစ်တွင်းသွား သံလိုက်မီးသင်္ဘော နှစ်စင်းဝယ်ယူရန် မြန်မာဘုရင်အစိုးရ၏စီစဉ်မှုအား ဗြိတိသျှအစိုးရက ပိတ်ပင်ခဲ့သည်။

ထို့ကြောင့် ရန်ကုန်မြို့မှ သင်္ဘောတည်ဆောက်သူ နစ်ကိုဆင်ကို ငှားရမ်း၍ ရတနာပုံ နေပြည်တော်၌ သင်္ဘောစက်ရုံနှင့် သင်္ဘောကျင်းကို တည်ဆောက်ခဲ့သည်။သင်္ဘောစက်ရုံတွင် တည်ဆောက်ခဲ့သည့် မြစ်တွင်းသွား ကျွန်းသားကိုယ်ထည် မီးသင်္ဘောကို ၁၈၇၀ ပြည့်နှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် ရေချခဲ့သည်။ ယင်းသင်္ဘောရေချခဲ့ပြီးနောက် နောက်ထပ် ၁၀ စင်းတည်ဆောက်ရန် ၁၈၇၁ ခုနှစ် မတ်လ ၅ ရက်နေ့တွင် တစ်ပြိုင်တည်း ရောတည်ခဲ့သည်။ ယင်းသင်္ဘောများသည် အလျားပေ ၁၅၀ မှ ပေ ၁၈၀၊ အကျယ် ၂၄ ပေနှင့် ဇောက် ခြောက်ပေ ရှိခဲ့သည်။

**လွှစက်ရုံ**

လွှစက်ရုံဟုခေါ်သည့် သစ်ခွဲစက်သည် မြို့တော်အနောက်ဘက် ပုဏ္ဏားကုန်းသုသာန် အနောက်မြောက်၊ သင်္ဂဇာချောင်း အရှေ့ဘက်ကမ်းတွင် တည်ရှိခဲ့သည်။ လွှစက်ရုံကို ၁၈၇၂ ခုနှစ်တွင် တည်ဆောက်ပြီးစီးသည်ဟု ယူဆနိုင်ဖွယ်ရှိကာ ဘုရင့်ကျွန်းသစ်များကို ခွဲစိတ်ခဲ့သည်။ လွှစက်ရုံတွင် လွှထောင်၊လွှဝိုင်း၊လွှစက်များ လည်ပတ်ရန် မြင်းကောင်ရေ ၄၀ အားရှိသည့် ဆလင်ဒါနှစ်လုံးထိုးအင်ဂျင်စက်ကို တပ်ဆင်ခဲ့သည်။ စက်ရုံအတွင်း လွှသွေးစက်တစ်လုံးကိုလည်း ထားရှိခဲ့သည်။



ရတနာပုံလွှစက်၏ တည်ဆောက်မှုနှင့် ထုတ်လုပ်မှုမှတ်တမ်းများမရှိခဲ့သော်လည်း ၁၈၇၂ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့ထုတ် မြန်မာသတင်းစာတွင် “ရေနံဆိပ်မှာ ဆင်သောသစ်ခွဲရန် လွှစက်ကြီးသည် ဆင်လုပ်၍ပြီးလုလေပြီ။ ထိုစက်ကြီးပြီးလျှင် မြန်မာပြည်မှာ ကျွန်းသစ်ပေါများသည်နှင့် အကျိုးများစွာ ဖြစ်ထွန်းစရာကောင်းကြောင်း”ရေးသားဖော်ပြခဲ့သည်။

မြန်မာဘုရင် အစိုးရသည် သစ်လုပ်ငန်းကို တွင်ကျယ်စွာဆောင်ရွက်နိုင်ရန် ၁၈၇၃ ခုနှစ်တွင် ရန်ကုန်မြို့မှ ပဲခူး သစ်စက်ကို ငွေကျပ် ၉၀၀၀၀ ဖြင့် ဝယ်ယူခဲ့ကြောင်း ဗြိတိသျှကိုယ်စားလှယ်က မဟာဝန်ရှင်တော်မင်းကြီးထံ အစီရင်ခံခဲ့သည်။

**သံစက်ရုံ**

ပန်းပဲစက်၊ သတ္တုသွန်းစက်၊ သံရည်ကျိုစက်တို့ပါဝင်သည့် စက်ရုံငါးရုံကို စုစည်းထားသည့် ရတနာပုံသံစက်ရုံကို လွှစက်ရုံအနီးတွင် တည်ဆောက်ခဲ့ကာ သံချက်ဝန်က ဦးစီးလည်ပတ်ခဲ့သည်။ သံစက်ရုံအတွင်း တပ်ဆင်ထားသည့် စက်ပစ္စည်းများကို အင်္ဂလန်နှင့် ပြင်သစ်နိုင်ငံရှိ ပထမတန်းကုမ္ပဏီကြီးများမှ မှာယူတင်သွင်းခဲ့သည်။ စက်ရုံတွင် တပ်ဆင်ထားသည့် တန်ချိန် ၆၀ ရှိသည့် တူစက်ကြီးကို ဂလပ်စ်ကိုမြို့ ဂရင်းအင်ရောစ် ကုမ္ပဏီက ထုတ်လုပ်ခဲ့ပြီး ထိုအချိန်က ယင်းစက်ကြီးသည် အာရှတိုက်တွင် အကောင်းဆုံးစက် ဖြစ်နိုင်ဖွယ်ရှိကြောင်း သုံးသပ်ခဲ့သည်။

ရတနာပုံသံစက်ရုံတွင် သံရည်ကျိုခြင်းနှင့် ပုံသွန်းခြင်း အပြင် ပန်းပဲလုပ်ငန်းများလည်း ဆောင်ရွက်ခဲ့ကာ အခြားစက်ရုံများ၏ စက်ပစ္စည်းကိရိယာများကို သိုလှောင်သိမ်းဆည်းခဲ့သည်။ သံစက်ရုံတွင် အသုံးပြုသည့် သံကုန်ကြမ်းများနှင့် ကျောက်မီးသွေးကို ပြည်တွင်းမှ ရယူခဲ့ရုံသာမက ပြည်ပမှလည်း တင်သွင်းခဲ့သည်။ နိုင်ငံခြားသား အင်ဂျင်နီယာများကို ခေါ်ယူ၍ နိုင်ငံအတွင်း သံနှင့် ကျောက်မီးသွေးများတူးဖော်လုပ်ကိုင်ခဲ့သည်ဟု ဆိုသည်။

**ဒင်္ဂါးစက်ရုံ**

ရတနာပုံ ဒင်္ဂါးစက်ရုံကို ခရစ် ၁၈၆၅ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် စတင်လည်ပတ်ခဲ့သည်။ ဒင်္ဂါးစက်ရုံကို နန်းတော်သစ်တပ်အတွင်း ပဟိုရ်စင်မြောက်ဘက်၌ အုတ်အင်္ဂတေတို့ဖြင့် ဆောက်လုပ်ခဲ့ပြီး ပြင်သစ်နိုင်ငံမှ ဒင်္ဂါးလုပ်စက်များကို တပ်ဆင်ခဲ့သည်။ ရွှေ၊ငွေ၊ကြေး သတ္တုများကို တန်ဖိုးသင့်သုံးစွဲသည့်စနစ်မှ အများသုံး ငွေကြေးတစ်ရပ်သုံးစွဲသည့်စနစ်သို့ ပြောင်းလဲရန် စက်ရုံထွက်ဒင်္ဂါးများကို နိုင်ငံအဝန်း ပြည်သူများအား သုံးစွဲစေခဲ့သည်။ ထို့ကြောင့် ပြည်သူများ၏ ရောင်းဝယ်ရေးလုပ်ငန်းများနှင့်အစိုးရ၏ အခွန်ကောက်ခံမှုလုပ်ငန်းများသည် သွက်လက်လာခဲ့သည်။

ရတနာပုံ ဒင်္ဂါးစက်ရုံကို လန်ဒန်မြို့ရှိ အင်္ဂလိပ် ဒင်္ဂါးစက်ရုံပုံစံအတိုင်း တည်ဆောက်ခဲ့သည်။ ဒင်္ဂါးစက်ရုံမှ ရွှေ၊ ငွေ၊ ကြေးနီ၊ သံဖြူနှင့် ခဲဒင်္ဂါးများထုတ်လုပ်ခဲ့ပြီး ဒေါင်းတံဆိပ်ကျပ်သုံး ငွေဒင်္ဂါးများကို မင်းတုန်းမင်းနန်းတက်ခဲ့သည့် မြန်မာသက္ကရာဇ် ၁၂၁၄ ခုနှစ် တံဆိပ်ခတ်နှိပ်၍ သွန်းလုပ်ခဲ့သည်။ စက်ရုံမှ ငါးမူးစေ့၊ မတ်စေ့၊ မူးစေ့နှင့် ပဲစေ့ ရွှေဒင်္ဂါးများကိုလည်း ထုတ်လုပ်ခဲ့သည်။

ဒင်္ဂါးစက်ရုံကို မြန်မာလူမျိုးများ ကြီးကြပ်လုပ်ကိုင်ခဲ့ပြီး စက်ရုံ၏ ကုန်ထုတ်စွမ်းအားသည် တစ်ရက်လျှင် ငွေကျပ် ၁၀၀၀၀ မှ ၁၅၀၀၀ အထိ ရှိခဲ့သည်။ ရတနာပုံဒင်္ဂါးစက်ရုံကို ၁၈၆၅ ခုနှစ်မှ ၁၈၈၅ ခုနှစ်အထိ နှစ် ၂၀ ခန့် လည်ပတ်ခဲ့ကာ ကျပ်သုံးငွေဒင်္ဂါး ၂၆၄ သိန်းကျော် ထုတ်ဝေနိုင်ခဲ့သည်။ မြန်မာနိုင်ငံကို အင်္ဂလိပ်များသိမ်းပိုက်ခဲ့ပြီးနောက် ရတနာပုံငွေဒင်္ဂါးများ ကို ၁၉၉၂ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် လည်းကောင်း၊ ကြေးပိုက်ဆံများကို၁၈၉၉ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် လည်းကောင်း တရားဝင်ငွေကြေးအဖြစ်မှ ရပ်စဲခဲ့သည်။

ရုပ်သိမ်းခဲ့သည့် ဒင်္ဂါးများမည်မျှရရှိခဲ့ကြောင်း ဗြိတိသျှအစိုးရက မထုတ်ပြန်ခဲ့သော်လည်း သီပေါမင်းပါတော်မူချိန်အထိ ရတနာပုံဒင်္ဂါးစက်ရုံမှ သွန်းလုပ်ခဲ့သည့် ဒေါင်းဒင်္ဂါးများသည် တန်ဖိုးငွေ၂၈၇၅၆၂၅ ကျပ်ဖိုးရှိကြောင်း ခန့်မှန်းခဲ့သည်။

**သကြားစက်ရုံ**

မန္တလေးမြို့ အနောက်ပြင် ပိုက်ကျိုးတံတားအထွက် လက်ဝဲဘက်တွင် တည်ရှိခဲ့သည့် ရတနာပုံသကြားစက်ရုံသို့ သကြားချက်စက်နှင့် အရောင်ချွတ်စက်များသည် ၁၈၇၁ ခုနှစ်တွင် ရောက်ရှိလာခဲ့သဖြင့် စက်ရုံကို ၁၈၇၂ ခုနှစ်ဦးတွင် တည်ဆောက်ပြီးစီးခဲ့သည်ဟု ခန့်မှန်းခဲ့သည်။ သကြားစက်ရုံကို ဥရောပတိုက်သား အာသာကိုးက ဦးစီးလုပ်ဆောင်ခဲ့ကာ ၁၈၇၄ ခုနှစ်တွင် ဥရောပသား စက်ဆရာများကို အမှုထမ်းခြင်းမှ ရပ်စဲခဲ့သည်။ စက်ရုံ၏ ထုတ်လုပ်မှုစွမ်းအားကို မသိရှိရချေ။

**မဲနယ်စက်ရုံ**

ရတနာပုံ နေပြည်တော်တွင် မဲနယ်စက်ရုံ ငါးရုံရှိခဲ့ရာ ပထမဆုံး မဲနယ်စက်ရုံသည် အမရပူရတွင် တည်ရှိခဲ့သည်။ စက်ရုံတွင် ၂၀ စတုရန်းပေ ကျယ်ဝန်းသည့် အုတ်ကန်ခြောက်ကန်ပါရှိသည်။ ပြင်သစ်နိုင်ငံတွင် မဲနယ်ချက်ပညာသင်ယူတတ်မြောက်ခဲ့သည့် မောင်ရွှေခြိုးသည် ၁၈၆၈ ခုနှစ်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ စက်ရုံထူထောင်စက ပြည်ပပညာရှင်များနှင့် လုပ်သားများကို ငှားရမ်းလုပ်ကိုင်ခဲ့သော်လည်း နောက်ပိုင်းတွင်ပညာရှင် မြန်မာလူငယ်များဦးစီးကာ လုပ်ကိုင်ခဲ့ကြသည်။

မဲနယ်မျိုးစေ့ကို ဘင်္ဂလားမှမှာယူ၍ မဲနယ်စက်ရုံအနီး ဝန်းကျင်ဒေသများတွင် စိုက်ပျိုးစေခဲ့သည်။ အမရပူရ မဲနယ်စက်ရုံအပြင် သရက်ကန်၊ မန္တလေးတောင်အနီး၊ စစ်ကိုင်းနှင့် နန်းမြို့အတွင်း၌လည်း မဲနယ်စက်ရုံတစ်ရုံစီ တည်ဆောက်ခဲ့သည်။ ရတနာပုံ မဲနယ်စက်ရုံများမှ တစ်နှစ်လျှင် မဲနယ်ပိဿာ ၈၀၀၀ ထုတ်လုပ်နိုင်ပြီး တရုတ်ကုန်သည်များက ရှမ်းပြည်နှင့် တရုတ်ပြည်သို့ တင်ပို့ရောင်းချခဲ့ကြသည်။

**စစ်ကိုင်းသံချက်ဖို**

စစ်ကိုင်းမြို့ ရွှေတောင်ဦးမော်အရပ်တွင် ရှိခဲ့သည့် သံချက်ဖိုကြီးကို ၁၈၇၄ ခုနှစ် ဇွန်လတွင် မက္ခရာမင်းသားကြီးဦးစီးကာ အုတ်မြစ်ချ၍ စတင်တည်ဆောက်ခဲ့သည်။သို့သော် အကြောင်းများစွာကြောင့် သံချက်ဖို၏ စက်ကိရိယာများ တပ်ဆင်မှု လုပ်ငန်းများသည် ၁၈၇၈ ခုနှစ်အထိ အပြီးမသတ်နိုင်ခဲ့ချေ။ စက်ရုံကြီးသာ ပြီးမြောက်ခဲ့ပါက တစ်နေ့လျှင် ကျောက်မီးသွေးတန် ၁၀၀ ကုန်မည့် လုပ်ငန်းများ လုပ်ဆောင်နိုင်မည်ဟုဆိုသည်။

ကုန်းဘောင်နေဝင်ချိန်ဟု ဆိုနိုင်သည့် ရတနာပုံခေတ်တွင် မင်းတုန်းမင်းသည် မြန်မာနိုင်ငံ အထက်ပိုင်းကို သိမ်းပိုက်ခြင်း မခံရစေရန်နှင့်ခေတ်မီ တိုးတက်သောနိုင်ငံ ဖြစ်လာစေရန် စွမ်းဆောင်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ရတနာပုံစက်ရုံများကို တည်ထောင်လည်ပတ်ခဲ့ခြင်းသည် သမိုင်းမှတ်တမ်းတစ်ခုအဖြစ် ထင်ရှားခဲ့ပေသည်။

**ကိုးကား**

**ရွှေနန်းသုံးဝေါဟာရ အဘိဓာန် (ဦးမောင်မောင်တင်)**
**ကုန်းဘောင်၏ နောက်ဆုံးအားမာန်(မကြန်)**
**မြန်မာ့သမိုင်းနှင့်ယဉ်ကျေးမှု ဒီပလိုမာသင်တန်းမှတ်စုများ**

**ကုန်းဘောင်နေဝင်ချိန်ဟု ဆိုနိုင်သည့် ရတနာပုံခေတ်တွင် မင်းတုန်းမင်းသည် မြန်မာနိုင်ငံ အထက်ပိုင်းကို သိမ်းပိုက်ခြင်း မခံရစေရန်နှင့် ခေတ်မီတိုးတက်သောနိုင်ငံ ဖြစ်လာစေရန် စွမ်းဆောင်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ရတနာပုံစက်ရုံများကို တည်ထောင်လည်ပတ်ခဲ့ခြင်းသည် သမိုင်းမှတ်တမ်းတစ်ခု အဖြစ် ထင်ရှားခဲ့**

# သခွား၊ ဖရဲစိုက်ခင်းမြေများတွင် မြေဆီလွှာပျက်စီးမှုလျှော့ချရေး သုတေသနလုပ်ငန်းများဆောင်ရွက်

**မန္တလေး ဖေဖော်ဝါရီ ၂၇**



မန္တလေးတိုင်းဒေသကြီးအတွင်း သခွားနှင့် ဖရဲစိုက်ခင်းမြေများတွင် ဇီဝနည်းပညာဖြင့် မြေဆီလွှာပျက်စီးမှုလျှော့ချနိုင်ရေးအတွက် နည်းပညာတက္ကသိုလ်(မန္တလေး)သုတေသနဌာနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနအောက်ရှိ ဇီဝနည်းပညာ သုတေသနဌာနတို့ ပူးပေါင်း၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

“သခွားမွေးနဲ့ ဖရဲစိုက်ခင်းတွေမှာ မြေဆီလွှာပျက်စီးနေတာ ကြားသိပေမယ့် သိပ္ပံနည်းကျ စစ်ဆေးလေ့လာဖို့လိုတယ်။ ဒါကြောင့် သုတေသနလုပ်ငန်းကို ရွေးချယ်ဆောင်ရွက်တာဖြစ်တယ်။ စိုက်ပျိုးရေးမှာ တောင်သူတွေလူမှုဘဝမြင့်မားဖို့ နည်းပညာအရ တစ်တပ်တစ်အား ကူညီဆောင်ရွက်ပေးရ ရောက်ပါတယ်”ဟု နည်းပညာတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခ ဒေါက်တာဆင့်စိုးကပြောသည်။

သုတေသန ဆောင်ရွက်ရန် ကျောက်ဆည်၊ တံတားဦး၊ အမရပူရ၊ ပုသိမ်ကြီးမြို့နယ်များကို ရွေးချယ်ထားပြီး စိုက်ပျိုးတောင်သူများတွင် ဓာတုဓာတ်ကြွင်း အမျိုးအစားနှင့် ပမာဏ တိုင်းတာစစ်ဆေးရန်၊ သုတေသနမှ ရရှိသည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုဆိုင်ရာတို့ကို သက်ဆိုင်သည့်ဌာနများသို့ သတင်းအချက်အလက်ပေးပို့ရန်နှင့် စိုက်ပျိုးသူများအား အသိပညာပေးရန်တို့အပြင် နည်းပညာဖြန့်ဖြူးရန်တို့ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

“စိုက်ပျိုးရေး နည်းစနစ်တွေပြောင်းလာတာနဲ့အမျှသဘာဝဝန်းကျင်ပျက်စီးမှုရှိလာတာတွေကို ဇီဝနည်းပညာသုံးပြီး ဂေဟစနစ်ပျက်စီးမှုတွေထိန်းသိမ်းဖို့ လုပ်ရမှာပါ။ သုတေသနလုပ်ငန်းတွေ အောင်မြင်ဖို့က အစိုးရအဖွဲ့အစည်းနဲ့ ဒေသခံစိုက်ပျိုးသူတွေနဲ့ စိုက်ပျိုးရေးဆိုင်ရာ အဖွဲ့အစည်းတွေ ပူးပေါင်းပါဝင်ဖို့ လိုတယ်။ ကျန်းမာသန့်စွမ်းတဲ့ သီးနှံထုတ်လုပ်နိုင်တဲ့ မြေကောင်းတွေကို အသစ်တစ်ဖန်ရယူနိုင်မှာပါ”ဟု ကွင်းဆင်းလေ့လာသူ ဒေါက်တာသိမ့်သိမ့်ဝင်းက ပြောသည်။

သခွား၊ ဖရဲစိုက်ပျိုးမြေများတွင် သီးထပ်စိုက်ပျိုးနိုင်မှုမရှိခြင်း၊ မြေအောင်းပိုးများ လျော့နည်း ရှားပါးသွားခြင်း၊ စိုက်ပျိုးမြေများ၏ ချဉ်၊ ငန်ဓာတ်လွန်ကဲလာခြင်း၊ မမြင်နိုင်သော ဇီဝမျိုးကွဲ မျိုးစုံများအတွက် မှုခြေပျက်စီးလာခြင်း စသည့် မြေယာပျက်စီးမှု ပြဿနာများကို တောင်သူများမှာ လက်ရှိအချိန်တွင် ရင်ဆိုင်တွေ့ကြုံနေရကြောင်း သုတေသနစစ်တမ်းများအရ သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မျိုးစေ့ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက်ညှိနှိုင်းစည်းဝေး

**မန္တလေး ဖေဖော်ဝါရီ ၂၇**

မျိုးစေ့ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး တောင်သူလယ်သမားဘဝ တိုးတက်မြင့်မားရေးကို အလေးထားလျက် မျိုးစေ့ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၄ ရက်ကတိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင် (နည်းပညာ)က တောင်သူလယ်သမားများ မျိုးကောင်းမျိုးသန့် မျိုးစေ့များကို အသုံးပြုပြီးစိုက်ပျိုးနိုင်ရန် မျိုးစေ့ထုတ်လုပ်သူများအသင်းများ တည်ထောင်ပြီး မျိုးကောင်းမျိုးထုတ်လုပ်နိုင်ရေးကို ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တောင်သူအုပ်စုအဖွဲ့များဖြင့် မျိုးစေ့ထုတ်လုပ်သူအသင်းများ တည်ထောင်ပြီး မျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်လုပ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာနမှ နည်းပညာပံ့ပိုးကူညီပြီး ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးအောင်မော်က မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်သူ အသင်းများ တည်ထောင်ပြီးလယ်ယာကဏ္ဍဖွံ့ဖြိုးရေးကို ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများက ဦးဆောင်ပြီး ဆောင်ရွက်မည်ဖြစ်ကြောင်းတို့ကို ဆွေးနွေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဦးစီးမှူး ဦးကျင်မောင်က လယ်ယာကဏ္ဍဖွံ့ဖြိုးတည်ထောင်ပြီး တောင်သူလယ်သမားများ၏ လူမှုဘဝတိုးတက်မြင့်မားရေးကို ဆောင်ရွက်ရာတွင် မျိုးစေ့ထုတ်လုပ်သူများအသင်း တည်ထောင်ပြီး (Contract Farming) စနစ်ဖြင့် ဆောင်ရွက်လျှင် ပိုမိုထိရောက်ပြီး တိုးတက်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အပိုင်းမှ တောင်သူများလိုအပ်မည့် အရင်းအနှီးနှင့် နည်းပညာများကို ဖြည့်ဆည်းဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် သီးနှံများ ကောင်းမွန်သောဈေးကွက်ရရှိရေးတို့ကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်ကြောင်းတို့ကို ဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသော မျိုးစေ့ထုတ် လုပ်ငန်းရှင်များနှင့် တောင်သူများက လုပ်ငန်းအောင်မြင်ရေးကိုရှေးရှုပြီး ဝိုင်းဝန်းအကြံပြုဆွေးနွေးကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ရွှေစာရံစေတီပရိဝုဏ်ရင်ပြင်တော်ကျောက်ပြားများ သန့်ရှင်းရေးဆောင်ရွက်

**သထုံ ဖေဖော်ဝါရီ ၂၇**



မွန်ပြည်နယ် သထုံမြို့ ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပတော့မည့် ကျက်သရေဆောင် သမိုင်းဝင်ရွှေစာရံစေတီတော် ရင်ပြင်တော်ကျောက်ပြားများ သန့်ရှင်းရေးဆောင်ရွက်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၅ ရက်က စုပေါင်းဆောင်ရွက်ကြသည်။

သထုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်းဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ သထုံခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြင်ထွန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် အမှတ် (၇၈) ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံးမှတာဝန်ရှိသူများ စုစုပေါင်း ၁၀၀ ခန့် ဆောင်ရွက်ကြသည်။

သမိုင်းဝင်ရွှေစာရံစေတီ ဗုဒ္ဓပူဇနိယတပေါင်းပွဲသည် တပေါင်းလဆန်း ၈ ရက်မှ လပြည့်ကျော် ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**နန္ဒကျော်စွာ**

# စေတနာ(အခမဲ့)ဆေးခန်း နှစ်ပတ်လည်အခမ်းအနား၌ ဆေးအလှူရှင်များအား ဂုဏ်ပြု




**ကျောင်းကုန်း ဖေဖော်ဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်ရှိ စေတနာ(အခမဲ့)ဆေးကုခန်း အလှူရှင်ဂုဏ်ပြုလွှာ ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဆေးခန်းကြီးကြပ်ဆောင်ရွက်ရေးကော်မတီအတွင်းရေးမှူး ဦးမင်းဦးက နှုတ်ခွန်းဆက်စကားပြောကြားပြီး နာယက ဦးသန်းဌေးက ဆေးခန်းဆောင်ရွက်နိုင်မှုအခြေအနေများအဖြစ် တစ်နှစ်ကာလ အတွင်းလူနာ ၂၅၄၉ ဦး ကုသပေးနိုင်ခဲ့ကြောင်း၊ တစ်နေ့တာ ဆေးဖိုးအလှူငွေကို ငွေကျပ် ငါးသောင်းသတ်မှတ်ထားရာ အလှူရှင် ၇၇ ဦး လှူဒါန်း၍ ငွေကျပ် ၃၆ သိန်းကျော် ရရှိခဲ့ကြောင်း၊ တစ်နှစ်တာကာလ မှာ စုစုပေါင်းကုန်ကျငွေကျပ် ၄၂ သိန်းကျော် ကုန်ကျခဲ့သဖြင့် မင်္ဂလာမြန်မာဓမ္မ ကွန်ရက်လူမှုကူညီရေးအဖွဲ့က ငွေကျပ် ၆ သိန်းကျော် စိုက်ထုတ်သုံးစွဲခဲ့ရကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဆေးဒါနအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြသည်။ **(အပေါ်ပုံ)** စေတနာ(အခမဲ့)ဆေးကုခန်းသည် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖွင့်လှစ်ကုသပေးလျက်ရှိပြီး အထူးကုဆရာဝန်ကြီးများက အပတ်စဉ် အလှည့်ကျဆေးကုသပေးလျက်ရှိသည်။

အဆိုပါဆေးခန်းကို ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့မှစတင်၍ ဖွင့်လှစ်ခဲ့ရာ ယခုဆိုလျှင် သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး အခမ်းအနားအပြီး ၂၀၁၇ ခုနှစ်အတွက် ဆေးဒါန အလှူရှင်များက ငွေကျပ် သုံးသိန်းကျော်လှူဒါန်းခဲ့ကြောင်း ဆေးခန်းကြီးကြပ်ရေးကော်မတီဝင်တစ်ဦးက ပြောသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

**သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး**




# အင်းတော်မြို့နယ်၌ ချောင်းရေတိုက်စားမှုမှ ကာကွယ်နိုင်ရန် ကျောက်စီမြေထိန်းနံရံတည်ဆောက်

**အင်းတော် ဖေဖော်ဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နန့်သာကျေးရွာ ချောင်းကူးတံတားအား ချောင်းရေတိုက်စားမှုမှ ကာကွယ်နိုင်ရန်အတွက် ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၄ ရက်မှ စတင်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်၍ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခွင့်ပြုငွေကျပ် ၃၇ သန်းဖြင့် တည်ဆောက်ခြင်းဖြစ်ကာ အရှည် ပေ ၃၀၀၊ အမြင့် ၁၂ ပေ၊ အကျယ်နှစ်ပေရှိပြီး တည်ဆောက်ခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်အတွင်း အပြီးသတ်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ်ပညာပေးရေး ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၏ တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ် ပညာပေးရေးအစီအစဉ် (CTME)ကို ဖေဖော်ဝါရီ ၂၅ ရက်က နေပြည်တော်ရှိ ခုတင် ၁၀၀ တိုင်းရင်းဆေးရုံ၌ ကျင်းပရာ သဘာပတိ နေပြည်တော် ခုတင် ၁၀၀ တိုင်းရင်းဆေးရုံမှ ဆေးရုံအုပ်ကြီး ဆရာကြီး ဦးဝေဝင်းက အမှာစကားပြောကြားခဲ့သည်။ (ယာပုံ)



ထို့နောက် ခုတင် ၁၀၀ တိုင်းရင်းဆေးရုံ (နေပြည်တော်)မှ တိုင်းရင်းဆေးမှူး ဆရာမဒေါ်သန္တာအောင်က ဇတ္ထုထမ္ဘ (ခေါ်) ဇက်ခိုင်တောင့်တင်းခြင်း၊ ဇက်ကြောတက်ခြင်းရောဂါအကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးရာ ဆရာကြီးဦးဝေဝင်းနှင့် ဆရာမ ဒေါ်သန္တာအောင်တို့က ပြန်လည်ဖြေကြားပေးခဲ့သည်။

တိုင်းရင်းဆေး ပညာရှင်များ၏ စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးကို အထောက်အကူပြုနိုင်ရန်အတွက် ဝိုင်းဝန်း အကောင်အထည်ဖော်ရန်၊ တိုင်းရင်းဆေးပညာရပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးအစီအစဉ်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ တိုင်းရင်းဆေးပညာရပ်၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများကို ဖြန့်ဝေနိုင်ရန်၊ ပိုမို ကောင်းမွန်သော ရောဂါသိမှု၊ ဆေးသိမှု၊ ကုထုံးသိမှုများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဖွံ့ဖြိုးတိုးတက်လာသော ဆေးပညာဆိုင်ရာ ဗဟုသုတများကို လက်တွေ့အသုံးချနိုင်စေရန် ရည်ရွယ်၍ တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ် ပညာပေးရေးအစီအစဉ်ကို လစဉ်တတိယပတ်၊ စနေနေ့တိုင်းတွင် ကျင်းပလျက်ရှိပြီး တိုင်းရင်းဆေးပညာရှင် ဆရာကြီးများက တက်ရောက်ဆွေးနွေးပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း၊ ယခုလ တိုင်းရင်းဆေးပညာစဉ်ဆက်မပြတ်ပညာပေးရေး အစီအစဉ်ကို နန်း တွင်းသမားတော် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမှ ထောက်ပံ့ပေးကြောင်း သိရသည်။

**နေပြည်တော်(မြန်/ဆက်)**

# ပြင်ဦးလွင်မြို့ လူစည်ကားရာနေရာ၌ ၁၀၀ ကျပ်တန်ကံစမ်းမဲဆိုင်များ အရေးယူစေလို

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၇**

ပြင်ဦးလွင်မြို့၏ လူစည်ကားရာနေရာများဖြစ်သည့် ဈေးပတ်ဝန်းကျင်၊ ပန်းခြံ၊ ကားဂိတ်စသည့်နေရာများ၌ ငွေကျပ် ၁၀၀ တန် ကံစမ်းမဲဆိုင်များ အများအပြားမှိုလိုပေါက်နေသော်လည်း သက်ဆိုင်ရာတာဝန်ရှိသူတို့မှ တစ်စုံတစ်ရာ အရေးယူမှုမရှိသေးကြောင်း သိရသည်။




အဆိုပါ ကံစမ်းမဲဆိုင်များသည် မဲတစ်စောင်လျှင် ငွေကျပ် ၁၀၀ နှင့်ရောင်းချကြပြီး မဲတစ်ကြိမ်စာတွင် အရေအတွက် ၂၀၀၀ ပါဝင်ကာ ပေါက်မဲ ၆၀ ကိုဖွင့်လှစ်ပေးလျက်ရှိနေသည်။ ပေါက်မဲများမှာ လျှပ်စစ်ရေနွေးအိုး၊ ထမင်းပေါင်းအိုး၊ ဓာတ်ဘူး၊ ထမင်းချိုင့်စသည့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ဖြစ်ပြီး ရောင်းပေးသည့်ဆိုင် (သို့မဟုတ်) လက်ခွဲဒိုင်မှာ ကော်မရှင်ရောင်းချခအဖြစ် မဲတစ်ကြိမ်စာအတွက် ငွေကျပ် ၃၀၀၀၀ ရသည်ဟု သိရသည်။

“ဒီလုပ်ငန်းက ဒိုင်တွေက အမြတ်အစွန်းများများရနေတဲ့လုပ်ငန်းတစ်ခုပါ။ မဲကုန်သွားရင် ငွေကျပ်နှစ်သိန်းရမယ်။ ပေါက်မဲပစ္စည်းဖိုးနဲ့ရောင်းပေးတဲ့ ဆိုင်ခွဲတွေကို ကော်မရှင်ပေးရတာက တစ်သိန်းဖိုးလောက်ပဲရှိတယ်။ ဒါကြောင့် မဲတစ်ကြိမ်စာအတွက် အမြတ်ငွေက ငွေကျပ်တစ်သိန်းဝန်းကျင်ရှိနေတယ်။ မဲတွေကို များများဖြန့်နိုင်လေ သူတို့အတွက် အမြတ်များများရနိုင်လေပါပဲ။ ကံစမ်းမဲဘုတ်ပြားတွေပေါ်မှာ အခွန်ဆောင်ပြီးလို့ ရေးထားတာကိုတွေ့ရပေမယ့် ဘယ်ဌာနမှာ အခွန်ဆောင်ထားပြီး ဘယ်လိုပုဂ္ဂိုလ်တွေက လုပ်ပိုင်ခွင့်ပေးထားတာလဲတော့မသိဘူး။ မဲဝယ်ထိုးသူတွေအတွက် မဲ ၂၀၀၀ ကို ၆၀ ပဲ မဲဖောက်ပေးတယ်ဆိုတော့ ဖြစ်နိုင်စွမ်းရည်က သုံးရာခိုင်နှုန်းပဲရှိနေတယ်။ ငွေကျပ် ၁၀၀ နဲ့ လူသုံးကုန်ပစ္စည်းတစ်မျိုးမျိုးရနိုင်တယ်ဆိုပေမယ့် လူအယောက်တစ်ရာမှာ သုံးယောက်ထဲပါ။ ဒီငွေတစ်ရာလေးနဲ့ ဒီထက်မကများပြားလာပြီး ကြီးကြီးမားမားလောင်းကစားဝိုင်းတွေလို ဖြစ်မလာဘူးလို့ ဘယ်သူမှ အာမမခံနိုင်ပါဘူး။ ဒါကြောင့် ဒါတွေကို သက်ဆိုင်ရာက စိစစ်ပြီး အရေးယူဆောင်ရွက်သင့်တယ်လို့ထင် ပါတယ်” ဟု ပြည်သူတစ်ဦးက ပြောကြားသွားခဲ့သည်။

ပြင်ဦးလွင်မြို့၌ ငွေကျပ် ၁၀၀ တန်ကံစမ်းမဲများသည် ထိုသူများကလည်း ငွေကျပ် ၁၀၀ ထဲဖြစ်သောကြောင့် အပျင်းပြေသဘောဖြင့်လည်းကောင်း၊ လက်ခွဲဆိုင်များမှလည်း မဲတစ်ကြိမ်အတွက် ကော်မရှင်ငွေကျပ်သုံးသောင်းရရှိနေကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# ကယားပြည်နယ်အတွင်း ငါးမွေးကန်ဧက ၈၉၂ဧက လုပ်ကိုင်လျက်ရှိ

**လွိုင်ကော် ဖေဖော်ဝါရီ ၂၇**

ကယားပြည်နယ်အစိုးရအဖွဲ့မှ ငါးမွေးမြူရေးအစုအဖွဲ့များသို့ စံပြငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်ရန် အရင်းမပျောက်မတည်ငွေ ပေးအပ်ပွဲကို ဖေဖေဝါရီ ၂၃ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို အမှာစကားပြောကြားသည်။

ကယားပြည်နယ်အစိုးရအဖွဲ့က ရင်းနှီးမြှုပ်နှံမှုအပိုင်း၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့် အနေဖြင့် ပြည်နယ်အတွင်းရှိ ငါးမွေးတောင်သူများ စုစည်း ဖွဲ့စည်းထားသည့် ငါးမွေးမြူရေးအစုအဖွဲ့ ကိုးဖွဲ့ရှိသည့်အနက် တောင်သူများက ရွေးချယ်အဆိုပြုထားသည့် မြို့နယ် သတ္တပလူ-ရေနီကန် အစုအဖွဲ့၊ ဒီမော့ဆိုမြို့နယ် ဝီသဲကူးအစုအဖွဲ့နှင့် ဒီမော့ဆိုမြို့မှ အစုအဖွဲ့တို့ကို တစ်ဖွဲ့လျှင် ငွေကျပ် ၆၃ သိန်းစီဖြင့် စုစုပေါင်းငွေကျပ် ၁၈၉သိန်းကို အရင်းမပျောက်မတည်ငွေအဖြစ် ပံ့ပိုးကူညီ ပေးခြင်းဖြစ်ကြောင်း သိရသည်။

ငါးလုပ်ငန်းဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ငါးမွေးတောင်သူအစုအဖွဲ့များ၏ လိုက်နာဆောင်ရွက်မှုတို့ဖြင့် စံပြငါးမွေးမြူရေးလုပ်ငန်းကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်နှင့် ပြည်နယ်၏ ငါးမွေးမြူရေးကဏ္ဍတိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားကြရန် ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌတို့က အရင်းမပျောက်မတည်ငွေများပေးအပ်ရာ ငါးမွေးတောင်သူအစုအဖွဲ့မှ ဦးအာဗြဟန်က လက်ခံခဲ့ကြောင်း သိရသည်။

ကယားပြည်နယ်အတွင်း ငါးမွေးမြူရေးကဏ္ဍကို အဓိကထားဆောင်ရွက်နေပြီး ငါးမွေးတောင်သူ ၁၆၁ ဦးက ငါးမွေးကန် ၈၉၂ ဧကကို လုပ်ကိုင်လျက်ရှိကြောင်း၊ ငါးထုတ်လုပ်မှုအနေဖြင့် တစ်ကေပျမ်းမျှ ပိဿာ ၅၀၀ ကျော်သာ ထုတ်လုပ်နိုင်သေးကြောင်း သိရသည်။

**(ပြည်နယ်မြန်/ဆက်)**

# မြောင်းမြ၌ အလုပ်သမားဥပဒေများ အသိပညာပေးဆွေးနွေး

**မြောင်းမြ ဖေဖော်ဝါရီ ၂၇**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားမှုဦးစီးဌာန အလုပ်သမားရေးရာဥပဒေများ အသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က မြောင်းမြမြို့ မြရွှေဝါခန်းမ၌ ကျင်းပခဲ့သည်။

အလုပ်သမားများ ဥပဒေပါ ရပိုင်ခွင့်များကို မှန်မှန်နှင့် ပြည့်ပြည့်ဝဝရရှိစေခြင်းဖြင့် ထုတ်လုပ်မှုစွမ်းအား မြင့်မားလာစေရန် ရည်ရွယ်ချက်များဖြင့် ပြုလုပ်ခြင်းဖြစ်သည်။ အဆိုပါ ဆွေးနွေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်အေးအေးမိုး၊ တိုင်းဒေသကြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ပွင့်ဖြူခိုင်တို့က အလုပ်သမားဥပဒေ (၄)ရပ်နှင့် ဥပဒေပါ အကျိုးခံစားခွင့်များကိုလည်းကောင်း ခရိုင်အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးကျော်ဦးနှင့် ဒုတိယဦးစီးမှူး ဒေါ်ဝါဝါလွင်တို့က အလုပ်သမား ဥပဒေ(၃) ရပ်နှင့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေး စည်းကြပ်မည့်ဥပဒေများ၊ အလုပ်သမားများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စများ အသိပညာပေးဟောပြောဆွေးနွေးကြကာ မြောင်းမြမြို့ပေါ်ရှိ ဆန်စက်၊ ရေခဲစက်၊ ကပ်စေးနဲ့စက်ရုံ၊ ကြာဆံစက်ရုံ၊ ဆေးလိပ်ခုံနှင့် ပုဂ္ဂလိက ဘဏ်ကိုးခုတို့မှ ဝန်ထမ်းများ၊ အလုပ်သမားများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ခရိုင် မြန်/ဆက်)**

# ထရန်စဖော်မာနှင့်ဓာတ်အားလိုင်းများတိုးချဲ့တည်ဆောက်

**သာယာဝတီ ဖေဖော်ဝါရီ ၂၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့ ဈေးပိုင်းရပ်ကွက် ဘူတာအနီး၌ ၁၁/၀ ဒသမ ၄ ကေဗွီ(၂၀၀) ကေဗွီအေ ထရန်စဖော်မာ တစ်လုံး၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း (၁ ဒသမ ၆)မိုင်နှင့် ဗို့ ၄၀၀ ဓာတ်အားလိုင်း (၁ ဒသမ ၂၇)မိုင်တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ခုနှစ် တိုင်းဒေသကြီးဘတ်ဂျက် ရန်ပုံငွေဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးညီညီထွန်း ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက တည်ဆောက်ခဲ့ရာ ဖေဖော်ဝါရီ ၂၃ ရက်က လုပ်ငန်းအားလုံးပြီးစီး၍ ဓာတ်အားပို့လွှတ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ခြင်းအားဖြင့် ပြည်သူများဗို့အားပြည့်ဝစွာသုံးစွဲလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**

# သက်ငယ်မုဒိမ်းမှုကျဆင်းရေး အသိပညာပေးဆွေးနွေး

**ရေတာရှည် ဖေဖော်ဝါရီ ၂၇**

တောင်ငူခရိုင် ရေတာရှည်မြို့နယ်၌ ဖေဖော်ဝါရီ၂၅ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ Social Media အသုံးပြုမှု မြင့်တက်လာသည့်နောက် တိုးပွားလာသော သက်ငယ်မုဒိမ်းမှုများကြောင့် နွေရာသီကျောင်းပိတ်ရက်အတွင်း ကျောင်းသူကျောင်းသားများသည် ဆရာများမျက်ကွယ်၌ အန္တရာယ်ကင်းစွာ နေထိုင်တတ်စေရန်ရည်ရွယ်၍ သက်ငယ်မုဒိမ်းမှု ကျဆင်းရေး အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲကို မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါ်မေဆန်းရီတို့က ဟောပြောဆွေးနွေးခဲ့ကြပြီး ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူ ၁၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ရေတာရှည်(မြန်/ဆက်)**

# မန္တလေး နှလုံးလှုသွားဘက်ဆိုင်ရာ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ ကွင်းဆင်းဆေးကုသ

**မြစ်ငယ် ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်မြို့ ဇေတဝန်ဓမ္မာရုံ၌ မြန်မာ့မီးရထားဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများအား မန္တလေးနှလုံးလှုသွားဘက်ဆိုင်ရာ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဆရာကြီးဒေါက်တာသော်ဇင်မြင့်နှင့် ဆရာဝန် ၁၂ ဦးတို့က သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုများကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီ အထိ ကုသပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အဖွဲ့နှင့် မြစ်ငယ်မြို့မရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်တို့က ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ပြီး မြို့မရပ်ကွက်အတွင်း ၁၃ ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သွားဝေဒနာရှင် ၁၂၀ တို့ကို အခမဲ့ ကုသပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

## မီးဖိုမီးအသုံးပြုလျှင်

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။
၃။ မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
၄။ မီးဖိုနှင့်အမိုး၊ နံရံအကြားအပူခံအကာအရံများ ထားပါ။
၅။ ဆီအိုးတည်ပြီးမမေ့ပါနှင့်။

မီးသတ်ဦးစီးဌာန

# ဂျူဗင်တပ်စ်ရော ရိုးမားပါ ကျော်ဖြတ်ကြမယ့် ကိုပါအီတာလီယာဖလား အကြိုဗိုလ်လုပွဲ ပထမအကျော့

ဒီတစ်ပတ် ကြားရက်မှာတော့ ကိုပါအီတာလီယာဖလား အကြိုဗိုလ်လုပွဲတွေကို ကစားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်ဟာ မတ် ၁ ရက်နဲ့ ၂ ရက်နေ့တွေမှာ ကစားကြမှာဖြစ်တာမို့ အခုပွဲတွေအတွက် အသင်းတိုင်း သေသေချာချာပြင်ဆင်ပြီး ကစားမှာဖြစ်လို့ ပွဲကောင်းတွေပါပဲ။ အဓိက ပွဲထွက်ကစားသမားတွေ အစုံအလင်နဲ့ ခင်းကျင်းလာမှာဖြစ်တဲ့အတွက် အကြိုဗိုလ်လုပွဲဟာ အကြိတ်အနယ်ရှိပြီး ပရိသတ်တွေကို ရသစုံ ပေးစွမ်းဦးမှာဖြစ်ပါတယ်။



**ဂျူဗင်တပ်စ်နှင့် နာပိုလီ**

ကိုပါအီတာလီယာဖလား သမိုင်းမှာတော့ ဂျူဗင်တပ်စ်တို့က ချန်ပီယံ ၁၁ ကြိမ်ရရှိခဲ့တဲ့ အသင်းဖြစ်ပြီး စီးရီးအေအသင်းတွေထဲမှာတော့ အောင်မြင်မှုအရဆုံး အသင်းလည်း ဖြစ်နေပါတယ်။ ဂျူဗင်တပ်စ်အသင်းဟာ ဒီနှစ် စီးရီးအေမှာ တန်းစီဇယားထိပ်ဆုံးက ဦးဆောင်နေပြီး စီးရီးအေဖလား ဆွတ်ခူးနိုင်ဖို့လည်း အခြေအနေကောင်းတွေ ရှိနေပါတယ်။ ဒီနှစ် စီးရီးအေမှာ အိမ်ကွင်း ၁၃ ပွဲ ကစားပြီးချိန်အထိ ရှုံးပွဲ သရေပွဲ မရှိဘဲ နိုင်ပွဲတွေချည်း ရယူထားနိုင်တဲ့ စွမ်းရည်ရှိပြီး တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းဆောင်မှုကလည်း မြင့်မားနေပါတယ်။ အထူးသဖြင့် အိမ်ကွင်းမှာ ဂျူဗင်တပ်စ် ခံစစ်ကလည်း အကောင်းဆုံး ကာကွယ်နိုင်စွမ်းရှိနေလို့ နာပိုလီတိုက်စစ်မှူးတွေ ခက်ခဲမှာတော့ အမှန်ပါပဲ။

ဂျူဗင်တပ်စ်ရဲ့ဒီနှစ် ကိုပါအီတာလီယာပွဲစဉ်တွေ ကစားခဲ့တဲ့ ရလဒ်ကိုကြည့်ရင် အေစီမီလန်ကို နှစ်ဂိုး-တစ်ဂိုးနဲ့နိုင်ပြီး အတ္တလန္တာကို သုံးဂိုး-နှစ်ဂိုးနဲ့ ဆက်တိုက်နိုင်ကာ အေစီမီလန်ကို ဒုတိယအကျော့ပွဲစဉ်မှာ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ခဲ့တာမို့ အကောင်းဆုံး အားထုတ်မှု ရှိနေတာတော့ အမှန်ပါပဲ။ ဂျူဗင်တပ်စ်ရဲ့ လတ်တလော စီးရီးအေမှာ ကစားခဲ့တဲ့ ငါးပွဲရလဒ်ကို ကြည့်ရင်လည်း နိုင်ပွဲတွေချည်း ဆက်တိုက်ရရှိထားပါတယ်။

ဂျူဗင်တပ်စ်နဲ့ နာပိုလီတို့ ကိုပါဖလားပွဲစဉ်တွေမှာ လေးကြိမ်ဆုံတွေ့ခဲ့တဲ့နေရာမှာ တစ်ပွဲစီနိုင်ပြီး သရေပွဲနှစ်ပွဲ ဖြစ်ထားခဲ့လို့ ဒီပွဲမှာ ဂျူဗင်တပ်စ်တို့ ခြေကုန်ဖွင့်ကစားမှ ရပါလိမ့်မယ်။ နာပိုလီတို့ကတော့ ဒီနှစ် စီးရီးအေမှာ တန်းစီဇယား တတိယနေရာမှာ ရပ်တည်နေတဲ့ အသင်းဖြစ်ပြီး တိုက်စစ်ရော ခံစစ်ပိုင်းမှာပါ ကောင်းမွန်တဲ့ခြေစွမ်းတွေ ရှိနေပါတယ်။ ဒီနှစ် စီးရီးအေမှာ ဂိုးသွင်းအများဆုံးဖြစ်ပြီး ပွဲပေါင်း ၂၅ ပွဲမှာ ဂိုး ၆၀ အထိ သွင်းယူထားနိုင်တာမို့ တိုက်စစ်မှူးတွေရဲ့ စွမ်းရည်က ထက်မြက်နေပါတယ်။ နာပိုလီရဲ့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် ရီးရဲမက်ဒရစ်အသင်းကိုပဲ ရှုံးခဲ့ပြီး ကျန်လေးပွဲက နိုင်ပွဲနဲ့ သရေပွဲတွေ ဖြစ်ခဲ့ပါတယ်။ ဘိုလော့ဂ်နာကို ခုနစ်ဂိုး အထိ သွင်းယူအောင်ပွဲခံခဲ့တဲ့ နာပိုလီရဲ့ တိုက်စစ်အားကတော့ အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။

နာပိုလီတို့အနေနဲ့ ဂျူဗင်တပ်စ်ကွင်းမှာ နောက်ဆုံးကစားခဲ့တဲ့ ၁၀ ပွဲရလဒ်ကိုကြည့်ရင် ပွဲချိန် မိနစ် ၉၀ အတွင်းမှာ တစ်ပွဲမှာ မနိုင်ခဲ့ပါဘူး။ နာပိုလီရဲ့ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံ ၁၅ ပွဲမှာ ၁၂ ပွဲနိုင်ပြီး နှစ်ပွဲသရေ၊ တစ်ပွဲရှုံးမှတ်တမ်း ရရှိထားတာမို့ အခုပွဲဟာ နှစ်သင်းလုံး ရေကုန်ရေခန်းကစားမှ ရပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ လက်ရှိစွမ်းဆောင်မှုကို ချိန်ဆကြည့်ရင်တော့ အိမ်ရှင်ဂျူဗင်တပ်စ်တို့ အောင်ပွဲခံဖို့ အလေးသာနေတာ အမှန်ပါပဲ။

**လာဇီယိုနှင့် ရိုးမား**

ဒီနှစ်စီးရီးအေ တန်းစီဇယားမှာတော့ ရိုးမားတို့က ဒုတိယနေရာမှာ ရပ်တည်နေတဲ့အသင်းဖြစ်ပြီး ဒီနှစ်စီးရီးအေမှာ အိမ်ကွင်းရှုံးပွဲမရှိသေးပါဘူး။ တိုက်စစ်မှူးတွေဟာ အခက်အခဲကြားက ဂိုးရအောင် သွင်းယူနိုင်သူတွေဖြစ်ပြီး ထိုးဖောက်နိုင်စွမ်းလည်း ရှိကြသူတွေဖြစ်ပါတယ်။ ရိုးမားရဲ့ အားနည်းချက်က ခံစစ်ပိုင်းဖြစ်ပြီး အဝေးကွင်းမှာ ပေးဂိုးများတတ်တာဖြစ်ပါတယ်။ ရိုးမားအသင်းဟာ ကိုပါအီတာလီယာဖလားပွဲ သမိုင်းမှာ ဖလားကိုးကြိမ် ရယူနိုင်ခဲ့တဲ့အသင်းဖြစ်ပြီး အီတလီအသင်းတွေထဲမှာတော့ ဒုတိယအအောင်မြင်ဆုံးအသင်းဖြစ်ပါတယ်။ ရိုးမားရဲ့ဒီနှစ်ကိုပါအီတာလီယာဖလားပွဲစဉ်မှာ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် ဆီနာ၊ ဆမ်ဒိုးရီးယားနဲ့ စပီဇီယာအသင်းတွေကို နိုင်ပွဲတွေရယူပြီး ကျော်ဖြတ်လာတာဖြစ်ပါတယ်။ ရိုးမားရဲ့ နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းငါးပွဲမှာ ဂိုးမပေးရတဲ့ပွဲ လေးပွဲရှိခဲ့ပြီး နိုင်ပွဲတွေရယူနိုင်ခဲ့ပါတယ်။ ရိုးမားနဲ့ လာဇီယိုတို့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ၁၀ ပွဲမှာ ရိုးမားက ငါးပွဲနိုင်ပြီး သုံးပွဲသရေကျကာ နှစ်ပွဲရှုံးထားခဲ့ပါတယ်။ ဒီနှစ်သင်းရဲ့ ကိုပါဖလား တွေ့ဆုံမှု နှစ်ကြိမ်မှာတော့ တစ်ပွဲစီနိုင်ထားတာမို့ ရိုးမားတို့ အကြိတ်အနယ်ဖြတ်ကျော်ရမယ့်ပွဲ ဖြစ်နေပါတယ်။ လာဇီယိုတို့ကတော့ အီတာလီယာဖလားကို ခြောက်ကြိမ် ဆွတ်ခူးထားတဲ့အသင်းဖြစ်ပြီး ဒီနှစ် စီးရီးအေမှာတော့ တန်းစီဇယား ဆဋ္ဌမနေရာမှာ ရှိနေတဲ့အသင်းဖြစ်ပါတယ်။ အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်ပြီး ဂိုးသွင်းစွမ်းရည်ကောင်းတဲ့ လာဇီယိုတို့က ခံစစ်ပိုင်းတော့ အားနည်းချက်ရှိနေပါတယ်။ လာဇီယိုတို့က ကိုပါအီတာလီယာဖလားပွဲပေါင်း ၂၆ ပွဲကို အိမ်ကွင်းမှာ လက်ခံကစားခဲ့တဲ့ မှတ်တမ်းကိုကြည့်ရင် နှစ်ပွဲသာရှုံးခဲ့တာမို့ ရိုးမားတို့ အထူးသတိထားကစားရပါလိမ့်မယ်။ လာဇီယိုနဲ့ ရိုးမားတို့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ သုံးပွဲမှာ ရိုးမားတို့ကလည်း သုံးပွဲစလုံးအနိုင်ရခဲ့တာကြောင့် လာဇီယိုတို့လည်း အဲဒီမှတ်တမ်းဆိုးကို ပြောင်းလဲနိုင်မလားကြည့်ရမှာပါ။ ဒါပေမယ့် ရိုးမားရဲ့အသင်းလိုက် စွမ်းဆောင်မှု အားကောင်းတာမို့ ဒီပွဲဟာ ရိုးမားရဲ့ အောင်ပွဲဖြစ်ပါလိမ့်မယ်။ ။

**❍ မိုးမြင့်လင်းလက် ❍**

---

# လက်စတာအသင်းမှာ နည်းပြသစ် ဘယ်သူဖြစ်လာမလဲ



ရော်ဘတ်တို မန်ချီနီဟာ လက်စတာအသင်းကို ပြန်လာပြီး နည်းပြလုပ်ဖို့ အခွင့်အလမ်းတစ်ရပ် ရှိနေပါတယ်။ ယာယီနည်းပြ ခရိတ်ရှိတ်စပီးယားကလည်း အမြဲတမ်းနည်းပြဖြစ်ဖို့ ကြိုးစားနေပါတယ်။ မန်ချီနီဟာ လက်စတာနည်းပြဖြစ်ဖို့ ရေပန်းစားနေတဲ့ဂူယက်စ်ဟစ်ဒင့်နဲ့ အပြိုင်ကြိုးစားနေတာဖြစ်ပါတယ်။ မန်ချီနီနဲ့ ဟစ်ဒင့်တို့ဟာ ယာနီယာရီရဲ့ လက်စတာနည်းပြ ရာထူးကိုရဖို့ အပြိုင်ကြိုးစားနေကြပါတယ်။ သို့ပေမယ့် ယာယီနည်းပြ ရှိတ်စပီးယားကလည်း နည်းပြဖြစ်ဖို့ ဆန္ဒပြင်းပြနေပါတယ်။

လက်စတာကစားသမားတွေအနေနဲ့ နည်းပြ ယာနီယာရီ နုတ်ထွက်မှုအပေါ် လက်မခံဟုဆိုခြင်းကို ငြင်းဆိုထားပါတယ်။ အသင်းပိုင်ရှင် ထိုင်းလူမျိုးတွေကတော့ လက်စတာအသင်းကို အကောင်းဆုံးအသင်းအဖြစ် ပြန်လည်ကြိုးစားသွားမယ်လို့ ဆိုပါတယ်။ လက်စတာအသင်းရဲ့ နည်းပြသစ်ကို အသင်းပိုင်ရှင် ဆရီဗာဟာနာပရာဟာက ကြေညာသွားဖွယ်ရှိပါတယ်။

**▲ ကောင်းမြတ်သူ-စုစည်းသည်။ ▲**



# ၂၀၁၇ မှာ နိုင်ပွဲမရသေးတဲ့ ဘုန်းမောက်

ဘုန်းမောက်အသင်းဟာ ၂၀၁၇ ခုနှစ်ထဲမှာ နိုင်ပွဲမရသေးဘဲဖြစ်နေဆဲပါ။ ဝက်စ်ဘရွန်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ပြီးနောက် ပရီမီယာလိဂ်မှာ ခြောက်ပွဲဆက်တိုက် ရှုံးနိမ့်ထားပါတယ်။

ဘုန်းမောက်နည်းပြ အက်ဒီဟောဝဲလ်ဟာ သူ့ရဲ့အသင်းကို တန်းဆင်းဇုန်ထဲမရောက်အောင် ကြိုးပမ်းသွားဖွယ်ရှိပါတယ်။ ဝက်စ်ဘရွန်းကတော့ ဒေါ်ဆင် နဲ့ မက်အောလေးတို့ရဲ့ဂိုးတွေနဲ့ အနိုင်ရခဲ့ပါတယ်။ ပရီမီယာလိဂ်ပွဲစဉ် ၂၆ အပြီးမှာ တော့ ဘုန်းမောက်အသင်းကတော့ နံပါတ် ၁၄ နေရာမှာရှိနေပါတယ်။ ချယ်လ်ဆီးက တော့ ဆွမ်ဆီးကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီး ဇယားထိပ်မှာ ၁၁ မှတ်အသာနဲ့ ဦးဆောင်နေပါတယ်။ ဒီအတောအတွင်းမှာ ဘုန်းမောက်ကတော့ ရှုံးပွဲတွေဆက်နေဆဲပါ။ ၂၀၁၇ ခုနှစ်ထဲမှာ နိုင်ပွဲနဲ့ ဝေးကွာနေဆဲဖြစ်ပါတယ်။ ခြောက်ပွဲဆက်တိုက် ရှုံးနိမ့်ထားပြီး တန်းဆင်းဇုန်ရောက်ဖို့ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။

# ပက်ကွီယိုနဲ့ အမီယာခန်း ဧပြီလတွင် ထိုးသတ်မည်

ဒဗလျူဘီအို ကမ္ဘာ့ ဝယ်လ်တာဝိတ်တန်း ချန်ပီယံ မန်နီပက်ကွီယိုနဲ့ ဗြိတိန်နိုင်ငံသား အမီယာခန်းတို့ဟာ လာမယ့် ဧပြီ ၂၃ ရက်မှာ ယှဉ်ပြိုင်ထိုးသတ်သွားမယ်လို့ ဆိုပါတယ်။ ဒီလက်ဝှေ့ပွဲက ပက်ကွီယိုရဲ့ တွစ်တာဝက်ဆိုက်မှ ပရိသတ်တွေက နောက်တန်းပြိုင်ဘက်ကို စီစဉ်ရာမှာ အမီယာခန်းနဲ့ ထိုးသတ်ဖို့ မဲပေးခဲ့တဲ့အတွက် စီစဉ်ရခြင်းဖြစ်တယ်လို့ ဆိုပါတယ်။ ဒါက ပရိသတ်တွေရဲ့ဆန္ဒနဲ့အညီ ထိုးတဲ့ပွဲဖြစ်ပါတယ်လို့ အသက် ၃၈ နှစ်အရွယ် ပက်ကွီယိုက ဆိုရှယ်မီဒီယာမှတစ်ဆင့် ပြောပါတယ်။ ဒီလက်ဝှေ့ပွဲကို ထိုးသတ်မယ်လို့လည်း အသက် ၃၀ အရွယ် အမီယာခန်းက အတည်ပြုပြောဆိုခဲ့ပါတယ်။ သို့သော်လည်း သူ့ရဲ့လက်ဝှေ့ပွဲကို ယူအေအီးမှာ ကျင်းပဖွယ်ရှိပြီး ကစားကွင်းရွေးချယ်မှု မရှိသေးဘူးလို့ ဆိုပါတယ်။ ကမ္ဘာ့ဝိတ်တန်းချန်ပီယံ ခြောက်ဆုရ ပက်ကွီယိုဟာ ပြီးခဲ့တဲ့ ဧပြီလက အနားယူခဲ့တာပါ။ သို့ပေမယ့် သူ့ရဲ့ခါးပတ်ကို နိုဝင်ဘာလက ဂျက်ဆီးဗီးဂတ်ကိုထိုးပြီး ကြိုးဝိုင်းအတွင်း ပြန်လည်ဝင်ရောက်ခဲ့သူ ဖြစ်ပါတယ်။



# မြစ်ကြီးနားမြို့ပေါ်ရပ်ကွက်များသို့ ကျိန်ခရန်ချောင်းမှ ရေပေးဝေရေးစီမံကိန်း အကောင်အထည်ဖော်နေ

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၇**
ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၏ နှစ်ရှည်ချေးငွေ ကျပ်သန်း ၆၀၀၀ ဖြင့် မြစ်ကြီးနားမြို့ မြောက်ဘက်ရှိ ကျိန်ခရန်ချောင်းရေကို သွယ်တန်း၍ မြို့ပေါ်ရပ်ကွက်များသို့ ရေပေးဝေနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ဖေဖော်ဝါရီ ၂၅ ရက်က သွားရောက်ကွင်းဆင်းစစ်ဆေးကြသည်။

စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့်နေရာ၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့အား ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးနိုင်က JICA ချေးငွေဖြင့် စီမံကိန်း ဆောင်ရွက်မည့် အစီအစဉ်များ၊ တင်ဒါစနစ်ဖြင့် ပစ္စည်းများ ဝယ်ယူစုဆောင်းထားရှိမှု၊ ဆောက်လုပ်လျက်ရှိသည့် လုပ်ငန်းအခြေအနေများနှင့် စီမံကိန်းပြီးစီးပါက ရေဖြန့်ဝေသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ချောင်းရေကို သိုလှောင်ထားမည့် ရေစုကန်နှင့် ရေစစ်ကန် ဆောက်လုပ်နေမှုနှင့် ချောင်းရေစီးဆင်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အာလာမ်ကျေးရွာ၌ ပိုက်လိုင်းများအတွက် မြေတူးဖော်၍ ၁၄ လက်မ PVC ပင်မရေပို့ပိုက်များ သွယ်တန်းတပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မြစ်ကြီးနားမြို့ရေပေးဝေလုပ်ငန်း စီမံကိန်းအတွက် ကျိန်ခရန်ချောင်းရေကို စစ်ဆေးစမ်းသပ်မှုများ ဆောင်ရွက်ခဲ့ပြီး JICA ချေးငွေဖြင့် ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်းမှစ၍ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက ဆောင်ရွက်လျက်ရှိသည်။ စည်ပင်သာယာရေးအဖွဲ့၏ လက်ရှိရေပေးနိုင်မှုမှာ မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်အတွက် ရေဂါလန် ၁ ဒသမ ၅ သိန်းသာ ပေးဝေနိုင်လျက်ရှိရာ အဆိုပါ စီမံကိန်းပြီးစီးပါက မြစ်ကြီးနားမြို့ပေါ်ရှိ တပ်ကုန်း၊ စီတာပူ၊ ဒူကထောင်၊ မြေမြင့်၊ ယုဇန၊ မြို့သစ်၊ ရန်ကြီးအောင်၊ ရှမ်းစုတောင်နှင့်မြောက် ရပ်ကွက်များသို့ တစ်ရက်လျှင် ရေဂါလန် ၁၄ ဒသမ ၄ သိန်းဖြင့် အိမ်ခြေပေါင်း ၇၉၀၀ အတွက် ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။
**(ပြည်နယ် ပြန်/ဆက်)**





**ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် (၁၅၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ပိတ်သိမ်းပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က ကျင်းပပြီး သံဃာတော်အပါး ၂၀၀ ကျော်အား မရမ်းကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောညီညီထွေးနှင့်အဖွဲ့၊ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ဆွမ်းဆန်စိမ်းလောင်းလှူနေစဉ်။**
မျိုးမင်းသိန်း

# ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ဖွင့်လှစ်သော ကွန်ပျူတာသင်တန်းဆင်း

**မြောင်းမြ ဖေဖော်ဝါရီ ၂၇**
မြောင်းမြမြို့မှ လူငယ်များ ခေတ်စနစ်နှင့်လျော်ညီစွာ အသိပညာ အတတ်ပညာများ တတ်ကျွမ်းနားလည်စေရေးအတွက် မြောင်းမြမြို့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ဖွင့်လှစ်ခဲ့သော ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး၊ သင်တန်းတာဝန်ခံနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြပြီး သင်တန်းကို တစ်လခွဲကြာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကာ သင်တန်းသို့ ဌာနဆိုင်ရာ ဝန်ထမ်း ၁၀ ဦးနှင့် စိတ်ဝင်စားသူ ၁၀ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

“ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကနေ ကျောင်းသားကျောင်းသူတွေ၊ ဝန်ထမ်းတွေကို အခြေခံ ကွန်ပျူတာသင်တန်းများကိုပညာဒါနအဖြစ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ ကျေးရွာများသို့လည်း ရွေ့လျားစာကြည့်တိုက်အနေနဲ့ Mobile Library မော်တော်ယာဉ်ဖြင့် အသိပညာပေး ဆောင်ရွက်လျက်ရှိပါတယ်”ဟု ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း မြောင်းမြတာဝန်ခံ ဒေါ်ဆွေဆွေကပြောကြားသည်။

မြောင်းမြမြို့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့တွင် မြောင်းမြမြို့၌ စတင်တည်ထောင်ခဲ့ပြီး ကွန်ပျူတာအခြေခံသင်တန်းနှင့် အင်္ဂလိပ်စကားပြောသင်တန်းများကို ပညာဒါနအဖြစ် ဖွင့်လှစ်ပေးလျက်ရှိရာ မတ် ၁ ရက်တွင် မူလတန်းကလေးများနှင့် စိတ်ပါဝင်စားသူများအတွက် အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ်(၅)ကို ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ၂၀၁၆ ဒီဇင်ဘာ ၁၅ ရက်မှစ၍လည်း မြောင်းမြခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းကာ လူထုအခြေပြုဗဟိုဌာနကိုဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**(ခရိုင် ပြန်/ဆက်)**

# လမ်းနှင့် တံတားလုပ်ငန်းများ အရည်အသွေးပြည့်မီရေးကွင်းဆင်းစစ်ဆေး

**ပေါက်ခေါင်း ဖေဖော်ဝါရီ ၂၇**
ပေါက်ခေါင်းမြို့နယ်အတွင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၁) မိုင်တိုင်အမှတ် (၁၆၀/၁) မှ (၁၆၂/၄) ကြား တစ်မိုင်ကတ္တရာလမ်းထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းနှင့် အဆိုပါလမ်းပေါ်ရှိ ဝက်တိုးချောင်းကူး Bored Pile သံပေါင်ရက်မ သစ်သားခင်းတံတား တည်ဆောက်မှုလုပ်ငန်းများကို တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဦးအောင်ဇော်နိုင်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး အရှည်ပေ ၂၀၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၇ ပေရှိ ဝက်တိုးချောင်းကူးတံတား တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းအရည်အသွေး ပြည့်မီရေးနှင့် ဘဏ္ဍာနှစ်မကုန်မီ ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ ထို့နောက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ရန်ပုံငွေ ကျပ် ၇၀ ဒသမ ၉၀၈ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်းမှ ဆိုင်ဂေါင်းကျေးရွာချင်းဆက် ကျောက်ချောလမ်းအရှည် (၁/၀)မိုင်၊ အကျယ် ၁၀ ပေ ကျောက်ချောလမ်း အဆင့်မြှင့်တင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

# တိုင်းရင်းဆေးပညာဖြင့် ပြည်သူများအား အခမဲ့ဆေးကုပေး

**ရွှေဘို ဖေဖော်ဝါရီ ၂၇**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် တိုင်းရင်းဆေးဆရာအသင်းတို့ ပူးပေါင်း၍ ရွှေဘိုမြို့နယ် ဘုန်းကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများအား တိုင်းရင်းဆေးပညာဖြင့် အခမဲ့ ကွင်းဆင်းကုသမှုများကို ဖေဖော်ဝါရီ ၂၄ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းကုသမှုကို တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဒုတိယဆေးရုံအုပ် ဒေါ်မြမြခိုင်နှင့် ဝန်ထမ်းများ၊ တိုင်းဒေသကြီး တိုင်းရင်းဆေးကုဆရာအသင်းဥက္ကဋ္ဌ ဆရာဦးသန်းထွန်းနှင့် အသင်းဝင် ဆရာဦးစိုးဝင်း၊ ရုပ်ပျိုတိုင်းရင်းဆေးကုခန်းမှ ဒေါ်သူဇာမြင့်(B.M.,T.M)တို့က ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ကျေးရွာသူ ကျေးရွာသား ၁၇၀ အား အခမဲ့ဆေးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ ဆေးကုသပေးရာတွင် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဆေးဝါးများနှင့်အတူ ရုပ်ပျိုတိုင်းရင်းဆေးဝါးကုမ္ပဏီနှင့် ဦးသက်ပြင်းသား-ဆေးတိုက်တို့ကလည်း ဆေးဝါးများ ပံ့ပိုးကူညီလှူဒါန်းခဲ့ကြကြောင်း သိရသည်။
**ဂျူနိုင်း**

# စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြော

**ဂွ ဖေဖော်ဝါရီ ၂၇**
ဂွမြို့နယ် ရဟိုင်ကူးတို့ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ စားသုံးသူရေးရာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှူး ဒေါ်မာမာလေးက စားသုံးသူအကာအကွယ်ပေးရေးနှင့်စပ်လျဉ်း၍ မစားသင့်သည့် အစားအစာများနှင့် စားသုံးရမည့် အစားအစာများအကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် စားသောက်ကုန်များကို ဝယ်ယူစားသုံးမည်ဆိုပါက အမည်၊ ပါဝင်ပစ္စည်း၊ ညွှန်ကြားချက်၊ ထုတ်လုပ်သည့်ရက်စွဲနှင့် နောက်ဆုံးသုံးစွဲရန်ရက်စွဲ၊ ဘေးထွက်ဆိုးကျိုး၊ ဓာတ်မတည့်ကြောင်းဖော်ပြချက်၊ ထုတ်လုပ်သည့်ကုမ္ပဏီအမည်နှင့်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ အမှတ်တံဆိပ်ကို မြန်မာဘာသာနှင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာဖြင့်တွဲ၍ဖြစ်စေ ဖော်ပြထားခြင်းရှိ/မရှိ စသည်တို့ကို ကြည့်ရှုပြီး မိမိအတွက် အန္တရာယ်မရှိသော စားသောက်ကုန်ဖြစ်မှသာ ဝယ်ယူစားသောက်အသုံးပြုရန် စသည်တို့ကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့ကြောင်းသိရသည်။
**(မြို့နယ် ပြန်/ဆက်)**

# ရှေးဟောင်းပစ္စည်းပြကွက်များကြောင့် ဟန်လင်းရှေးဟောင်းသုတေသနပြတိုက်သို့ လာရောက်သူတိုးလာ

**ဟန်လင်း ဖေဖော်ဝါရီ ၂၇**
ဟန်လင်းမြို့ဟောင်းမြို့ရိုး မြို့တာရေယာ၏ အရှေ့မြောက်ထောင့်မီတာ ၂၀၀ အကွာ အပြင်ဘက်တွင် ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်းက တွေ့ရှိသော ကုန်းအမှတ် -HL-38 မှ တူးဖော်ရရှိသော မြေထည်ပစ္စည်းများကို ဟန်လင်းရှေးဟောင်းသုတေသနပြတိုက်တွင် ပြသထားရာ ပြည်တွင်းပြည်ပဧည့်သည်များ စိတ်ဝင်စားမှုများသော ပြကွက်များဖြစ်နေကြောင်း သိရသည်။

ပြတိုက်အတွင်းတွင် တူးဖော်တွေ့ရှိထားသည့် မြေထည်ပစ္စည်းများ၊ အုတ်ချပ်များ၊ မြေထည် အိုးခွက်များ၊ မြေမီးဖုတ် ရုပ်ကြွချပ်များ၊ ပုံဖော်အုတ်ချပ်များ၊ အမိုးအုတ်ကျွတ်ပြားအကျိုးများ၊ ကျောက်ဖြင့်ပြုလုပ်ထားသည့် ပစ္စည်းများ၊ သံထည်ပစ္စည်းများ၊ စဉ့်ထည်ပစ္စည်းများနှင့် အရိုးအပိုင်းအစများ၊ မီးသွေးစများ စသည်တို့ကို ပြသထားပြီး မရှင်းလင်းသည်များ၊ သိရှိလိုသည်များကို ပြတိုက်ဝန်ထမ်းများနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသပေးလျက်ရှိရာ စိတ်ဝင်စားမှုပိုမိုစေသလို သိရှိသွားသောအချက်အလက်များကို ပြန်လည်ဝေမျှပေးနိုင်သောကြောင့် ခရီးသွားများ ပိုမိုလာရောက်ခြင်းဖြစ်ကြောင်း ပြတိုက်တာဝန်ရှိသူထံမှ သိရသည်။

၂၀၁၄-၂၀၁၅ ခုနှစ်က ၁၂ ဦးပါဝင်သော တူးဖော်မှုအဖွဲ့သည် ကုန်းအမှတ် HL-38 ကို တူးဖော်ခဲ့ရာတွင် ရေထိန်းတမံ တာရိုးနှင့် စတုရန်းပုံအဆောက်အအုံကို တူးဖော်တွေ့ရှိခြင်းဖြစ်ပြီး အဆိုပါအဖွဲ့သည် ဟန်လင်းမြို့ဟောင်းမြို့ရိုးမြို့တာရေယာ၏ အရှေ့မြောက် ဘက်ထောင့် မီတာ ၂၅၀ အကွာ အပြင်ဘက်တွင် ကုန်းအမှတ်-၃၇ ကို တူးဖော်ခဲ့ရာ မြေထည်ချက်ပြုတ်အိုးများ၊ အိုးခြမ်းကွဲများ၊ လက်စင်းရာပါ အုတ်ချပ်များ၊ ကျောက်အရိုးအပိုင်းအစများနှင့် မီးသွေးစများကို တွေ့ရှိမှတ်တမ်းတင်ကာ ပြတိုက်တွင် ပြသထားနိုင်ခြင်းဖြစ်ကြောင်း သိရသည်။
**မျိုးဝင်းထွန်း(မုံရွာ)**



## သတင်းတိုများ

### ကလေးပန်းချီပြိုင်ပွဲ လွိုင်ကော်မြို့၌ ကျင်းပ

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လွိုင်ကော်ခရိုင် ပြည်သူ့စာကြည့်တိုက်ကို လူမှုအခြေပြု ဗဟိုဌာန (Community Center) ဖြစ်လာစေရေး လှုပ်ရှားမှုတစ်ရပ်အဖြစ် ကျောင်းသား ကျောင်းသူများအတွက် ပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၄ ရက်က အခြေခံပညာအလယ်တန်းနှင့် မူလတန်းအဆင့် ပန်းချီပြိုင်ပွဲများကို ကျင်းပခဲ့ကြောင်း သိရသည်။ ပြိုင်ပွဲတွင် လွိုင်ကော်မြို့ပေါ်ရှိ အခြေခံပညာကျောင်း ၁၀ ကျောင်းမှ ကျောင်းသား ကျောင်းသူများက စာကြည့်တိုက်သို့သွားကြစို့ ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရကျောင်းသား ကျောင်းသူများအား လွိုင်ကော်ခရိုင် ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်နေမျိုးပိုင်က ဆုများပေးအပ်ချီးမြှင့်ခဲ့ကာ ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းသား ကျောင်းသူအားလုံးကိုလည်း အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

### စားသောက်ကုန်များ ဓာတုဆေးဝါးကင်းစေရန် စစ်ဆေး

တာမွေမြို့နယ်ရှိ တာမွေယာယီဈေးမှ ဈေးဆိုင်များတွင် ပြည်သူများစားသုံးရန် မသင့်သည့် စားသောက်ကုန်များ ရောင်းချခြင်းမရှိစေရေးအတွက် မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူး ဦးသန်းဦး ကြီးကြပ်၍ ဈေးတာဝန်ခံများ၊ စည်ပင်ဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့ ဖေဖော်ဝါရီ ၂၃ ရက်က လိုက်လံစစ်ဆေးခြင်းနှင့် ဆိုင်ရှင်များအား စားသောက်ကုန်များရောင်းချရာတွင် ဓာတုတားမြစ်ဆေးများ ပါဝင်သည့် ကုန်ပစ္စည်းများကို မရောင်းချရေးနှင့် ဟင်းချက်ငရုပ်သီးမှုန့်များတွင် ဆိုးဆေးများ အရောင်လှအောင်ဆိုး၍ ရောင်းဝယ်ခြင်းများမပြုလုပ်ရန် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **လှလှ**

### မျက်စိဝေဒနာရှင်များအား အခမဲ့ဆေးကုပေး

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်ပြည်သူများအား ကျန်းမာရေးဦးစီးဌာနမှ ပါမောက္ခ ဆရာဝန်ကြီးများနှင့် ဂျာမနီနိုင်ငံမှ မျက်စိဆရာဝန်ကြီး ပါမောက္ခ Volker Klauss ဦးဆောင်သော မျက်စိအထူးကု ဆရာဝန်ကြီးများအဖွဲ့က ဟုမ္မလင်း ခုတင် (၁၀၀) ပြည်သူ့ဆေးရုံ၌ အခြေပြု၍ ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၄ ရက်အထိ အခမဲ့ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။ ဆေးကုသပေးရာတွင် ပြင်ပလူနာ ၉၃၀၊ အကြီးစားခွဲစိတ်မှု ၁၄၈ ဦးနှင့် အသေးစားခွဲစိတ်မှု ၁၀ ဦးတို့ကို အခမဲ့ ခွဲစိတ်ဆေးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ **လင်းလင်း(ပြန်/ဆက်)**

### စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲကျင်းပ

သာယာဝတီခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲများကို သာယာဝတီမြို့ရှိ ခရိုင်ပြည်သူ့စာကြည့်တိုက်၌ ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ကြင်ကြင်သန်းက ပြိုင်ပွဲကျင်းပခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မင်းကျောင်း ပရဟိတကျောင်းနှင့် ရေဝေ ပရဟိတကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများက ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြကာ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

# ကြက်သွန်အသစ်များ ဈေးကွက်ဝင်တော့မည်ဖြစ်၍ ကြက်သွန်ဈေးပြန်ကျ

**မန္တလေး ဖေဖော်ဝါရီ ၂၇**

မကြာမီရက်ပိုင်းအတွင်း ဈေးကွက်သို့ နွေကြက်သွန်အသစ်များ ဝင်ရောက်လာတော့မည်ဖြစ်သောကြောင့် လက်ရှိမြင့်တက်နေသော ကြက်သွန်ဈေးနှုန်းများမှာ ပြန်လည် ကျဆင်းလာလျက်ရှိကြောင်း မန္တလေးမြို့ ကြက်သွန်ဈေးကွက်မှ သိရသည်။

ထို့ပြင် ယခင်ရက်ပိုင်းက မန္တလေးဈေးကွက်တွင် ကြက်သွန်လက်ကျန်နည်းပါးလာခြင်းကြောင့် ဈေးမြင့်တက်လာခဲ့သော်လည်း ယခုရက်များတွင် အိန္ဒိယမှ တင်သွင်းလာခြင်းကြောင့်လည်း ဈေးနှုန်း ပြန်လည်ကျဆင်းလာခဲ့ခြင်းဖြစ်ကြောင်း ကောင်းမွန် ကြက်သွန်ပွဲရုံမှ ဦးမောင်မောင်ဦးက ပြောသည်။

"ရက်ပိုင်းလောက်ပဲတက်ပြီး ပြန်ကျသွားတယ်။ နွေစိုက်ကြက်သွန်အသစ်တွေလည်း လာတော့မှာဆိုတော့ ဈေးနှုန်းက ဆက်ပြီးကျဦးမှာပါ။ လက်ရှိဈေးကွက်ထဲက ကြက်သွန်က ကြာကြာလှောင်လို့မရဘူး။ နွေစိုက်ကြက်သွန် ဆိုတာ အပင်စိုက်ဖြစ်လို့ လှောင်လို့ကောင်းတယ်"ဟု ဦးမောင်မောင်ဦးက ဆက်ပြောသည်။



ဈေးနှုန်းမြင့်တက်ခဲ့သည့် အချိန်က ကြက်သွန်လက်ကား တစ်ပိဿာဈေးနှုန်းမှာ ကြက်သွန်အကြမ်း ကျပ် ၁၃၀၀ မှ ၁၅၀၀၊ အလတ် ကျပ် ၁၈၀၀ ခန့်နှင့် အကြီး(ခါး)မှာ ကျပ် ၁၉၀၀ ခန့်၊ ရှယ်မှာ ကျပ် ၂၀၀၀ ခန့် ဈေးရှိခဲ့ရာ ယခုရက်အတွင်း ဈေးပြန်ကျပြီးနောက် ကြက်သွန်ဈေးမှာ အကြမ်း ကျပ် ၉၀၀ မှ ၁၁၀၀၊ အကြီး(ခါး) ကျပ် ၁၅၀၀ နှင့် ရှယ်မှာ ကျပ် ၁၆၀၀ သာ ရှိတော့ကြောင်း သိရသည်။

မန္တလေး ကြက်သွန်ဈေးကွက်တွင် တိုင်းဒေသကြီး မြစ်သားမြို့နယ်မှ ထွက်သည့် မြစ်သားကြက်သွန်သည် ထိပ်တန်းဖြစ်ပြီး မိုးကြက်သွန်နှင့် နွေကြက်သွန်များထွက်ရှိကြောင်း၊ နွေကြက်သွန်အဖြစ် မုံရွာ၊ မြင်းခြံနှင့် ရွှေဘိုဒေသမှ ထွက်ရှိကြောင်းသိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဧည့်လမ်းညွှန်သင်တန်းဆင်းများ လိုင်စင်ပါရရှိသဖြင့် လက်တွေ့လုပ်ကိုင်နေပြီဖြစ်

**မုံရွာ ဖေဖော်ဝါရီ ၂၇**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ ပူးပေါင်း၍ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်းက မုံရွာမြို့တွင်ဖွင့်လှစ်ခဲ့သော ဧည့်လမ်းညွှန်သင်တန်းအပြီးတွင် တက်ရောက်သူသင်တန်းသား ၁၀၅ ဦးသည် ဒေသဆိုင်ရာဧည့်လမ်းညွှန်လိုင်စင်ရရှိပြီဖြစ်သောကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သက်ဆိုင်ရာဒေသများတွင် ဧည့်လမ်းညွှန်လုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်ခွင့်ရရှိနေပြီဖြစ်ကြောင်း သိရသည်။

"ဒေသဆိုင်ရာ ဧည့်လမ်းညွှန်သင်တန်းကို ပြီးခဲ့တဲ့ ဇန်နဝါရီ ၂ ရက်ကနေ ၂၇ ရက်အထိ သင်တန်းသား ၁၀၅ ဦးကို သင်ကြားပေးခဲ့ပါတယ်။ စစ်ကိုင်းတိုင်းအတွင်း ဒေသဆိုင်ရာဧည့်လမ်းညွှန် လိုင်စင်တွေကိုလည်း သင်တန်းတက်ရောက်သူအားလုံးကို ထုတ်ပေးထားပြီးဖြစ်တဲ့အတွက် တရားဝင် ဒေသဆိုင်ရာဧည့်လမ်းညွှန် လုပ်ခွင့်ရနေပါပြီ။ စစ်ကိုင်းတိုင်းထဲကို တစ်စစနဲ့တစ်စ ပြည်တွင်းပြည်ပဧည့်သည်တွေ ဝင်တာများလာတာနဲ့ အမျှ သက်ဆိုင်ရာဒေသရဲ့ဟိုတယ်နဲ့ တည်းခိုရိပ်သာတွေ စားသောက်ဆိုင်တွေမှာ တရားဝင်ဝန်ဆောင်မှုကောင်းတွေကို သင်ပြပေးပြီး လိုင်စင်ထုတ်ပေးထားတဲ့ ဧည့်လမ်းညွှန်တွေအနေနဲ့ ဝန်ဆောင်မှုကောင်းတွေ ပေးနိုင်နေပါပြီ။ နောက်လာမယ့်နှစ်တွေမှာလည်း ဒေသဖွံ့ဖြိုးရေးအတွက် ဧည့်လမ်းညွှန်ကောင်းတွေ ဆက်လက်မွေးထုတ်ဖို့ အစီအစဉ်တွေရှိပါသေးတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလာရေးဦးစီးဌာနမှူး ဦးအောင်ကိုဦးက ပြောသည်။

တိုင်းဒေသကြီးအတွင်း ခရီးသွားလာရေး ဒေသများကို တိုးတက်ဖော်ထုတ်လျက်ရှိရာ ပြည်တွင်း ပြည်ပ ခရီးသွားဝင်ရောက်မှုသည်လည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားနေကြောင်း၊ ၂၀၁၅ ခုနှစ်ကထက် ၂၀၁၆ ခုနှစ်တွင် ပြည်တွင်းနှင့် ပြည်ပ ဧည့်သည် ဝင်ရောက်မှုမှာ ၃၂ ရာခိုင်နှုန်းအထိ တိုးတက်များပြားလာသလို ပြည်ပဧည့်သည်များအနေဖြင့်လည်း ၂၀၁၅ ခုနှစ်ကထက် ၂၀၁၆ ခုနှစ်တွင် ၃၆ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

တိုးတက်များပြားလာသော ခရီးသွားဧည့်သည်များကိုဝန်ဆောင်မှုကောင်းများပေးနိုင်ရန် ဧည့်လမ်းညွှန်သင်တန်းကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလက စတင်ဖွင့်လှစ်ခဲ့သလို ဖေဖော်ဝါရီ ၂၀ ရက်မှ မတ် ၁၇ ရက်အထိလည်း ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းသုံးမျိုးကို ဆက်လက်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ သင်တန်းသုံးမျိုးမှာ ဧည့်ကြိုသင်တန်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်းနှင့် အစားအသောက်နှင့် အဖျော်ယမကာဝန်ဆောင်မှု သင်တန်းများဖြစ်ကာ တိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်များမှ ဝန်ထမ်းများနှင့် စိတ်ဝင်စားသော လူငယ်များ စုစုပေါင်း သင်တန်းသား ၁၀၃ ဦး တက်ရောက်သင်ကြားလျက်ရှိသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# စက်မှုနှင့် သက်မွေးပညာ ရွှေ့လျားသင်တန်းဖွင့်

**မြင်းခြံ ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာ၌ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မြို့သာ စက်မှုဥယျာဉ်မြို့တော်စီမံကိန်းတို့ ပူးပေါင်းအစီအစဉ်ဖြင့် အမှတ်(၆)စက်မှုသင်တန်းကျောင်း(မြင်းခြံ)က တာဝန်ယူဖွင့်လှစ်သည့် စက်မှုနှင့် သက်မွေးပညာ ရွှေ့လျားသင်တန်း အမှတ်စဉ် (၃၆) ကို ဖေဖော်ဝါရီ ၂၄ ရက်က ဖွင့်လှစ်ခဲ့သည်။

ဆီမီးခုံကျေးရွာ ညောင်ရမ်းရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပခဲ့သည့် သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အမှာစကားပြောကြားပြီး စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန သင်တန်းကျောင်းများကြီးကြပ်ရေးဌာနမှ ညွှန်ကြားရေးမှူးဦးအောင်သူနှင့် မြို့သာစက်မှုဥယျာဉ်မြို့တော်စီမံကိန်း ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်တို့က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ ရွှေ့လျားသင်တန်းတွင် အခြေခံ သံဂဟေ၊ စက်ပြင်နှင့် အခြေခံလျှပ်စစ်ဆိုင်ရာ ပညာရပ်များကို ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၉ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ ဆီမီးခုံကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ လူငယ်သင်တန်းသား ၁၀၅ ဦး တက်ရောက်ကြကြောင်း သိရသည်။ **ဆီမီးခုံ-နန်းရီ**

# စားသုံးသူပြည်သူများသို့ အသိပေးကြေညာချက်ဆိုင်းဘုတ်စိုက်ထူ

**အင်းတော် ဖေဖော်ဝါရီ ၂၇**

စားသုံးသူရေးရာဦးစီးဌာနက စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်းရှိ စားသုံးသူပြည်သူများသို့ အသိပေးကြေညာချက် ဆိုင်းဘုတ်ကို အင်းတော်မြို့လယ် တြိဂံလမ်းဆုံ လမ်းဘေး၌ ဖေဖော်ဝါရီ ၂၅ ရက်က စိုက်ထူခဲ့ပြီး ပြည်သူများစားသုံးရန်မသင့်သော ခေါက်ဆွဲခြောက်ထုပ်များကိုလည်း မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။



အသိပေးဆိုင်းဘုတ်တွင် စားသုံးသူအခွင့်အရေး၊ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ ဝယ်ယူခြင်းမပြုမီ သတိပြုရမည့်အချက်များ၊ လုပ်ငန်းရှင်များ၏ တာဝန်များ၊ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကြောင့် ထိခိုက်နစ်နာမှုများရှိပါက တိုင်ကြားနိုင်ခွင့်၊ တရားစွဲဆိုပိုင်ခွင့်၊ ကြားနာနိုင်ခွင့်များ၊ လုပ်ငန်းရှင်များ လိုက်နာရမည့်အချက်များနှင့် အရေးယူ ဆောင်ရွက်ခြင်းများ စသည့်အကြောင်းအရာများ ဖော်ပြထားကာ မြို့နယ်အတွင်းရှိပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်ရည်ရွယ်၍ ဆိုင်းဘုတ်စိုက်ထူ ကြေညာထားခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် အင်းတော်မြို့မဈေးအတွင်း ဖေဖော်ဝါရီ ၂၂ ရက်က စစ်ဆေးခဲ့ရာတွင် နမူနာရယူထားသည့် ပြည်သူများ စားသုံးရန်မသင့်သော အစိမ်းရောင် ခေါက်ဆွဲခြောက်ထုပ် ကိုးထုပ်ကို မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှူး ဦးကြည်နိုင်ဦးနှင့် တာဝန်ရှိသူများက မီးရှို့ဖျက်ဆီးခဲ့ကြသည်။ **ကျော်မြိုင်**

# မိုးညှင်းမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေး

**မိုးညှင်းဖေဖော်ဝါရီ ၂၇**

ကချင်ပြည်နယ် မိုးညှင်းမြို့ မြို့ပေါ်ရပ်ကွက်များနှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးတွင် ရဲနှင့်ပြည်သူလက်တွဲကူ ဆောင်ပုဒ်နှင့်အညီ ရဲတပ်ဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် မှုခင်းများ လျော့နည်းကျဆင်းရေးအတွက် ရည်ရွယ်၍ မိုးညှင်းမြို့မ ရဲစခန်းမှ တာဝန်ရှိသူများနှင့် ပရဟိတ လူမှုကူညီရေးအသင်းအဖွဲ့များ ဖေဖော်ဝါရီ ၂၅ရက်က မိုးညှင်းမြို့မရဲစခန်း၌ တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် စခန်းမှူး ဒုရဲမှူးကျော်ဆန်းက မိုးညှင်းမြို့ရှိ ပရဟိတနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မိုးညှင်းမြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးခဲ့ပြီး လူမှုအဖွဲ့စည်းများမှ တာဝန်ရှိသူများက မြို့နယ် ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် သိရှိလိုသည်များကို မေးမြန်းကာ မိုးညှင်းမြို့မ စခန်းမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **(ဝ၆၇)**

# လတ်တလောဖြစ်ပွားနေသော ဝက်သက်ရောဂါအကြောင်းအသိပေးရှင်းလင်း

**ကျောက်ဖြူ ဖေဖော်ဝါရီ ၂၇**

လတ်တလောဖြစ်ပွားနေသော ဝက်သက်ရောဂါအကြောင်း အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၅ ရက်က ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲတွင် ကျောက်ဖြူခရိုင်ဆရာဝန်ကြီး ဒေါက်တာရဲလွင်မောင်က အမှာစကားပြောကြားပြီး ပြည်နယ် ပိုလီယိုအရာရှိ ဒေါက်တာစံလင်းက ဝက်သက်ရောဂါအကြောင်း သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့သည်။ ကျောက်ဖြူမြို့၌ ဇန်နဝါရီလအတွင်း ဝက်သက်ရောဂါဖြစ်ပွားသူ နှစ်ဦးတွေ့ရှိရကြောင်း၊ ဝက်သက်ရောဂါသည် ကြီးငယ်မရွေးဖြစ်ပွားနိုင်သော ရောဂါဖြစ်နိုင်ကြောင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်းများမှ ကူးစက်တတ်သော ရောဂါဖြစ်သောကြောင့် ရောဂါဖြစ်ပွားပါက သက်ဆိုင်ရာဆေးမှူးများထံသို့ဖြစ်စေ၊ ဆေးရုံ၊ ဆေးခန်းများသို့ဖြစ်စေ အမြန်ဆုံးပို့ဆောင်ရန်နှင့် မိမိအိမ်တွင် လေကောင်းလေသန့်ရရှိသောနေရာတွင် နေရန်၊ လူနာအား စောင့်ရှောက်ရာတွင် ဝက်သက်ဖြစ်ဖူးသူ သို့မဟုတ် ကာကွယ်ဆေးထိုးထားသူများကသာ စောင့်ရှောက်ရန် စသည်တို့ကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်သော မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက သိလိုသည်များကို မေးမြန်းကာ ခရိုင်ဆရာဝန်ကြီးနှင့် ပြည်နယ်ပိုလီယိုအရာရှိတို့က ရှင်းလင်းဖြေကြားခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

# အလောင်းတော်ကဿပဘုရားပွဲတော်အတွင်းတည်းခိုဆောင်များ တိုးချဲ့ဆောက်လုပ်နိုင်ရန် ဂေါပကအဖွဲ့က စီစဉ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

အလောင်းတော်ကဿပ ဘုရားပွဲတော်သို့ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ် ဘုရားဖူးကြသော ပြည်သူများ စိတ်အေးချမ်းစွာ တည်းခိုနေထိုင်နိုင်ရေးအတွက် ဘုရားပွဲတော်ရက်အတွင်း တည်းခိုဆောင်များ တိုးချဲ့ဆောက်လုပ်ပေးနိုင်ရန် ဘုရားဂေါပကအဖွဲ့က စီစဉ်လျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် အလောင်းတော်ကဿပ၌ တည်းခိုဆောင် ၄၅ လုံး ဆောက်လုပ်ထားပြီး လူဦးရေ ၃၂၆၅ ဦး တည်းခိုနေထိုင်နိုင်ကြောင်း သိရသည်။

“ဘုရားဖူးပြည်သူတွေ အလာများတဲ့ရက်တွေမှာ ရှိတဲ့အဆောင်တွေ ပြည့်ရုံတင်မကဘဲ လမ်းမပေါ်မှာတင် အိပ်ရတဲ့ အခြေအနေမျိုးတွေ ရှိပါတယ်။ အသက် ၇၀ ကျော် ၈၀ တွေ ဘုရားဖူးလာတယ်။ သူတို့ မြေကြီးပေါ်မှာအိပ်နေရင် မတင့်တယ်ဘူး”ဟု မြို့နယ် လေးမြို့နယ်၏ အလောင်းတော်ကဿပဂေါပကအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ချိုက ပြောကြားသည်။

အလောင်းတော်ကဿပ ရဟန္တာ မထေရ်မြတ်လျောင်းတော်မူရာ သဘာဝလိုဏ်ဂူတော်နှင့် စံကျောင်းတော်နေရာများမှ တစ်မိုင်ပတ်လည်ကို ဝတ္တကမြေအဖြစ် သတ်မှတ်နိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်ထောင်စုဝန်ကြီးအဆင့်များအထိ တင်ပြဆောင်ရွက်သွားရန်လည်း ဂေါပကအဖွဲ့က စီစဉ်လျက်ရှိကြောင်း သိရသည်။

“ဝတ္တကမြေ ဖြစ်သွားပြီဆိုရင် ကျွန်တော်တို့ဂေါပကအဖွဲ့က ဒီအပေါ်မှာ အဆောက်အအုံတွေ စနစ်တကျဆောက်မယ်။ တည်းခိုဆောင်တွေ ကောင်းကောင်းမွန်မွန် လုပ်ပေးနိုင်မယ်။ ရေ၊ မီး၊ သန့်စင်ခန်းတွေပါ ပြည့်ပြည့်စုံစုံ လုပ်ပေးမှာပါ။ အဆောက်အအုံကို လှူမယ့်တန်းမယ့်သူတွေရှိပေမယ့် ဆောက်လုပ်ခွင့်က တော်တော်လေး ဒုက္ခရောက်ပါတယ်။ တစ်ရက်မှာ လူဦးရေ ၇၀၀၀၊ ၈၀၀၀ နီးပါး တည်းနိုင်အောင် လုပ်ပေးဖို့ စီမံဆောင်ရွက်ပေးချင်ပါတယ်။ လက်ရှိ တည်းခိုဆောင်တွေမှာလည်း တစ်ပြားတစ်ချပ်မှ ကောက်ခံခြင်းမရှိသလို လှူပါဆိုတဲ့ အလှူခံပုံးလည်း မထားပါဘူး။ ဘုရားဖူးလာတဲ့သူတွေကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်အောင် ဆေးခန်းလေးတစ်ခုလည်း ကျွန်တော်တို့ ဆောက်နေပါတယ်”ဟု ဦးမောင်မောင်ချိုက ဆက်လက်ပြောကြားသည်။



တည်းခိုဆောင်များတွင် ပြည့်နေသော ဘုရားဖူးများကို တပို့တွဲလပြည့်ညက တွေ့ရစဉ်



အလောင်းတော်ကဿပတွင် ဘုရားဖူးကာလအဖြစ် နှစ်စဉ် ဒီဇင်ဘာ ၂၅ ရက်မှ ဧပြီ ၂၅ ရက်အထိ သတ်မှတ်ထားကြောင်း၊ တပို့တွဲလပြည့်နေ့၊ တပေါင်းလပြည့်နှင့် မြန်မာနှစ်ကူးကာလများတွင် ဘုရားဖူးဧည့်သည်များ အထူးစည်ကားလေ့ရှိကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

နိုင်ငံတစ်နံတစ်လျားမှ ခရီးသွားများအနေဖြင့် အလောင်းတော်ကဿပသို့ တိုက်ရိုက် ဘုရားဖူးယာဉ်များဖြင့်လည်းကောင်း၊ မုံရွာမြို့မှတစ်ဆင့် ဘုရားဖူးပို့ဆောင်ရေးယာဉ်များဖြင့်လည်းကောင်း သွားရောက်လည်ပတ် ဘုရားဖူးလေ့ ရှိကြသည်။ မုံရွာမြို့မှ ကပိုင်ကျေးရွာအထိ ၄၇ မိုင် ဝေးကွာပြီး ကပိုင်ကျေးရွာမှ အလောင်းတော်ကဿပ တောင်ခြေ သပိတ်ဆေး ကားရပ်နားစခန်းအထိ မြေသားလမ်း တောင်တက်တောင်ဆင်း ခရီးကြမ်းမှာ မိုင် ၂၀ ရှိကြောင်း သိရသည်။

သပိတ်ဆေး ကားရပ်နားစခန်းမှ တောင်ပေါ်သို့ တစ်မိုင်ခရီးကို ခြေကျင်ခရီးသွား ရောက်နိုင်သကဲ့သို့ ဆင်ဖြင့်လည်းကောင်း၊ ဆင်ကြောက်တတ်သော သက်ကြီး ဘိုးဘွားများအနေဖြင့် အထမ်းဖြင့် လည်းကောင်း သွားရောက်နိုင်ကြသည်။ အထမ်းဖြင့်သွားပါက ကျပ် တစ်သောင်းခွဲကျသင့်ကြောင်း သိရသည်။

ဆင်စခန်းမှ ဆင်ခေါင်းဖြစ်သူ ဦးခင်မောင်ဝင်းက “အခုလောလောဆယ်က တော့ သစ်ထုတ်လုပ်ရေးက ဆင်အကောင် ၃၀ နဲ့ အမျိုးသားဥယျာဉ်က ဆင် ၁၅ ကောင်နဲ့ ပို့ဆောင်ပေးနေပါတယ်။ တစ်ခေါက်ကို ၈၀၀၀ နှုန်းနဲ့ပါ”ဟု ပြောသည်။ အလောင်းတော်ကဿပသို့ လာရောက်ကြသူများတွင် မြန်မာလူမျိုးများသာ အများဆုံးဖြစ်ပြီး ပြည်ပခရီးသွားများအနေဖြင့် လာရောက်မှုနည်းပါးကာ တရုတ်နှင့် ထိုင်းနိုင်ငံသား အနည်းငယ်သာ လာရောက်လေ့ရှိကြောင်း သိရသည်။

အလောင်းတော်ကဿပ ဘုရားပွဲတော်ကာလအတွင်း ကနီမြို့နယ်၊ ယင်းမာပင်မြို့နယ်၊ ပုလဲမြို့နယ်နှင့် ဆားလင်းကြီးမြို့နယ် စသော မြို့နယ်လေးခုမှ ဩဝါဒါစရိယနှင့် သံဃနာယကအဖွဲ့များမှ ဆရာတော်ကြီးများ၏ ကြီးကြပ်မှုဖြင့် တာဝန်ကျသံဃာတော်များနှင့် ရင်ပြင်တော်သံဃာတော် ၁၅ ပါးတို့က စီစဉ်အုပ်ချုပ်ကာ နှစ်စဉ် ကျင်းပခဲ့ကြောင်း သိရသည်။

၁၉၈၉ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် တည်ထောင်ခဲ့သော အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်သည် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်နှင့် ကလေးခရိုင် မင်းကင်းမြို့နယ်အတွင်း တည်ရှိပြီး အကျယ်အဝန်းအားဖြင့် ၅၄၁ ဒသမ ၆၂ စတုရန်းမိုင်ရှိကာ အာဆီယံအမွေအနှစ် ဥယျာဉ်အဖြစ်လည်း ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်က သတ်မှတ်ခံထားရကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ-ထိန်လင်း**

# စပါးမျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ခြင်း ဘားအံမြို့နယ်၌ အသိပညာပေး

**ဘားအံ ဖေဖော်ဝါရီ ၂၇**

စပါးစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမွန်စေရေးအတွက် မျိုးကောင်းမျိုးသန့် စိုက်ပျိုးနိုင်မှုသည် အရေးကြီးဆုံးအချက်တစ်ချက် ဖြစ်သည့်အတွက် ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့သကြားကျေးရွာ၌ ဒေသခံတောင်သူများကိုယ်တိုင် မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်တတ်စေရန် ရည်ရွယ်၍ အသိပညာပေးမှုများကို ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနက ဖေဖော်ဝါရီ ၂၄ ရက်က ဆောင်ရွက်ခဲ့သည်။

ဒေသခံတောင်သူများအား တွေ့ဆုံအသိပညာပေးရာတွင် ကရင်ပြည်နယ် မျိုးစေ့ထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးစိုးသိန်းက အမှာစကားပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့တာဝန်ခံ ဒေါ်ဝေဝေမြင့်က မျိုးစေ့နှင့်ပတ်သက်သော ဥပဒေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မျိုးသန့်မျိုးစေ့ ထုတ်လုပ်မှု၊ သီးနှံကာကွယ်ရေး၊ မျိုးစေ့နမူနာယူပုံများ၊ မျိုးစေ့အရည်အသွေး စစ်ဆေးပုံများ၊ မျိုးစေ့စံချိန်စံညွှန်း သတ်မှတ်မှုများကိုလည်း ဒေသခံတောင်သူများအား အသေးစိတ်ရှင်းလင်းပြောကြား အသိပညာပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**





ပြည်သူကိုဗဟိုပြုသောရဲလုပ်ငန်းစနစ် ဆင့်ပွားသင်တန်း (၃/၂၀၁၇) ဆင်းပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က သန်လျင်မြို့နယ် ရဲတပ်ဖွဲ့သင်တန်းခန်းမတွင် ပြုလုပ်ရာ တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယခရိုင်ဒုရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမောင်က သင်တန်းဆင်းလက်မှတ် ပေးအပ်စဉ် တင်ဝင်းလေး(ကြည့်မြင်တိုင်)

# မှုခင်းကျဆင်းရေးအသိပညာပေးဟောပြော

**ကျောက်ဖြူ ဖေဖော်ဝါရီ ၂၇**

ကျောက်ဖြူမြို့နယ် ကျောက်ပြောက်အုပ်စု ကျောက်ပြောက်ကျေးရွာ၌ ကျောက်ဖြူမြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့မှ မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီလတတိယပတ်က ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစန်းအေးက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်၊ မြို့နယ်လဝက ဦးစီးမှူးဦးတင်ထူးတို့က မှုခင်းအန္တရာယ် ကြိုတင်ကာကွယ်ရေးတို့အတွက် ကျေးရွာအုပ်စုအတွင်း တရားမဝင်အရက်သေစာရောင်းချခြင်းများ မရှိစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအကြောင်း သိကောင်းစရာများကို အသိပညာပေး ဟောပြောဆွေးနွေးကြသည်။ စစ်ဆေးတွေ့ရှိပါက ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ရာ ကျေးရွာနေပြည်သူများ ပါဝင်မှုသာ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးလာကာ မှုခင်းများကျဆင်းလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့အပြင် မြို့နယ်လဝက ဦးစီးမှူးက ကျေးရွာအတွင်း အိမ်ထောင်စု လူဦးရေစာရင်းပုံစံ (၆၆/၆) မရှိသေးသူများရှိပါက အချိန်မရွေး လာရောက်လုပ်ကိုင် နိုင်ကြောင်း၊ မှတ်ပုံတင်မရှိသေးသူများ၊ အသက် ၁၈ နှစ် မပြည့်သေးသူများ၊ ပြည့်ပြီးသူများအား ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းစာရင်းကောက်ယူ၍ ကျေးရွာအရောက်ကွင်းဆင်းပြီး မှတ်ပုံတင်များ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းတို့ကို ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြန်မာ့အလင်း**

# မွေးမြူရေးကဏ္ဍတိုးတက်စေရေးအတွက် မွေးမြူရေးဘဏ်စနစ်ဖြင့် ကြက်များဖြန့်ဝေပေး

**ပူတာအို ဖေဖော်ဝါရီ ၂၇**

ကချင်ပြည်နယ် ပူတာအိုမြို့နယ်အတွင်း ကျေးလက်နေပြည်သူများ၏ တစ်ပိုင်တစ်နိုင်မွေးမြူရေးကဏ္ဍ တိုးတက်လာစေရန်နှင့် ကြက်ဥကြက်သားစားသုံးမှု တိုးတက်လာစေရန် ရည်ရွယ်၍ ပူတာအိုခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် ထူးဆန်းကျေးရွာမှ ပြည်သူများထံသို့ မွေးမြူရေးဘဏ်စနစ်ဖြင့် ဒေသကြက်များ ဖေဖော်ဝါရီ ၂၅ ရက်က ဖြန့်ဝေပေးခဲ့သည်။

ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြို့နယ်ဦးစီးမှူး ဒေါက်တာဇာမဲဖီရမ်က ကျေးရွာရှိ အိမ်ထောင်စု ၁၀ စုအတွက် တစ်အိမ်ထောင်လျှင် ငါးကောင်နှုန်းဖြင့် ကြက်များဖြန့်ဝေပေးခဲ့ကာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ထုတ်ဝေသော ကြက်မွေးမြူရေးနှင့်ပတ်သက်သည့် လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။ မွေးမြူရေးဘဏ်စနစ်ဖြင့် ပေးအပ်ရာတွင် စတင်ပေးအပ်သည့်လမှ တစ်နှစ်ပြည့်မြောက်သည့်အခါ မူရင်းတန်ဖိုးအတိုင်း ကျေးရွာကြီးကြပ်ရေးကော်မတီထံသို့ ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်းနှင့် အခြား ကြက်မွေးမြူလိုသည့် ပြည်သူများထံသို့လည်း စဉ်ဆက်မပြတ် ထပ်မံပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ပြည်သူဗဟိုပြုသော ရဲလုပ်ငန်းစနစ် နေပြည်တော်၌ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့အတွင်း ပြည်သူဗဟိုပြု ရဲလုပ်ငန်းများကို နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဇော်ခင်အောင်၏ လမ်းညွှန်မှုဖြင့် ဖေဖော်ဝါရီ ၂၂ ရက်နှင့် ၂၃ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ဇမ္ဗူသီရိမြို့နယ်တွင် ပြည်သူဗဟိုပြုသောရဲလုပ်ငန်းစနစ်ကို ဒက္ခိဏခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်ခင် အနီးကပ်ကြီးကြပ်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဆန်းအောင် ဦးဆောင်ပြီး အောင်ချမ်းသာကျေးရွာရှိ ဒေသခံများ၏နေအိမ်များသို့ တစ်အိမ်တက်ဆင်း ကွင်းဆင်းကာ မှုခင်းကျဆင်းရေး အသိပညာဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကာ ပြည်သူများအနေဖြင့် ရဲတပ်ဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်မှု လွယ်ကူစေရန် ဖုန်းနံပါတ်များလည်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ဥတ္တရခရိုင်တွင်လည်း ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းဝင်းက အနီးကပ်ကြီးကြပ်၍ ပုဗ္ဗသီရိမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းဌေးအောင်နှင့် ရဲတပ်ဖွဲ့ဝင်များက မင်္ဂလာဒီပရပ်ကွက်အတွင်းရှိ ပြည်သူများ၏နေအိမ်သို့ ကွင်းဆင်းသွားရောက်ကာ မှုခင်းကြိုတင်ကာကွယ်ရေးနှင့် မှုခင်းပညာပေးအကြောင်းအရာများ ဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ဖေဖော်ဝါရီ ၂၂ ရက်က ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

# လွိုင်လင်မြို့နယ်၌ ကျေးလက်လမ်းများ ဖောက်လုပ်သဖြင့် ဒေသတွင်းသွားလာရေး အဆင်ပြေလာ

**လွိုင်လင် ဖေဖော်ဝါရီ ၂၇**

ရှမ်းပြည်နယ် တောင်ပိုင်း လွိုင်လင်မြို့နယ်သည် တောင်ပေါ်ဒေသ၏ မြို့နယ်ဖြစ်ရာ မြို့နယ်အတွင်းရှိကျေးရွာအချို့မှာဝေးလံပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲကြပြီး အချို့ကျေးရွာများသည်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လျက်ရှိသည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ကျေးရွာများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လမ်းတံတားများဖောက်လုပ်ပေးရန် နှစ်စဉ်လွှတ်တော်ရန်ပုံငွေ၊ ဌာနရန်ပုံငွေများတောင်းခံ၍ ဦးစားပေးရွာများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာနှစ်တွင် အိမ်ခစ်-နောင်ဟူးမြေသားလမ်း ၁ ဒသမ ၄ မိုင်၊ ခွင့်ပြုငွေကျပ်သန်း ၃၁ ဒသမ ၁၇၆ ဖြင့် Dragon Power Light Co.,Ltd က လည်းကောင်း၊ စံဖူးကျေးလက် ကျောက်ချောလမ်း တစ်မိုင်ခွင့်ပြုငွေ ကျပ်သန်း ၇၁ ဒသမ ၅၇၃ ဖြင့် ရှမ်းချယ်ရီ တောင်တန်းကုမ္ပဏီတို့က ဆောင်ရွက်လျက်ရှိကြောင်း ကျေးလက်ဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

အိမ်ခစ်ကျေးရွာသည် လွိုင်လင်မြို့၏ အနောက်မြောက်ဘက်တွင် တည်ရှိပြီး လွိုင်လင်မြို့နှင့် ကားလမ်းအတိုင်း သွားပါက ကတ္တရာလမ်း သုံးမိုင်၊ ကျောက်ချောလမ်း လေးမိုင်ခန့်နှင့် ယခု ဖောက်လုပ်ထား သည့် မြေသားလမ်း ၁ဒသမ ၄ မိုင် စုစုပေါင်း ရှစ်မိုင်ခန့်ကွာ ဝေးသည်။ အိမ်ခစ်-နောင်ဟူးမြေသား လမ်း ၁ ဒသမ ၄ မိုင်၊ ခွင့်ပြုငွေကျပ်သန်း ၃၁ ဒသမ ၁၇၆ ဖြင့် Dragon Power Light Co.,Ltd က တာဝန်ယူ ဆောင်ရွက်နေကြောင်း၊ တောင်တက် လမ်းဖြစ်ကာ လမ်းအကျယ် ၂၅ ပေအထိ ဖောက်လုပ်နေကြောင်း ကျေးလက်ဦးစီးဌာနမှ သိရသည်။ လက်ရှိအခြေအနေတွင် လုပ်ငန်းခွင်ဝင်နေသည့် စက်ယန္တရားများ၊ ကျေးလက်ပြည်သူတို့၏ ဆိုင်ကယ်များ ဥဒဟိုသွားနေသည်ကို မြင်တွေ့ခဲ့ရသည်။



အိမ်ခစ်ကျေးရွာသူကြီးဦးထွန်းလှိုင်နှင့်တွေ့ဆုံ၍ သိလိုသည့် အခြေအနေများကိုမေးမြန်းရာ "ဒီရွာမှာ အိမ်ခြေ ၁၃၇ အိမ်ရှိပြီး လူဦးရေ ၆၀၀ ကျော် နေထိုင်ကြ ပါတယ်။ လက်ဖက်စိုက်ပျိုးရေးလုပ်ငန်းက အဓိကဖြစ်ပါတယ်။ ယခင်တုန်းက ကျွန်တော်တို့ရွာကနေ မြို့ကိုသွားဖို့ရာက ခြေကျင်လျှောက်ရပါတယ်။ ဆိုင်ကယ်သွားဖို့လဲ ခက်တယ်။ ကျွန်တော်တို့ရွာနဲ့ အနီးအနားမှာရှိတဲ့ ရွာတွေကတော့ လွယ်ခွန်၊ နောင်နိမ့်၊ အိမ်ခစ်၊ တပ်လိုင်းနဲ့ကုံးလုံးရွာဆိုပြီး ငါးရွာရှိပါတယ်။ ဒီရွာတွေအားလုံးက အခုဒီလမ်းကိုပဲ ယခင်တုန်းကတည်းက အသုံးပြုလာကြပါတယ်" ဟု ပြောပြသည်။

လွိုင်လင်မြို့နယ်သည် တောင်ပတ်လည်ဝန်းရံထားပြီး ပင်လယ်ရေ မျက်နှာပြင် အထက်အမြင့်ပေ ၄၄၄၇ တွင်တည်ရှိသည့် တောင်ပေါ်မြို့ဖြစ်သည်။ လွိုင်လင်မြို့နယ်သည် ပင်လုံမြို့၊ မိုင်းပွန်မြို့တို့ဖြင့် ဖွဲ့စည်းထားသည်။ လွိုင်လင်မြို့နယ်တွင် ကျေးရွာအုပ်စု ၁၉ စု ကျေးရွာပေါင်း ၃၀၅ ရှိသည်။ မြို့နယ်အတွင်းရှိကျေးရွာများတွင် ရှမ်း၊ ပအိုဝ်းတိုင်းရင်းသားများနေထိုင်ကြပြီး မြင့်မားသည့် တောင်ကုန်း၊ တောင်တန်းများတွင် နေထိုင်ကြသည်။

**မိုးလွင်ဦး(လွိုင်လင်)**



## သီပေါမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိစာပြန်ပွဲ အောင်လက်မှတ်ဆက်ကပ်

**သီပေါ ဖေဖော်ဝါရီ ၂၇**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိစာပြန်ပွဲတော်၌ စာအောင်သံဃာတော်များနှင့် သီလရှင်ဆရာလေးများအား အောင်လက်မှတ်ဆက်ကပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က မဟာမြတ်မုနိဘုရားကြီး ရင်ပြင်တော်၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တမိလိန္ဒ အရှင်သူမြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက သာသနာရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ မြို့နယ်ဥက္ကဋ္ဌအဖွဲ့ဝင်အတွင်းရေးမှူး ဦးစိုင်းစိန်လင်းက ရသုံးငွေစာရင်းဆိုင်ရာများကို လည်းကောင်း တင်ပြ လျှောက်ထားကြသည်။

ဆက်လက်၍ ဘုန်းတော်ကြီးကျောင်း ၁၃ ကျောင်းမှ ရှင်သာမဏေ ၂၀၃ ပါးနှင့် ဓမ္မသုခသီလရှင် စာသင်တိုက်၊ ရွှေမောင်းသာသနာ့ဝေပုလသီလရှင် စာသင်တိုက်တို့မှ သီလရှင်ဆရာလေး ၁၀၇ ပါး၊ စုစုပေါင်း ၃၁၁ ပါးတို့ ဝင်ရောက်ဖြေဆိုကြရာ စာအောင်ပုဂ္ဂိုလ်များအား တာဝန်ရှိသူများက အောင်လက်မှတ်နှင့်လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# အရေးပေါ်ကလေးမွေးဖွားခြင်းဆိုင်ရာ အထောက်အကူပစ္စည်းများ ထောက်ပံ့

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၇**

မြန်မာနိုင်ငံကြက်ခြေနီအသင်း မိခင်၊ မွေးကင်းစနှင့် ကလေးငယ်များ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ လူထုအခြေပြု ကျန်းမာရေးဖွံ့ဖြိုးမှု စီမံကိန်းမှ စစ်ကိုင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ကျန်းမာရေးဌာနများသို့ အရေးပေါ်ကလေးမွေးဖွားခြင်းဆိုင်ရာ အခြေခံအထောက်အကူပြု ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဒေါ်မြသူတို့က အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်အတွင်းရှိ ဆေးရုံတစ်ရုံ၊ တိုက်နယ်ဆေးရုံ လေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန လေးခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၅ ခုတို့အား ငွေကျပ် ၃၄၂ သိန်းကျော် တန်ဖိုးရှိ အရေးပေါ်ကလေးမွေးဖွားခြင်း ဆိုင်ရာ အခြေခံအထောက်အကူပြု ပစ္စည်းများအား ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံယူခဲ့ပြီး စစ်ကိုင်းမြို့ ခုတင် ၂၀၀ ဆံ့ အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာခင်ဦးကြည်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**မျိုးဝင်း (စစ်ကိုင်း)**



# ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော် လည်းကောင်း၊ မွေးမြူထားသော ငါးများကိုအစားကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော် လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန် အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခတ်ခြင်း၊ ကမ်းစပ်သို့စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များ မောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့်နည်းလမ်းများ ရေတွင်ပျော်ဝင် အောက်ဆီဂျင်မြင့်တက်စေရေးဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသော ငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်း မပြုရန်။
- ကန်ရေအရောင်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာ အတွင်းရှိနေစေရန် (မိမိလက်ကိုတံတောင်ဆစ်အထိ ရေတွင်နစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဇော်ဖတ်၊ ဝါးဇော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များရှိ၊ မရှိကို ပုံမှန်စစ်ဆေးရန်။
- မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှု အခြေအနေများကို နေ့စဉ်နံနက် ၆ နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ရခိုင်ရှိ ချင်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီမှ ချင်းစာပေများသင်ကြားလျက်ရှိ

**အမ်း ဖေဖော်ဝါရီ ၂၇**

ချင်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရခိုင်ပြည်နယ်)၏ ဆုံးဖြတ်အတည်ပြုချက်ဖြင့် ရခိုင်ပြည်နယ်အတွင်း ပျံ့နှံ့နေထိုင်လျက်ရှိကြသည့် ချင်းတိုင်းရင်းသားလူငယ်များကို ချင်းစာပေများ သင်ကြားပေးလျက်ရှိကြောင်း၊ အမ်းမြို့၌ ကျင်းပမည့် (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ တက်ရောက်ကြသည့် ရခိုင်ပြည်နယ်အတွင်းမှ မင်းပြား၊ မြောက်ဦး၊ ရသေ့တောင်၊ မြေပုံ၊ အမ်း၊ ကျောက်ဖြူ၊ တောင်ကုတ်၊ သံတွဲ၊ ဂွမြို့နယ်များတွင် ပျံ့နှံ့နေထိုင်လျက်ရှိကြသည့် ချင်းလူမျိုးများနှင့် ရန်ကုန်မြို့မှ ရောက်ရှိကြသည့် ချင်းလူမျိုးတို့ တွေ့ဆုံပွဲတွင် ရခိုင်ပြည်နယ် ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးပုန်ဘွေက ပြောကြားသည်။

ချင်းစာပေများကို မျိုးနွယ်စုအလိုက် သင်ရိုးညွှန်းတမ်းများ ရေးသားပြုစုခဲ့ရကြောင်း၊ တောင်ကုတ်နှင့် သံတွဲမြို့နယ်များတွင် ချင်းစာပေကို သင်ကြားပေးလျက်ရှိပြီး မြေပုံ၊ မင်းပြားနှင့် အမ်းမြို့နယ်များတွင် အရှိုချင်းစာပေများကို သင်ကြားပေးလျက်ရှိကာ မြောက်ဦး၊ ရသေ့တောင်မြို့ များတွင်လည်း ချင်းစာပေသင်ကြားပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ချင်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရခိုင်ပြည်နယ်) ကို မင်းပြားမြို့နယ်မှ ကိုယ်စားလှယ် ငါးဦး၊ မြေပုံမြို့နယ်မှ ကိုယ်စားလှယ် ငါးဦး၊ အမ်းမြို့နယ်မှ ကိုယ်စားလှယ် သုံးဦး၊ တောင်ကုတ်မြို့နယ်မှ ကိုယ်စားလှယ်လေးဦးနှင့် သံတွဲမြို့နယ်မှ ကိုယ်စားလှယ်သုံးဦးတို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း သိရသည်။

**မောင်မောင်ကျော့(ပလက်ဝ)**

# တပ်ကုန်းမြို့နယ်၌ အလယ်တန်းအဆင့် ပုံပြောနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပ

**တပ်ကုန်း ဖေဖော်ဝါရီ ၂၇**

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ပြည်သူ့စာကြည့်တိုက်ကို လူထုအခြေပြု စာကြည့်တိုက်အဖြစ် ပိုမိုသိရှိနိုင်ရန် အလယ်တန်းအဆင့်ပုံပြောနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် လူထုအခြေပြုစာကြည့်တိုက်အကြောင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ပြိုင်ပွဲတွင် ပုံပြောပြိုင်ပွဲ ၂၀ ဦး၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၌ ၂၀ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများနှင့် ဝင်ရောက်ယှဉ်ပြိုင်သူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မေသုခ**



အချိန်ကာလသတ်မှတ်ထားပါသည်။
ဒီအထူးအတိုးနှုန်းနဲ့ အခုပဲငွေစုလိုက်ပါ။
9.75%*
INTEREST
FIXED DEPOSIT
FOR THREE MONTHS
နီးစပ်ရာ ဘဏ်ခွဲများမှာ လာရောက် စုံစမ်းနိုင်ပါသည်။
Email: info@yomabank.com | www.yomabank.com
*သက်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ အကျုံးဝင်ပါသည်။ 9.75% p.a.
ရိုးမဘဏ်
ကျင့်ဝတ်မှန်ကန် ရိုးမဘဏ်




Healthcare Call Center
သိလိုသမျှ ကျန်းမာရေး 7887 ဖုန်းဆက်မေး
၂၄ နာရီ ဝန်ဆောင်မှု
Healthcare Call Center
7887
MPT
အထွေထွေရောဂါဝေဒနာများ၊ အထူးကုဆရာဝန်ကြီးများနှင့်ဆေးရုံဆေးခန်းလမ်းညွှန်၊ မျိုးဆက်ပွားကျန်းမာရေး၊
အလှအပနှင့်နေထိုင်မှုပုံစံများ၊ ရင်တွင်းခံစားချက်များစသည့် ကျန်းမာရေးအသိပညာဗဟုသုတများနှင့်ပတ်သက်၍
MPT မိုဘိုင်းလ်ဖုန်းဖြင့် Hotline နံပါတ် 7887 သို့ ခေါ်ဆိုပြီး ဆရာဝန်များနှင့် တိုက်ရိုက်ဆွေးနွေးနိုင်ပါပြီ။
www.healthcare.com.mm

# မွေးနေ့ဆုတောင်း

ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်) ဦးဆောင်နာယကကြီး သုဓမ္မဇောတိဓဇ ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)၏ ၂၈-၂-၂၀၁၇ ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ဘာသာသာသနာအကျိုး မွေးရပ်ဇာတိမြေအကျိုးတို့ကို ချစ်ဇနီး ဒေါ်အေးမွန်ရှိန်နှင့်အတူ ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့** **အလုပ်အမှုဆောင်အဖွဲ့**

**ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)** **ကျောက်တံခါးမြို့**

**ကျောင်းအကျိုးတော်ဆောင်အဖွဲ့**

**အထက၊ ကျောက်တံခါးမြို့**

# မွေးနေ့ဆုတောင်းနှင့်ကျေးဇူးတင်လွှာ

ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်) ဦးဆောင်နာယကကြီး သုဓမ္မဇောတိဓဇ ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)၏ ၂၈-၂-၂၀၁၇ ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ဘာသာသာသနာအကျိုး မွေးရပ်ဇာတိမြေအကျိုးတို့ကို ချစ်ဇနီး ဒေါ်အေးမွန်ရှိန်နှင့်အတူ ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

၂၈-၂-၂၀၁၇ ရက် မွေးနေ့အလှူအဖြစ် ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)နှင့်ချစ်ဇနီး ဒေါ်အေးမွန်ရှိန် မိသားစုတို့မှ ကျောက်တံခါးမြို့ ဖြဟ္မစိုရ်လူမှုရေးကူညီမှုအသင်းသို့ TOYOTA ALPHARD (HSE) ယာဉ်အသစ်တစ်စီးလှူဒါန်းခြင်းအတွက်လည်း ကျောက်တံခါးမြို့သူမြို့သားများကိုယ်စား ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့** **ဝေယျာဝစ္စအဖွဲ့**

**ဖြဟ္မစိုရ်လူမှုရေးကူညီမှုအသင်း** **ဥတ္တမာရုံစာသင်တိုက်ကျောင်း**

**ကျောက်တံခါးမြို့** **ကျောက်တံခါးမြို့**

# (၄၅)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်

ရန်ကုန်မြို့၊ဖိုးစိန်လမ်းနေ ပါကြီး-ဦးတင်မောင်(ဆလက)(ငြိမ်း)၊မေမေ ဒေါ်ခင်အုန်းမြင့်(အလပြ)(ငြိမ်း)တို့၏ ၂၈-၂-၂၀၁၇ရက်တွင် ကျရောက်သော (၄၅)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်နေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာနေထိုင်၍ လောကီ၊ လောကုတ္တရာအကျိုးများ ဆတက်ထမ်းပိုးသယ်ပိုးနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**သမီးကြီး** - ဒေါက်တာသီတာတင်မောင်၊ ထင်ကျော်ကျော် (ခေတ္တ-နယ်သာလန်)
**သား** - မြင့်မောင်မောင်၊ မမြတ်မြတ်မင်း
**သမီးထွေး** - ဒေါက်တာသူဇာတင်မောင်၊ မြတ်မင်းမောင်
**မြေးကြီး** - မဆောင်းအိမ်စည်(ခေတ္တ-နယ်သာလန်)
**မြေး** - မဆောင်းရတီ
**မြေး** - မေမြင့်မြတ်
**မြေး** - မေမင်းမောင်

# ကရင်ဝန်ထမ်းဟောင်းမိသားစုလူမှုရေးအသင်း (K.O.F.A)

## ဒုတိယအကြိမ် နှစ်ပတ်လည်အခမ်းအနားဖိတ်ကြားခြင်း

ကရင်ဝန်ထမ်းဟောင်းမိသားစု လူမှုရေးအသင်း(K.O.F.A) နှစ်ပတ်လည်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၄-၃-၂၀၁၇ ရက် (စနေနေ့)
**အချိန်** - နံနက် ၉း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီ
**နေရာ** - ရွှေရှမ်းကန်၊ အင်းလျားလမ်း
**ဆက်သွယ်ရန်ဖုန်း-၀၉-၆၈၁၈၇၈၀၊ ၀၉-၅၁၃၂၆၃၇၊ ၀၉-၉၇၁၅၇၇၃၃၆**

**ဖောင်းကြွပျောက်ဆုံးကြောင်း ကြေညာခြင်း**

ယာဉ်အမှတ် 4H/8961 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ယောဆရာတော်ကြီး၏ တိပိဋကဘွဲ့ရ(၃၂)နှစ်ပြည့် ကုသိုလ်ပွဲ ရိပ်သာကျောင်းတိုက်တည် (၁၉)နှစ်ပြည့် ဓမ္မအောင်ပွဲ ပူဇော်ပွဲ ပရိယတ္တိစာသင်တိုက်တည် (၆)နှစ်ပြည့် ဓမ္မအောင်ပွဲ ပူဇော်ပွဲနှင့် စာအောင်သံဃာတော်များအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲဖိတ်ကြားလွှာ

ရွှေဥမင်ဆရာတော်မှ ရွှေဥမင်ဓမ္မသုခတောရရိပ်သာကြီးကို တည်ထောင်တော်မူခဲ့၍ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ(ယော)ဆရာတော်ကြီးမှဦးစီးပဓာန နာယကအဖြစ် စီမံအုပ်ချုပ်တော်မူသော ရွှေဥမင်ဓမ္မသုခတောရရိပ်သာနှင့် ပရိယတ္တိစာသင်တိုက်၌ ယောဆရာတော်ကြီး၏ တိပိဋကဘွဲ့ရ (၃၂)နှစ်ပြည့် ကုသိုလ်ပွဲရိပ်သာကျောင်းတိုက်တည် (၁၉)နှစ်ပြည့် ဓမ္မအောင်ပွဲပူဇော်ပွဲ၊ ပရိယတ္တိစာသင်တိုက်တည် (၆)နှစ်ပြည့် ဓမ္မအောင်ပွဲနှင့် စာအောင်သံဃာတော်များအားချီးကျူးဂုဏ်ပြုပူဇော်ပွဲ၊ ဓမ္မဂုဏ်တော်ပူဇော်ပွဲအခမ်းအနားကို ၁၃၇၈ခုနှစ် တပေါင်းလဆန်း ၅ရက်၊ ၂-၃-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၈နာရီတွင် ပင့်သံဃာ ၁၅၀ ပါးနှင့် သီလရှင်ဆရာလေး ၇၅ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူကြပါမည်။ နံနက် ၉နာရီတွင် တိပိဋကဓရ ယောဆရာတော်ကြီးမှရေစက်ချ အနုမောဒနာတရားချီးမြှင့်မည်ဖြစ်ပါ၍ ကျောင်းတိုက်၏ ပစ္စည်း(၄)ပါးဒါယကာ ဒါယိကာမများ၊ ကုသိုလ်ရှင်များကြွရောက်၍ အနုမောဒနာတရားစုပေါင်းနာယူ ကုသိုလ်အမျှရယူကြပါရန် လေးမြတ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျောင်းအကျိုးတော်ဆောင်အဖွဲ့**

## G.T.I ကျောင်းသားဟောင်းများ ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

A.G.T.I Society အသင်းမှ ကြီးမှူးပြီး G.T.I ကျောင်းပေါင်းစုံ ကျောင်းသားဟောင်းများစုပေါင်း၍ အကြိမ်(၃၀)မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ၆-၃-၂၀၁၇ ရက် နံနက် ၁၀း၀၀ နာရီမှ စ၍ ရန်ကုန်မြို့ ပြည်လမ်း ၉မိုင် (မြန်မာ)ဂေါက်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။

ပြိုင်ပွဲဝင်လိုသူများသည် ၅-၃-၂၀၁၇ ရက် ညနေ ၄ နာရီ နောက်ဆုံးထားပြီး A.G.T.I Society ရုံး ဦးခင်ဇ ဖုန်း-၀၁-၅၁၉၈၆၃ သို့ စာရင်းပေးသွင်းနိုင်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**A.G.T.I Society**

## GREAT MASTER CONSTRUCTION CO.,LTD

### အောက်ပါဝန်ထမ်းများအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

| | | |
|---|---|---|
| 1. Decoration (Interior & Exterior) ကျွမ်းကျင် | (M/F) | 10 Post |
| 2. Marketing Staff (အိမ်ခြံမြေလုပ်ငန်းကျွမ်းကျင်သူ) | (F) | 10 Post |
| 3. Office Staff | (M/F) | 10 Post |
| 4. Supervisor | (M) | 10 Post |
| 5. Security | (M/F) | 15 Post |

6. ပန်းရံလုပ်ငန်း ကျွမ်းကျင်လုပ်သားများ (အဖွဲ့လိုက်) ပုတ်ပြတ်ပေးလိုသည်။

အမှတ်စဉ် ၁အတွက် - Engineer ဘွဲ့ရ၊ လုပ်ငန်းအမှန်တကယ်ကျွမ်းကျင်ပြီး လုပ်သက် ၅နှစ်အထက်ရှိသူဖြစ်ရမည်။
အမှတ်စဉ် ၂၊၃အတွက် - လုပ်ငန်းအတွေ့အကြုံရှိပြီး အခြေခံပညာအထက်တန်းအဆင့်ရှိရမည်။ ရပ်ရည်ချောမောပြီး ဆက်ဆံရေးပြေပြစ်ကောင်းမွန်ရမည်။ ဘွဲ့ရဦးစားပေးမည်။
အမှတ်စဉ် ၄အတွက် - အခြေခံပညာအထက်တန်းအဆင့်ရှိရမည်။ ဆောက်လုပ်ရေးလုပ်ငန်းကျွမ်းကျင်ပြီးရိုးသားကြိုးစားသူဖြစ်ရမည်။ အသက် ၂၅နှစ်အထက်ရှိရမည်။
အမှတ်စဉ် ၅အတွက် - အခြေခံပညာအထက်တန်း/အလယ်တန်းအဆင့်ရှိရမည်။ ကျန်းမာသန်စွမ်းပြီး ရိုးသားကြိုးစားသူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဓာတ်ပုံ ၂ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်း၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာတို့နှင့်အတူ ၂၀-၃-၂၀၁၇ရက်နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**လိပ်စာ-** **အခန်းအမှတ်(၇၀၈) ခုနစ်လွှာ၊ လမင်းသာယာကွန်ဒို၊ အမှတ်(၁၃၃) စက်ရုံလမ်းနှင့်ဗိုလ်မင်းရောင်လမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (မင်္ဂလာဈေးမှတ်တိုင်အနီး)**
**ဖုန်း-၀၉-၇၈၇၈၅၀၉၇၄၊ ၀၁-၉၀၀၀၀၃၃ (Ext :0)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၅/မြို့မရှေ့အရပ်၊ ဇဝနဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၂၁၂၂၁)၊ ဧရိယာ ၀ဒသမ ၁၁၀ဧက ဦးခင်မောင်ဆွေ ၁၂/ရကန(နိုင်)၀၀၆၈၆၄ အမည်ပေါက် နှစ်၃၀ မြေငှားဂရန်စာချုပ်မြေကွက်ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်အမှတ်၁၀/၂၀၁၇(၁၇-၂-၂၀၁၇)ဖြင့် အမွေဆက်ခံထားသူ အမည်ပေါက်ဦးခင်မောင်ဆွေ (ကွယ်လွန်)၏ အမွေခံဇနီး ဒေါ်စန်းစန်းထွေး ၁၂/မဘန(နိုင်)၀၇၄၃၈၁ (ဘ) ဦးပြော့မှ မြေငှားစာချုပ်တွင် အမည်ပေါက်ပြောင်းလဲ သတ်မှတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာခရိုင်၊ မုံရွာမြို့၊ ရန်ကင်းရပ်ကွက်၊ အကွက်အမှတ် ၈၂၊အောင်ဇေယျ၊ ဦးပိုင်အမှတ် ၁၃၃၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိမြေကို ဒေါ်သန်းသန်းမြင့် ၉/မထလ(နိုင်)၀၁၁၃၁၂က လွှဲခဲ့သော နှစ် ၂၀ ကျော်ခန့်က ဝယ်ယူခဲ့ကာ အစဉ်တစိုက် နေထိုင်အကျိုးခံစားလျက်ရှိကြောင်း တရားရုံးကျမ်းကျိန်လွှာဖြင့် တင်ပြထားရှိ၍ ဒေါ်သီတာအောင်ချို ၁၄/ပသန(နိုင်)၁၆၄၉၁၄အား ၂၅-၄-၂၀၁၆ရက်တွင် မှတ်ပုံတင်စာချုပ်ချုပ်ဆိုလွှဲပြောင်းရောင်းချခဲ့သဖြင့် အဆိုပါမြေကို ဒေါ်သီတာအောင်ချိုမှ ၎င်းအမည်ဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း၃၀ ပြည့်မြောက်သည့်နေ့အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက် မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ရွှေပါရမီသွေးလှူဒါန်းပွဲ

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် တပည့်ဒါယကာ၊ဒါယိကာမများ၏ (၃၆)ကြိမ်မြောက် ဒါနဥပပါရမီစုပေါင်းသွေးလှူဒါန်းပွဲကို မတ်လ (၅)ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အမျိုးသားသွေးဌာန၌ နံနက် ၈ နာရီမှ မွန်းလွဲ ၂ နာရီအထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ မည်သူမဆို လာရောက်လှူဒါန်းနိုင်ပါသည်။

သွေးလှူဒါန်းသူများအဆင်ပြေစေရန် ၁-၃-၂၀၁၇ နေ့မှစတင်၍ ဖုန်း ၀၁-၃၇၂၇၅၃ သို့ ကြိုတင် စာရင်းပေးသွင်းနိုင်ပါသည်။

## ဥယျာဉ်မှူး

**(ဝင်ခွင့်သင်တန်းများ)**
PGDMA (အလယ်တန်းပြ)
PPTT (အနီးကပ်တန်းခွဲများ)
တာမွေ
**ဖုန်း-၀၉-၅၁၁၄၈၀၄၊ ၀၉-၄၂၀၀၄၂၈၀၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိအလယ်ရပ်၊ လူနေရပ်ကွက် ဇဝနသိဒ္ဓိရပ်ကွက်၊ မြေကွက်အမှတ် ဉ-၇၀၅၇ ရှိ ဒေါ်ညွန့်တင် (ဘ) ဦးတင်လေး ၉/ဥတသ(နိုင်)၀၀၀၃၈၈ အမည်ပေါက် ပါမစ်မြေကွက်အား ဦးဇော်မိုးအောင်(ဘ)ဦးအောင်သိန်း ၁၃/ကလန(နိုင်)၀၇၂၅၈၁ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ /ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပဲခူးမြို့နယ်တရားရုံး**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၂၂**

| | | |
|---|---|---|
| ဦးကျော်သန့်စိုး(ဘ)ဦးစိုးဝင်း | **နှင့်** | ဦးအောင်ငြိမ်း(ဘ)ဦးတင်သန်း |
| ၇/ပခန(နိုင်)၂၂၃၄၀၅ | | TPN-၀၈၂၉၅၆ |
| အမှတ်(၃၄၅)၊ ဗထူးလမ်းမကြီး၊ | | အမှတ်(၁၂၂)၊ (၈)ရပ်ကွက်၊ |
| ဥဿာမြို့သစ်၊ရပ်ကွက်ကြီး(၁)၊ပဲခူးမြို့ | | ဥဿာမြို့သစ်၊ ပဲခူးမြို့ |
| **တရားလို** | | **တရားပြိုင်** |

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ရပ်ကွက်ကြီး(၈)၊ အမှတ်(၁၂၂)နေ ဦးအောင်ငြိမ်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၃)၊ မြေကွက်အမှတ်(၇)၊ အိမ်ကွက်အမှတ်(၃၈၆)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက ပေ(၄၀×၆၀)အကျယ်အဝန်းရှိသော ခြံမြေနှင့်အိမ်အား လက်ရှိထားပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် သင့်ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် မတ် ၇ ရက် (၁၃၇၈ ခုနှစ် တပေါင်းလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ပါအမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်စေရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။ **(နော်စေးစေးဝါးဖိုး)**

**တွဲဖက်မြို့နယ်တရားသူကြီး**
**ပဲခူးမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ပဲခူးမြို့နယ်တရားရုံး**
**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၂၄**

| | | |
|---|---|---|
| ဦးနိုင်ထွန်း(ဘ)ဦးစံသိန်း | **နှင့်** | ဦးသန်းချစ် |
| ၇/ပခန(နိုင်)၀၀၀၁၃၃ | | ၇/ပခန(နိုင်)၀၀၇၇၄၇ |
| အမှတ် (၄၁၀-A)၊ရန်ကုန်-မန္တလေး ကားလမ်းမ၊ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၇)၊ ပဲခူးမြို့ | | အမှတ်(၄၁၀-B)ရန်ကုန်-မန္တလေး ကားလမ်းမ၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၇)၊ ပဲခူးမြို့ |
| **တရားလို** | | **တရားပြိုင်** |

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၇)၊ အမှတ်(၄၁၀-B)နေ ဦးသန်းချစ်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၇)၊ မြေကွက်ကြီးအမှတ်(၁)၊ ဦးပိုင်မှတ်(၄၁၀-A)၊ ဧရိယာ ၀ဒသမ၀၉၂ဧက၊ (၁၀၀×၄၀)ပေအကျယ်အဝန်းရှိသော ခြံမြေနှင့်အိမ်အား လက်ရှိထားပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် မတ် ၈ရက် (၁၃၇၈ခုနှစ် တပေါင်းလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူများမှ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(လွင်မိုးထွေး)**

**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပဲခူးမြို့နယ်တရားရုံး**

## အမည်ပြောင်း

ဦးအောင်သီဟ၏ သားဖြစ်သူ မောင်စစ်မှူးခန့်အောင် (အဋ္ဌမတန်း၊ အထက(၆)၊ နေပြည်တော်)အား မောင်အောင်ဝေယံမှူးဟုလည်းကောင်း၊ သမီး မအိမ့်ကြယ်စင်မှူး (တတိယတန်း၊ အထက(၆)၊ နေပြည်တော်) အား မထက်မှူးခင်ဟု လည်းကောင်း အမည်ပြောင်းလဲခေါ်ပါရန်။

## ရွှေကြေးဖည် မှ ကျိုက်ထီးရိုး/ဖော်တင်ခွန်း

- အလောင်းတော်ကဿပ၊ မုံရွာ၊ စစ်ကိုင်း၊ ကျောက်စိမ်း ဆက်၍ – မန္တလေး၊ ပြင်ဦးလွင်အန်
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ်စမ်းလိုဏ်ဂူ ဆက်၍ –(လွိုင်ကော်၊ ထီးဆဲခါး)(မန္တလေး၊ ပြင်ဦးလွင်)(ပုဂံ၊ ပုပ္ပါး)
- ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ–သီဟိုဠ်ရှင်
- ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ၊ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်းဘုရား
- ကျိုက္ကမီ၊ ဖော်လမြိုင်၊ စက်စဲ၊ ဘွားလပို့တောင် –(ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်)
- (မြဝတီ+မဲဆောက်)(အင်းတော်ကြီး၊ မန်းမောက်၊ ဇလုံတောင်၊ မြစ်ကြီးနား၊ မြစ်ဆုံ(၅)ရက်။ Mar3,10

အပတ်စဉ် သွားကြ

01-240860/01-372290 ဖုန်း 09-49282825,09-43202968,09-262784651

## သန္တိသုခ ၏ သကြံန်ခရီးစဉ်များ

| | |
|---|---|
| ✦ တောင်ကြီး–အင်းလေး–ပင်းတယ–ကလော | APR 12 |
| ✦ ထားဝယ်–ရှင်ကိုးရှင်၊ ကချနာပူရီ၊ မြဘုရား | APR 12 |
| ✦ ထားဝယ်–ရှင်ကိုးရှင်–မြိတ်ကျွန်းစု | APR 12 |
| ✦ မြိတ်ဖော်တင်ခွန်း + ဂေါရင်ကျွန်း | APR 13 |

CAR RENTAL ခရီးစဉ်အမျိုးမျိုးအတွက် ကားမျိုးစုံ ငှါးရမ်းသည်။

တိုက်(၂)၊ အခန်း–၂၀၆၊ မြို့ပြဟောင်ဒ်အိမ်ယာ၊ ၈–မိုင်၊ မရမ်းကုန်း။

09 4210 14940, 09 4210 68050, 09 303 46835

## COMFORT LIFE ENGINEERING GROUP

AIR -CON ၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်

Split type Air - Con တပ်ဆင်ပြီးဈေးနှုန်း

1H.P 265000 Ks

1.5 H.P 325000 Ks

Compressor 3 years Warranty

ပါဝင်သောပစ္စည်းများ–

ကြေးပိုက် (၁၀)ပေ၊ ရေပိုက် (၁၀)ပေ၊ ဖရိန်၊ Safeguard တပ်ဆင်ခ၊ ကားခ

Ph: 09 - 259089771, 09 459266294 (သုဝဏ္ဏ)

---

- စည်းကမ်းကို အုတ်မြစ်ချသည်၊ စနစ်ကို တည်ဆောက်သည်၊ ပညာဖြင့် အလှဆင်သည်။
- လာပါ၊ လေ့လာပါ၊ နှိုင်းယှဉ်ပါ၊ သာတယ်ထင်မှ အပ်ပါ။

**ဒေါက်တာအောင်မျိုးမင်း နှင့် ဦးထွန်းအောင်ကျော် ဦးစီးသော...**

# UEC

ကက–၁၃/၂၂/၂၃

**United Education Centre**

**ကိုယ်ပိုင်အထက်တန်းကျောင်း**

**KG - Grade 10**

**အဆင့်မြင့်ဘော်ဒါ နှင့် DAY CAMP**




မောင်လွင်မင်းသိန်း
ဆကရ - ၁၄၄၂ (ဘာသာစုံဂုဏ်ထူးရှင်)

## ၂၀၁၅–၁၆ ပညာသင်နှစ် ထူးချွန်ကျောင်းသား၊ ကျောင်းသူများ



မောင်လွင်မင်းသိန်း ဆကရ–၁၄၄၂ (ဘာသာစုံဂုဏ်ထူးရှင်)

မောင်စိုင်းဝေဘုန်းမြတ် ဆကရ–၁၄၃၁ (မြန်မာ၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ)

မဖေဆက်ခင် ဆကရ–၀၄၀၉ (အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ)

မောင်သက်ဝင်းမောင် ဆကရ–၁၄၃၃ (မြန်မာ၊ ဓာတု၊ ရူပ၊ ဇီဝ)

မကြည်ဖြူအေးချမ်း ဆကရ–၁၄၁၂ (မြန်မာ၊ ဓာတု၊ ရူပ၊ ဇီဝ)

## ၂၀၁၇ – ၁၈ ပညာသင်နှစ် အတွက် ကျောင်းအပ်လက်ခံပြီ။

**အဆင့်မြင့်ဘော်ဒါ** – ၇၊ ၈၊ ၉၊ ၁၀ တန်းများအတွက် ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးသန့်ထားရှိသည်။ တည်ထောင်သူများကိုယ်တိုင် အဆောင်များတွင် အနီးကပ် နေထိုင်စောင့်ရှောက်သည်။ Air-con တပ်အိပ်ခန်းများ နှင့် စာသင်ခန်းများ ထားရှိသည်။

**DAY CAMP** – (၄)တန်းမှ တက္ကသိုလ်ဝင်တန်းအထိ SPECIAL CAMP တန်းများ ဖွင့်လှစ်သည်။ အိမ်တွင် မိမိရင်သွေးအား ပြန်မကြည့်နိုင်သော မိဘများအတွက် ရည်ရွယ်သည်။ သင်ကြား၊ လေ့ကျင့်၊ ဖြေဆိုမှုပြည့်စုံ၍ ကျူရှင်ထပ်ယူရန် မလိုတော့ပါ။

**မူလတန်း၊ အလယ်တန်း** – English 4-skills ၊ ပန်းချီ၊ ကွန်ပျူတာ၊ Kids invent စသော Extracurricular Activities များ ပါဝင်သည်။

- Limited Class size များဖြစ်ပါသဖြင့် ကြိုတင်အပ်နှံမှ နေရာသေချာမည်။ (ကျောင်းကားရှိသည်။)
- (၄) ထပ်အဆင့်မြင့်ကျောင်းဆောင်သစ်ကြီး၏ Air-con တပ်စာသင်ခန်းကျယ်ကြီးများတွင်ပျော်ရွှင်ချမ်းမြေ့စွာသင်ကြားစေမည်။

ကျောင်း ● အမှတ် (၄၁)၊ ရွှေရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 09 7800 20647, 09 7938 93725, 09 51 57988, 09 51 62238

ကျောင်းသူဆောင် ● မြေအမှတ် (၁၅ A နှင့် B) စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းသားဆောင် ● မြေအမှတ် (၄) စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

---

# EDGE®

# ပညာရေးလမ်းညွှန်

EDUCATION DIRECTORY & GUIDE for EVERYONE




**၂၀၁၇ အတွက်... ကြော်ငြာများထည့်သွင်းလိုပါက**

www.edge.com.mm

YGN
Hot Line : 09 44800 1662
Email: ydg.adv@mmrdpub.com

MDY
Hot Line : 02 4000611
Email: mdg.adv@mmrdpub.com

MMRD

---

MMRD မြန်မာ့စက်မှုလုပ်ငန်းများလမ်းညွှန်

**သင့်လုပ်ငန်းအတွက် အကောင်းဆုံးလမ်းညွှန်**

# Myanmar Industries Directory



Print 2017-18

www.industrialdirectory.com.mm

https://www.facebook.com/mmindustry

**၂၀၁၇ အတွက် ကြော်ငြာများထည့်သွင်းလိုပါက**

YGN
Hot Line : 09 44800 1662
Email: ydg.adv@mmrdpub.com

MDY
Hot Line : 02 4000611
Email: mdg.adv@mmrdpub.com

**ကား** မျိုးစုံ

Alphard,Hiace ၉/၁၃ယောက်စီး၊၂၄/၂၉/၃၃/၄၅ယောက်စီးများကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များ၊ ကိုယ်တိုင်ချိုသာသောဈေးနှုန်းဖြင့် အငှားလိုက်ပါသည်။

Ph: 09795549249,09541816
09-795546884

**ဒဂုံမြို့သစ်**

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

**ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ပညာရေး ဘော်ဒါ**

(သူငယ်တန်း မှ တက္ကသိုလ်ဝင်တန်းအထိ)

IDEAL CLASS EDUCATION CENTRE

# iCEC

“စံ”ပညာ့ရိပ်သာ (လှိုင်)
ခြံအမှတ်(၂)၊ ရွာမကျောင်းလမ်း၊ ဗဟိုလမ်းအနီး၊ လှိုင်မြို့နယ်။
Tel : 09 3005 9147, 09 3005 9148, 09 7958 86818, 09-2559 65938

“စံပြ”ကျောင်း (တာမွေ)
(A-5)မေတ္တာရိပ်မွန်အိမ်ရာ၊ သမိန်ဗရမ်းလမ်း၊ နတ်ချောင်းရပ်၊ တာမွေ။
Tel : 09 731 66911, 09 731 62577, 09 2559 65939, 09 7996 43183

“စံမီ”ကျောင်း (လှိုင်သာယာ)
အမှတ်(၆၉၁/ခ-၂) ညောင်တုန်းလမ်းနှင့် ကျန်စစ်သားလမ်းထောင့် လှိုင်သာယာမြို့နယ်။ ရုံးရှေ့မှတ်တိုင်(ယခင်-ဝင်းသူဇာဆိုင်)
Tel : 09 7852 74023, 09 7998 62303, 09 7904 90781

Website : www.icecprivateschool.com

သူငယ်တန်း မှ တက္ကသိုလ်ဝင်တန်းအထိ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် iCEC ကျောင်းခွဲအားလုံးတွင် ကျောင်းအပ်လက်ခံနေပြီ။



လူတကာစွဲမက်တဲ့

# ဇွဲထက်

စိန်ရွှေရတနာဆိုင်

ဆိုင်အမှတ်(၅)ကို တန်ဖိုး(၃၀၀၀၀)ကျပ်နဲ့အထက် ဝယ်ယူသော ဧည့်သည်တော်များ ပလာမပါ ကံစမ်းမဲအစီအစဉ်ဖြင့်

ရန်ကုန်မြို့ တွင် (၉.၃.၂၀၁၇) ရက်နေ့ ဖွင့်မည်။

Zwe Htet Gold & Jewellery Shop



JEWEL HOTEL Yangon

**ဂျူးဝဲလ်ဟိုတယ်**
မှ
အထူးသက်သာသော
နှုန်းထားများဖြင့်
ပြည်တွင်း/ပြည်ပ
ဧည့်သည်တော်ကြီးများကို
ကြိုဆိုလျက်ရှိပါသည်။

No.150(D), Corner of University Avenue & Kabaaye Pagoda Road, Bahan Township, Yangon, Myanmar.
Tel : 95 1 541051, 541503, 549345 Fax : 95 1 543174

**အောင်သရဖူ**
အိမ်ပြောင်း၊ အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏ အိမ်ခန်း၊ ရုံးခန်းများ ပြောင်းရွှေ့ခြင်းအတွက် အလုပ်သမား နှင့် ကား စီစဉ်ပေးသည်။
အမှတ်-၁၈၃၊ မြေယမုံအိမ်ရာ၊ လေးထောင့်ကန်လမ်း၊
09254009334,
09254009335,
09254009336

မာ်
**SEVEN စံ**
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊
တောင်ပိုင်းရှိ မြေကွက်များ
ရောင်းလိုပါသလား ?
အိမ်အရောက်ငွေပေးချေသည်။
“ပွဲခ လုံး၀ မယူပါ”
09-33 333 511
09-33 333 514
09-33 333 644

**မိုးသဇင်**
ဒဂုံမြို့သစ်အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ
ဝယ်လိုသည်။
09-5106146
09-73157746

အင်တာနက် ခေတ်မှာ အင်္ဂလိပ်စာ တတ်မှ ဖြစ်မယ်

**ဂုဏ်ထူး ဦးအောင်ခိုင်**

၆နွှ March 8

Grammar & Essay (သဒ္ဒါ + စာစီစာကုံး)
English Speaking (အင်္ဂလိပ် စကားပြော)

ဒေါ်စန္ဒာအောင်ခိုင်
B.A ( English )
Diploma in Travel & Tourism
City College of San Francisco

၂၇၂ ပန်းဆိုးတန်း။ 01 252 919 ပညာနန်းတော်၊ သု၀ဏ္ဏ။ 09 798 44 33 20




Hot Fare has limited availability, until sold out. Hot Fare is one way Economy Starter fare (including airport taxes and fees) with 7kg carry-on baggage only. Selected travel periods and seat availability apply. Availability is limited (not available on all flights, school holidays and weekends). Conditions apply, including Jetstar's Conditions of Carriage. Jetstar Asia Airways Pte Ltd.

**ထွန်းခန့်မောင်**
ညီအစ်ကို
ဒဂုံမြို့သစ်အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းရှိ မြေကွက်များ
ဝယ်လိုသည်။
09 -250009921
09 -425033582


အ၀လွန်၍ စိတ်ညစ်နေသူများ ဗိုက်ပူခါးတုတ်၍ အလိုမကျဖြစ်နေသူများအတွက်
မလိုအပ်သော သွေးထဲမှ အဆီများ အသားထဲမှ
အဆီများကို ဖယ်ထုတ်ပေးပြီး ကိုယ်ခန္ဓာကို ကျစ်လျစ်သွားစေသည့်



ကေသီပန်
**မြတ်သုခ**
အမှတ်တံဆိပ်
အဆီကျဆေး
နေ့စဉ်သုံးစွဲခြင်းဖြင့် တစ်လအတွင်း သိသာစွာ ကျစ်လျစ်ပေါ့ပါးသွားစေပါမည်။
ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
ယခုလိပ်စာအသစ် ။ ။ ခြံအမှတ် 4C(A)၊ အေးသာယာလမ်း၊ ဘောက်ထော်။
ဖုန်း-၀၁-၄၀၁၁၀၀၊ ၀၁-၅၄၅၂၅၉၊ ၀၁-၈၆၀၄၃၆၆

## ပညာရေးနှင့် ခရီးသွားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

စာမျက်နှာ - ၄



# ကန်ပက်လက်နှင့် မင်းတပ်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကန်ပက်လက်မြို့ ၂၅ ခုတင်ဆံ့ မြို့နယ်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူများအား ထောက်ပံ့ငွေများ ပေးအပ်စဉ်

**မင်းတပ် ဖေဖော်ဝါရီ ၂၇**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယမန်နေ့က ချင်းပြည်နယ် ကန်ပက်လက်မြို့နှင့် မင်းတပ်မြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတသည် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ဒေါက်တာထွန်းနိုင်တို့နှင့်အတူ ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်မှ ပုဂံညောင်ဦးလေဆိပ်သို့ ရောက်ရှိပြီး ထိုမှတစ်ဆင့် ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ဆက်လက်ထွက်ခွာကြရာ ချင်းပြည်နယ် ကန်ပက်လက်မြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ကန်ပက်လက်မြို့ ၂၅ ခုတင်ဆံ့ မြို့နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်း ကုသဆောင်များနှင့် ဆေးရုံတိုးချဲ့ဆောင်တည်ဆောက်မည့်နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးကုသမှုခံယူနေသူများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဆော်လောင်းကျေးရွာ၌ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းဆောင်ရွက်နေမှု၊ ခရီးသွားဧည့်သည်များအတွက် ရိုးရာပုံစံတည်းခိုခန်းများ တည်ဆောက်ထားမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ဆော်လောင်းကျေးရွာသည် ကန်ပက်လက်မြို့မှ တစ်မိုင်အကွာ၌ တည်ရှိပြီး ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း(CBT)ကို Forever Top Company နှင့် ကျေးရွာလူထုတို့ ပူးပေါင်းပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

ဆော်လောင်းကျေးရွာ CBT အဆောက်အအုံ၌ ဧည့်သည် ၁၂ ဦး တစ်ပြိုင်တည်း တည်းခိုနေထိုင်နိုင်သည့် လုံးချင်းအိမ် ၆ လုံးနှင့် စားသောက်ဆောင်တစ်ခုတို့ ပါရှိသည်။ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းမှရရှိသည့် ဝင်ငွေများအနက် ၈၀ ရာခိုင်နှုန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ၏ လိုအပ်ချက်များတွင် အသုံးပြုပြီး ရင်းနှီးမြှုပ်နှံလုပ်ကိုင်သူက ၂၀ ရာခိုင်နှုန်း ခွဲဝေရရှိမည်ဖြစ်သည်။

*စာမျက်နှာ ၅ ကော်လံ ၁* ✲



ရှိုင်းသူရ

## မြန်မာဘောလုံးသမားများ ပြည်ပအသင်းများတွင် ကစားလျက်ရှိ

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ပရော်ဖက်ရှင်နယ်လိဂ်ဖြစ်သည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို ၂၀၀၉ ခုနှစ်က စတင်ကျင်းပခဲ့ပြီး ပြည်ပကစားသမားများ နှစ်စဉ်လာရောက်ကစားလျက်ရှိသော်လည်း မြန်မာကစားသမားများ ပြည်ပထွက်ကစားနိုင်မှုမှာ နည်းပါးခဲ့သည်။ သို့သော် ယခုရာသီတွင် မြန်မာကစားသမား လေးဦးအထိ ပြည်ပထွက်ကစားနိုင်ခြင်းမှာ မြန်မာ့ဘောလုံးလောကအတွက် အလားအလာကောင်းပင်ဖြစ်သည်။

*စာမျက်နှာ ၆ ကော်လံ ၅* ✲

## ဟဲဟိုးမြို့၌ ငွေကျပ်သိန်းပေါင်း ၆၀၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆၀ ဒသမ ၅ သိန်း ဖမ်းဆီးရမိ

စာမျက်နှာ - ၁၃



